# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။ **ယမကဝဂ် (ဓမ္မပဒ - ၁၂)**


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်နေ့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၀၄)


# မြန်မာနိုင်ငံ၏ဘတ်ဂျက် ရေးဆွဲရေးဆိုင်ရာကိစ္စနှင့်အခွန်ကောက်ခံမှုကိစ္စများ ဆွေးနွေး

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Soros Fund Management ဥက္ကဋ္ဌအား တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် Soros Fund Management ဥက္ကဋ္ဌ Mr. George Soros နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ဘတ်ဂျက်ရေးဆွဲရေးဆိုင်ရာကိစ္စ၊ အခွန်ကောက်ခံမှုကိစ္စ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်လျှော့ချရေးနှင့် သုံးစွဲသူများအား ပြန်လည်ထူထောင်ရေးကိစ္စ၊ ကျောက်မျက် တူးဖော်ထုတ်လုပ်မှု လုပ်ငန်းကိစ္စရပ်များတွင် နည်းပညာ အကူအညီများ ပံ့ပိုးပေးနိုင်ရေး ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Soros Fund Management ဥက္ကဋ္ဌ Mr. George Soros နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**

(သတင်းစဉ်)

## ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခွင့်နှင့် ရပ်နားထားရမည့်နေ့ရက်နှင့် အချိန် အသိပေးချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁ / ၂၀၁၇)**
**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )**

**ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခွင့်နှင့် ရပ်နားထားရမည့်နေ့ရက်နှင့်အချိန် အသိပေးချက်ထုတ်ပြန်ခြင်း**

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကြားဖြတ်ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းပြီး အောင်မြင်စေရေးအတွက် မဲဆွယ်စည်းရုံးမှုများပြုလုပ်ရာတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for political parties and candidates) ကို လေးစားလိုက်နာဆောင်ရွက်ကြမည်ဖြစ်ကြောင်း ၃-၁-၂၀၁၇ ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးပွဲတွင် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်လောင်းများက သဘောတူဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **(၁၀-၁-၂၀၁၇ ရက်နေ့ နံနက် ၀၆း၀၀ နာရီ မှ ၃၀-၃-၂၀၁၇ ရက်နေ့ ည ၁၂း၀၀ နာရီအထိ)** ခွင့်ပြုပါသည်။ **၃၀-၃-၂၀၁၇ ရက်နေ့ ည ၁၂း၀၀ နာရီအချိန် မှ ၁-၄-၂၀၁၇ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက် ၃၀-၃-၂၀၁၇ ရက်နေ့ ည ၁၂း၀၀ အချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည် ဖြစ်ပါသည်။ သတ်မှတ်ချိန်အထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ/ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ပြီး ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




မြန်မာ့အလင်း

# ဒီမိုကရေစီနိုင်ငံတော်နှင့် ဒီမိုကရေစီစိတ်ဓာတ်

ဒီမိုကရေစီစိတ်ဓာတ်ဟူသည် နိုင်ငံသူ နိုင်ငံသားတို့က နိုင်ငံတော်အတွက် ထမ်းဆောင်သင့်ထမ်းဆောင်ထိုက်သော တာဝန်ဝတ္တရားတို့ကို ထမ်းဆောင်ခြင်းဖြစ်ပါသည်။ ထမ်းဆောင်သင့်ထမ်းဆောင်ထိုက်သော တာဝန်ဝတ္တရားဟုဆိုရာ၌ နိုင်ငံတော်အပေါ် ရှိသင့် ရှိထိုက်သောစိတ်ဓာတ်ခံယူချက်တို့ ထားရှိခြင်းလည်းပါဝင်ပါသည်။ ဒီမိုကရေစီစိတ်ဓာတ်သည် လူမျိုးတစ်မျိုး၏ဗီဇစရိုက်နှင့် သက်ဆိုင်ခြင်းမရှိဟု ယူဆပါသည်။ စနစ်ကျမှန်ကန်သော ပြုစုပျိုးထောင်မှုနှင့် ပတ်ဝန်းကျင်ကောင်းတို့ရရှိသော ကလေးလူငယ်တို့သည် နိုင်ငံသူ နိုင်ငံသားကောင်းများအဖြစ် ကြီးပြင်းလာကြပါသည်။ ဤကဲ့သို့သော ပြုစုပျိုးထောင်မှုနှင့် ပတ်ဝန်းကျင်ကောင်းတို့ကို မရရှိသောကလေးလူငယ်တို့သည် လူမျိုးတစ်မျိုးတည်းဖြစ်ပါလျက် နိုင်ငံသူ နိုင်ငံသားကောင်းများအဖြစ် ကြီးပြင်းလာကြမည် မဟုတ်သည်မှာ အထင်အရှားဖြစ်ပါသည်။

နိုင်ငံတော်က စနစ်ကျမှန်ကန်သောပြုစုပျိုးထောင်မှုနှင့် ပတ်ဝန်းကျင်ကောင်းတို့ကို ဖန်တီးပေးရမည်ဖြစ်သော်လည်း နိုင်ငံသူ နိုင်ငံသားတစ်ဦးချင်း၌လည်း မျိုးဆက်သစ် ကလေးလူငယ်တို့အား ပြုစုပျိုးထောင်ပေးရန်နှင့် ဖြစ်နိုင်သမျှ ပတ်ဝန်းကျင်ကောင်းဖန်တီးပေးရန် တာဝန်ရှိပါသည်။ မြို့တော်စည်ပင်သာယာရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်သူလူထုကြား ပြောဆိုဝေဖန်မှုများကို မြင်တွေ့ကြားသိနေရပါသည်။ ထိုကဲ့သို့သော ပြောဆိုဝေဖန်မှုများကိုကြိုဆိုရမည်ဖြစ်သော်လည်း ပြည်သူလူထုအနေဖြင့်လည်း မိမိတို့ တစ်ဦးချင်းတာဝန်ယူနိုင်သော ကိစ္စရပ်တို့ကို တာဝန်ယူဆောင်ရွက်ရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် မိမိတို့၏ ကလေးငယ်တို့အား အမှိုက်တို့ကို စနစ်တကျစွန့်ပစ်ရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သကဲ့သို့ ထိုသို့စွန့်ပစ်နိုင်ရန်လည်း စနစ်တကျ စီစဉ်ထားရှိပေးရမည်ဖြစ်ပါသည်။ နိုင်ငံတော်ကလည်း ရပ်ကွက်တိုင်း၊ ရပ်ကွက်တိုင်း၌အမှိုက်တို့ကို စနစ်တကျ စွန့်ပစ်နိုင်ရန် စီစဉ်ထားရှိပေးရမည်ဖြစ်သကဲ့သို့စနစ်တကျလည်း သိမ်းယူရမည်ဖြစ်ပါသည်။ ပြုစုပျိုးထောင်မှုနှင့်ပတ်ဝန်းကျင်ကောင်းကို ဤကဲ့သို့ စနစ်တကျပေါင်းစပ်အကောင်အထည်ဖော်နိုင်မှသာ တာဝန်ဝတ္တရားကျေပွန်သော နိုင်ငံသူ နိုင်ငံသားတို့ကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် မှန်မှန်ကန်ကန် ဂုဏ်ယူလေးစားသောစိတ်ဓာတ်ခံယူချက်သည် နိုင်ငံသူ နိုင်ငံသားကောင်းဖြစ်မြောက်လိုစိတ်ကို အားပေးမြှင့်တင်ပေးပါသည်။ သို့ဖြစ်၍ တိုင်းပြည်၏ မျိုးဆက်သစ်ကလေးလူငယ်တို့အား တိုင်းပြည်၏အတိတ်သမိုင်းအပေါ် နားလည်ဂုဏ်ယူတတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံတော်ဟူသည် နိုင်ငံသူ နိုင်ငံသားတို့၏ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုင်းပြည်ထူထောင်ခြင်းဖြစ်၍ နိုင်ငံသူ နိုင်ငံသားတိုင်း၌ ဒီမိုကရေစီစိတ်ဓာတ် တည်ရှိခိုင်မြဲနေရန်လိုအပ်ပါသည်။ ဤအဆက်အစပ်ကို နှလုံးသွင်းလျက် နိုင်ငံသူ နိုင်ငံသားတိုင်းက ဒီမိုကရေစီစိတ်ဓာတ် ပြုစုပျိုးထောင်ခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# တောင်သူများ၏ ဝင်ငွေပိုမိုတိုးတက်စေရေး ပဲမျိုးစုံသီးနှံကို အထူးစိုက်ပျိုးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ၏ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးရာသီ၌ စိုက်ဧက ၄ ဒသမ ၁၄ သန်းနှင့် ဆောင်းရာသီ၌ ၇ ဒသမ ၄၇ ဧကသန်း၊ စုစုပေါင်း ပဲမျိုးစုံဧရိယာဧကသန်းပေါင်း ၁၁ ဒသမ ၅ သန်းစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းတင်းပေါင်း ၁၉၅ သန်းခန့်ထွက်ရှိခဲ့ကြောင်း ဇန်နဝါရီ ၁၀ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စက်စက်ယိုစိုက်ကွင်း၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် Tropical Biotechnology Ltd. တို့ ပူးပေါင်းဆောင်ရွက်သည့် အပူပိုင်းဇုန်မိုးသီးနှံမျိုးသစ်များကွင်းပြပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ပဲမျိုးစုံသီးနှံသည် မြန်မာ့တောင်သူများအတွက် အရေးကြီးသည့်သီးနှံတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံ၏နိုင်ငံခြားဝင်ငွေကို လယ်ယာသီးနှံပို့ကုန်များအနက် အများဆုံးဝင်ငွေရှာဖွေပေးလျက်ရှိသည့် သီးနှံဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် လယ်ယာသီးနှံများ၏ နိုင်ငံခြားဝင်ငွေစုစုပေါင်းဒေါ်လာသန်းပေါင်း ၂၅၄၇ သန်းအနက် ပဲမျိုးစုံမှ ၁၂၀၅ ဒေါ်လာသန်းကျော်ဝင်ငွေရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့်စုစုပေါင်းလယ်ယာကဏ္ဍဝင်ငွေ၏ ၄၆ ရာခိုင်နှုန်းကို ပဲမျိုးစုံမှရရှိခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်နိုင်သည့် ရာသီဥတုနှင့် ရေမြေအနေအထားများအခြေအနေပေးသည့်အတွက်ကြောင့် တစ်နှစ်ပြီးတစ်နှစ် ပဲများတိုးထုတ်နိုင်ကြောင်း၊ ရှေးနှစ်ပေါင်းများစွာကတည်းက ယနေ့ထိပဲအမျိုးအစားပေါင်း ၄၀ ကျော်စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ယခုအခါ ပြည်ပနိုင်ငံ ၅၀ ကျော်သို့ ပဲမျိုးစုံတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

“တောင်သူတွေအနေနဲ့ နိုင်ငံခြားတင်ပို့တဲ့အခါမှာ အရည်အသွေးကောင်းမွန်ဖို့ အထူးဆောင်ရွက်ရန်လိုပါတယ်။ အရည်အသွေးကောင်းဖို့နဲ့ မျိုးကောင်းမျိုးသန့်များသုံးဖို့၊ သွင်းအားစုများအချိုးကိုက်၊ အချိန်မှန်သုံးဖို့၊ မရိတ်သိမ်းခင်နဲ့ ရိတ်သိမ်းပြီးမှာဆောင်ရွက်ရမယ့်အချက်တွေကို တိကျစွာလိုက်နာဖို့အထူးလိုအပ်ပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်အခြေအနေအရမြန်မာ့ပဲကို အရင်ရောင်းနေကျ ဈေးကွက်အပြင် အဆင့်မြင့်ဈေးကွက်ကြီးတွေက လာရောက်ဝယ်ယူလျက်ရှိတာမို့ အရည်အသွေးပိုင်းကောင်းအောင် ဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။ အခုလည်း ပဲမျိုးစုံအပါအဝင် သီးနှံ ၁၄ မျိုးရဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေ မြန်မာဂျီအေပီ Guideline ထုတ်ပြန်နိုင်ရေးအတွက် ရေးသားပြုစုလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေမှာ မြန်မာဂျီအေပီ Guideline နဲ့အညီ စိုက်ပျိုးသွားကြမယ်ဆိုရင် ဘေးအန္တရာယ်ကင်းတဲ့သီးနှံတွေ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး တောင်သူတွေရဲ့ဝင်ငွေလည်း ယခုထက်ပိုမိုတိုးတက်လာနိုင်တာကြောင့် ပဲမျိုးစုံသီးနှံစိုက်ပျိုးရေးကို အထူးကြိုးစားထုတ်လုပ်သွားကြပါ” ဟု တက်ရောက်လာသော တောင်သူများအား ဝန်ကြီးကပြောသည်။



မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ အဓိကတင်ပို့လျက်ရှိသည့်ပဲမျိုးများမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံနှင့် ကုလားပဲ တို့ဖြစ်ပြီး နိုင်ငံခြားတင်ပို့မှု အလားအလာရှိသည့် ပဲမျိုးများမှာ ပဲပုပ်၊ ပဲလွမ်း၊ ထောပတ်ပဲနှင့် မြေထောက်ပဲတို့ဖြစ်ကြောင်း၊ ထိုသို့တင်ပို့ရာတွင် ၂၀၁၅-၂၀၁၆ ခုနှစ်ပျမ်းမျှ ပဲတစ်တန် ၃၁ တင်း ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၅၀၀ မှ ၁၇၈၀ အထိဈေးရှိခဲ့ပြီး ပဲတစ်တင်းအနိမ့်ဆုံးဈေးနှုန်းမှာငွေကျပ် ၁၉၇၅၀ မှ ငွေကျပ် ၆၈၉၀၀ အထိ ရှိခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ Tropical Biotechnology လီမိတက်မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများနှင့် မြို့နယ်အသီးသီးမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

**သတင်း-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သိန်း**

# သုံးခွမြို့မှ အောင်မြေလောကသွန်းဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**သုံးခွ ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၂)နှင့် (၄)ရပ်ကွက်တွင်တည်ရှိသော အောင်မြေလောက သွန်းဘုရားကြီး၏ (၁၁၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၁ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီ ၂၃ ရက်တွင် အောင်မြေလောကသွန်းဘုရား၌ ပင့်သံဃာများမှ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ပွဲကျင်းပသွားမည်ဖြစ်ရာ အဆိုပါပွဲတော်တွင် ဆိုင်ခန်းပေါင်း ၂၀၀ ကျော်မှ လူသုံးကုန်၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်းစသည်ဖြင့် တည်ခင်းရောင်းချမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## မီးဖိုမီးအသုံးပြုလျှင်

(၁) လူစောင့်ထားပါ။ (၂)လောင်စာမီးအားကို လိုအပ်သည် ထက်ပိုမသုံးပါနှင့်။ (၃) မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။ (၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံ အကာအရံများထားပါ။ (၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၁-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၆ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၃ · ၃၁ |
| ထိုင်း | တစ်ဘတ် | ၃၇ · ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၇၃ |
| တရုတ် | တစ်ယွမ် | ၁၉၄ · ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀ · ၃၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီဆွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၁၀၄၅၄၆။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးထွန်းကို ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေမှု အခြေအနေများဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms.ToneTinnes အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ အဆောင်အမှတ် (I-11) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်နေမှု အခြေအနေများ၊ ဥပဒေရေးရာကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် နော်ဝေနိုင်ငံအနေဖြင့် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်သွားနိုင်မည့် အခန်းကဏ္ဍတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E.Ms.ToneTinnes အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

# အများပြည်သူဝန်ဆောင်မှုမီဒီယာဖြစ်စေရေးသည် အဓိကရည်မှန်းချက်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ပြောကြား

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှထုတ်လွှင့်လျက်ရှိသော ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များအား ပြုပြင်ပြောင်းလဲနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုန်ကြီးနှင့် ဝန်ထမ်းများတွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲတွင် ပြန်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဌာနတိုးတက်ပြောင်းလဲရေးအတွက် အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများအနေဖြင့် စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ မိမိတို့ အစိုးရတာဝန်ယူပြီးသည့်နောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ပြောင်းလဲသင့်သလောက် ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် နိုင်ငံရေးအရ အယူအဆမတူသူများအား နိုင်ငံရေး အကျဉ်းသားများအဖြစ်မှ ပြန်လွှတ်ပေးခဲ့ကြောင်း၊ ယခင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ရုပ်သိမ်းပြီး အသစ်ပြဋ္ဌာန်းနိုင်ခဲ့ ကြောင်း၊ အစိုးရအဖွဲ့မဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအား လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ပြုခဲ့ကြောင်း၊ မီဒီယာများသတင်းရယူရေးအတွက် လည်း လွတ်လပ်စွာသတင်းရယူခွင့်ပြုခဲ့ကြောင်း၊ မိမိတို့မီဒီယာအား ဝါဒဖြန့်ချိရေး အတွက် သက်သက်သာ အသုံးမချစေဘဲ အမှန်ကိုတင်ပြစေခဲ့ကြောင်း၊ အများပြည်သူဝန်ဆောင်မှု မီဒီယာဖြစ်စေရေးသည် အဓိကရည်မှန်းချက်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဌာနခွဲအလိုက် အဖွဲ့ခေါင်းဆောင်များက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၊ အကြံပြုချက်များ၊ ဆွေးနွေးချက်များအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က သတင်းအစီအစဉ်နှင့် ဖျော်ဖြေရေးအစီအစဉ်များကို အချိုးညီမျှတစေရန်အတွက် ယခင်က ပြန်ကြားပေးရန် ၆၀ ရာခိုင်နှုန်း၊ ပညာပေးရန် ၂၀ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးရန် ၂၀ ရာခိုင်နှုန်း ထုတ်လွှင့်ပေးခဲ့သော်လည်း နောင်တွင်ပြန်ကြားပေးရန် ၄၅ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးရန် ၃၅ ရာခိုင်နှုန်း၊ ပညာပေးရန် ၂၀ ရာခိုင်နှုန်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးခဲ့ပြီး ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား မှတ်တမ်းတင်ကာ နောင်လာမည့် ဆွေးနွေးပွဲတွင် အတည်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သတင်းတစ်ပုဒ်တွင် သတင်း၏တန်ဖိုးသည် အရေးကြီးကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အစီအစဉ်များကို ကိုယ်ပိုင်ထုတ်လုပ်ရန် လိုကြောင်း၊ Current News တွင် ပြည်သူ့အသံများပါရန် မိမိတို့ကိုယ်တိုင် အားထုတ်ကြရမည်ဖြစ်ကြောင်း၊ MRTV ရေရှည်တိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ဆွေးနွေးပွဲများ မကြာခဏပြုလုပ်ပေးခြင်းအားဖြင့် ဝန်ထမ်းများ၏ တီထွင်ကြံဆနိုင်မှုစွမ်းအားများ၊ အကြံဉာဏ်ကောင်းများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# နည်းပညာနှင့် သက်မွေးပညာရေး လေ့ကျင့်သင်ကြားမှု၏ တီထွင်ဆန်းသစ်သည့် အကြံဉာဏ်များ ပြန်လည်မျှဝေဖလှယ်ခြင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိုရီးယားသုတေသနအဖွဲ့ (Korea Research Institute for Vocational Education and Training-KRIVET) တို့ပူးပေါင်းပြီး အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နည်းပညာနှင့်သက်မွေးပညာရေးလေ့ကျင့်သင်ကြားမှု၏ တီထွင်ဆန်းသစ်သည့်အကြံဉာဏ်များ ပြန်လည်မျှဝေဖလှယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Technical and Vocational Education and Training-TVET Innovative Outreach Knowledge Sharing Program) ကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training-TVET) တိုးတက်ရေးသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်သားအင်အား ဖွံ့ဖြိုးလာစေရေးတို့အတွက် နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍ၏ အရေးပါမှုအား သိရှိနားလည်ခြင်း၊ သင်ရိုးညွှန်းတမ်းပြုစုရေးဆိုင်ရာများ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ သက်ဆိုင်ရာဘာသာရပ်များတွင် ကျောင်း၊ သိပ္ပံများနှင့် စက်ရုံအလုပ်ရုံများ ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ရန် ရည်ရွယ်၍ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိုရီးယားသုတေသနအဖွဲ့(KRIVET) နှင့် ပူးပေါင်းဆောင်ရွက်သည့် ယခုဆွေးနွေးပွဲမှ မိမိတို့နိုင်ငံ နည်းပညာ၊ သက်မွေးပညာကဏ္ဍ တိုးတက်ရေးအတွက် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ မြန်မာ-ကိုရီးယားနှစ်နိုင်ငံပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများအား ယခုကဲ့သို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိုရီးယားသုတေသနအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ Mr. Lee Yong Soon က အမှာစကားပြောကြားသည်။




အဆိုပါ နည်းပညာနှင့် သက်မွေးပညာရေး လေ့ကျင့်သင်ကြားမှု၏ တီထွင်ဆန်းသစ်သည့် အကြံဉာဏ်များ ပြန်လည်မျှဝေဖလှယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၄)ကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

**(၄)ကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်ရွှေပြည်တော်၌ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**




ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား ကဏ္ဍပေါင်းစုံ၌ နည်းပညာနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သည့် ဘင်းမ်စတက်အဖွဲ့သည် သယံဇာတ အရင်းအမြစ်များနှင့် ပထဝီအနေအထားတို့ကိုအခြေခံ၍ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကာ ဒေသတွင်း စွမ်းအင်ဖူလုံရေးနှင့် ပိုမို ခိုင်မာကောင်းမွန်သည့် အသိုက်အဝန်းဖော်ဆောင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်္ဂလားပင်လယ်အော်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်ရေး ဧရိယာ ၁၄ ခု၌ စွမ်းအင်ကဏ္ဍပါဝင်ပြီး မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်ကတည်းက ဘင်းမ်စတက်စွမ်းအင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကာ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ ဘင်းမ်စတက်စွမ်းအင် ကျွမ်းကျင်အရာရှိများ အစည်းအဝေးကို ငါးကြိမ်တိုင်တိုင် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပပေးခဲ့ကြောင်း။

ယခု ဘင်းမ်စတက်စွမ်းအင် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းသည် နိုင်ငံတော်အစိုးရသစ်၏ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို သာမက ဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းမှုလုပ်ငန်းစဉ်များကိုပါ အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိကြောင်းကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်က အိန္ဒိယနိုင်ငံ ဂိုအာ၌ ကျင်းပခဲ့သည့် BRICS BIMSTEC Leaders' Outreach Summit ၌ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရန် ဘင်းမ်စတက် ဓာတ်အားကွန်ရက်ချိတ်ဆက် ကုန်သွယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာနဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးရန်၊ ဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်း ထူထောင်နိုင်ရေးနှင့် ဒေသတွင်းစွမ်းအင် ကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်နှင့် သန့်ရှင်းသောစွမ်းအင် အရင်းအမြစ်များ တိုးချဲ့ရှာဖွေ ထုတ်လုပ်ကြရန် သဘောတူခဲ့ပါကြောင်း၊ ယခု အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံအသီးသီးတို့မှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ အနေဖြင့် BRICS BIMSTEC Leaders' Outreach Summit သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလေးထား ဆွေးနွေးသွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် (၄) ကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ အစည်းအဝေး တက်ရောက်သူများက ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအကြား စွမ်းအင်ဖူလုံမှုဆိုင်ရာကိစ္စများ တိုးမြှင့်လုပ်ဆောင်သွားမည့် အခြေအနေ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်တိုးတက်လျက်ရှိသည့် စွမ်းအင်လိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်မှု ကွာဟချက် ကျဉ်းမြောင်းစေရေး ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြားပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှုနှင့် မဟာဓာတ်အားလိုင်း ဆက်သွယ်ခြင်း အပါအဝင် စဉ်ဆက်မပြတ် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဘင်းမ်စတက်မဟာဓာတ်အားလိုင်း ချိတ်ဆက်နိုင်ရေးနှင့် ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန ဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အစီအမံများအား ဆွေးနွေးညှိနှိုင်းကြသည်။

အစည်းအဝေးသို့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်၊ နီပေါတို့မှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအချက်အလက်များမှ အသေးစိတ် ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်းများအား ပြည်သူ့အင်အားဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထား

**နေပြည်တော် ဇန်နဝါရီ ၁၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အစီရင်ခံစာများကို အတွဲလိုက်ထုတ်ပြန်ကြေညာခဲ့ရာ ပထမအဆင့်အနေဖြင့် ရွှေ့ပြောင်းလူဦးရေစာရင်းကို ၂၀၁၄ခုနှစ် ဩဂုတ်လတွင် လည်းကောင်း၊ သန်းခေါင်စာရင်းပင်မအစီရင်ခံစာများကို ၂၀၁၅ခုနှစ်၊ မေလတွင်လည်းကောင်း၊ အလုပ်အကိုင်နှင့် လုပ်ငန်းအစီရင်ခံစာကို ၂၀၁၆ခုနှစ် မတ်လတွင်လည်းကောင်း၊ ကိုးကွယ်သည့်ဘာသာ အစီရင်ခံစာကို ၂၀၁၆ ခုနှစ် ဇူလိုင်လတွင်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ အသေးစိတ် ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်း ၁၃ စောင်နှင့် သန်းခေါင်စာရင်းရလဒ်မြေပုံများကို ဆက်လက်ပြုစုလျက်ရှိပြီး မွေးဖွားခြင်းနှင့်လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ သားဖွားမိခင်သေဆုံးခြင်း စသည့် အသေးစိတ်သုတေသနစာတမ်း သုံးစောင်ကို ၂၀၁၆ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

ယခုအခါ ထပ်မံရေးသားပြုစုပြီးဖြစ်သော လူဦးရေပြောင်းလဲခြင်း အသေးစိတ်သုတေသနစာတမ်း ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် လည်းကောင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း အသေးစိတ်သုတေသနစာတမ်းကို ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် လည်းကောင်း ပြည်သူ့အင်အားဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.dop.gov.mm တွင် လွှင့်တင်ထားပြီးဖြစ်သည်။

လူဦးရေပြောင်းလဲခြင်းစာတမ်းတွင် မြန်မာနိုင်ငံ၏လူဦးရေပြောင်းလဲခြင်းဆိုင်ရာ တွေ့ရှိချက်များ၊ အဆိုပါ ပြောင်းလဲမှုဖြစ်စဉ်၏ သက်ရောက်မှုများနှင့် မြန်မာနိုင်ငံအတွက်လူဦးရေဆုလဒ်ကို ရရှိခံစားနိုင်စေမည့်နည်းလမ်းများကို အသေးစိတ်ဆန်းစစ်လေ့လာရေးသားပြုစုထားပြီး ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်းစာတမ်းတွင် ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း၊ ပြည်ပရွှေ့ပြောင်းသွားလာခြင်း၊ မြို့ပြနှင့်ကျေးလက်ဒေသတွင် လူဦးရေပျံ့နှံ့နေထိုင်မှု (မြို့ပြထွန်းကားလာခြင်း)ဟူ၍ ရွှေ့ပြောင်းခြင်းဖြစ်စဉ်သုံးမျိုးကို အသေးစိတ်ဆန်းစစ်လေ့လာ ရေးသားပြုစုထားကြောင်းနှင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ထုတ်ပြန်မှုများနှင့်ပတ်သက်၍ ပြည်သူ့အင်အားဦးစီးဌာန ဝက်ဘ်ဆိုက် www.dop.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မစ္စ ရန်ဟီလီနှင့်အဖွဲ့ ပေါင်မြို့နယ် ဇင်းကျိုက်ကုန်ထုတ်စခန်းသို့ သွားရောက်လေ့လာ

**ပေါင် ဇန်နဝါရီ ၁၁**

ကုလသမဂ္ဂ၏မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိ အကျဉ်းဦးစီးဌာန ကုန်ထုတ်စခန်းသို့ သွားရောက်လေ့လာသည်။

မစ္စရန်ဟီလီနှင့်အဖွဲ့သည် မွန်ပြည်နယ်သို့ ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်ပြီး ဇင်းကျိုက်ကုန်ထုတ်စခန်းဧည့်ရိပ်သာ၌ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စခန်းအခြေအနေနှင့်အကျဉ်းသားများ၏ အခြေအနေများကို မေးမြန်းပြီး အကျဉ်းသားများနှင့် အိပ်ဆောင်များအား လိုက်လံကြည့်ရှုသည်။

ယင်းနောက် ဝတ်ကြီး ကျောက်ထုတ်လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုကာ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းခဲ့ကြောင်းသိရသည်။ **သက်ဦး(သထုံ)**

## ပန်းခင်းပွဲတော် အခမဲ့လေ့လာ ကြည့်ရှုနိုင်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်၌ ဇန်နဝါရီ ၇ ရက်ကစတင်ကာ အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်သည့် ပန်းခင်းပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ငါးရက်မြောက်နေ့အဖြစ် ဆက်လက်ခင်းကျင်းပြသရာ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ကိုင်သူများ၊ စိုက်ပျိုးရေးပညာစိတ်ဝင်စား လေ့လာသူများနှင့် ပန်းမန်ပျိုးပင်ဝယ်ယူသူများဖြင့် စည်ကားခဲ့ကြောင်းသိရသည်။

ပန်းခင်းပွဲတော်ကို ပန်းမန်အလှစိုက်ပျိုးခြင်းကို လက်တွေ့လေ့လာနိုင်ရန်၊ အဆင့်မြင့်စိုက်ပျိုးနည်းပညာရပ်များ ဖြန့်ဝေပေးနိုင်ရန်၊ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် သီးပင်ပန်းမန်သီးနှံများ ပြောင်းလဲစိုက်ပျိုးလုပ်ကိုင်ရန်၊ မိမိအိမ်ခြံဝင်းအတွင်း သီးပင်စားပင်အလှပန်းမန်များ စိုက်ပျိုးခြင်းဖြင့် အပန်းဖြေမှုရရှိနိုင်စေရန်နှင့် မိသားစုအပိုဝင်ငွေရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက စီစဉ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ပန်းခင်းပွဲတော်ကို ဇန်နဝါရီ ၁၃ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာနိုင်ပြီး သီးနှံမျိုးကောင်းမျိုးသန့်များ၊ မျိုးစေ့များ၊ စိုက်ပျိုးရေးသုံး သွင်းအားစုများကို နှစ်သက်ရာ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

**ကိုချစ်**

### ဖြည့်စွက်ဖတ်ရှုပါရန်

ဇန်နဝါရီ ၁၁ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၄ ပါ "သီးနှံအထွက်နှုန်းတိုးတက်ရေး မျိုးစေ့ကဏ္ဍဖွံ့ဖြိုးအောင် ဆောင်ရွက်နေ" သတင်း၏ ကော်လံ ၆ တတိယစာပိုဒ်၏ ပထမစာကြောင်းတွင် တင်း ၁၅၀-၂၀၀-၂၅၀ **အစား** ပိဿာ ၁၅၀-၂၀၀-၂၅၀ ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၁

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**နီပေါနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံသို့ နီပေါနိုင်ငံသမ္မတ ဘီဒီယာဒေဗီဘန်ဒါရီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံပြည်သူများ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် စီးပွားဥစ္စာများ အစဉ်တိုးပွားအောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံသို့ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မန်နွန်ဟူစိန်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အကျွန်ုပ်က လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတစ်စောင်ကို ပေးပို့လိုပါသည်။ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် ခင်မင်ရင်းနှီးစွာဖြင့် အနီးကပ်ဆက်ဆံလျက်ရှိပါသည်။ ရှိရင်းစွဲဆက်ဆံရေး အခြေအနေမှသည် နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားများဖြစ်ထွန်းစေမည့် ရေရှည်ခိုင်မာသည့် ဆက်ဆံရေးအဖြစ်သို့ ရောက်ရှိလာနိုင်မည်ဟု ယုံကြည်ထားပါသည်။ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများ ကျန်းမာခြင်းနှင့်ပြည့်စုံပြီး သာယာဝပြောပါစေကြောင်း ဆန္ဒပြုအပ်ပါသည်ဟု ဖော်ပြထားသည်။

**သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မိုင်သရီပါလဆီရိစီနာ က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ ကျရောက်လာမှုသည် မြန်မာအစိုးရနှင့် မြန်မာပြည်သူများထံသို့ ဆုတောင်းမေတ္တာများပေးပို့ရန် ကျွန်ုပ်အတွက် အခွင့်အခါကောင်းတစ်ရပ်ဖြစ်ပါသည်။ သမိုင်းစဉ်လာအရ ခင်မင်ရင်းနှီးလာမှုနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုတို့သည် ခေတ်သစ်၏ အရေးပါ အရာရောက်သည့် ဆက်ဆံရေးတစ်ရပ်အဖြစ် ရှင်သန်တိုးတက်လျက်ရှိပါသည်။ သီရိလင်္ကာနှင့် မြန်မာနှစ်နိုင်ငံတို့၏ ကောင်းမွန်ပြည့်စုံသည့် ဆက်ဆံရေးသည် လာမည့်နှစ်များတွင် ပိုမိုခိုင်မာညီညွတ်လာလိမ့်မည်ဟု ယုံကြည်ထားပါသည်။ အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာပျော်ရွှင်ပြီး တိုးတက်အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံသို့ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ သမ္မတ အမ်ဒီအဗ္ဗဒူလ်ဟာမစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ ဝမ်းမြောက်ဂုဏ်ယူကြောင်းသဝဏ်လွှာ ပေးပို့အပ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် နှစ်နိုင်ငံပူးပေါင်းမှုဖြင့် အာရှဒေသအတွက် ပေါင်းကူးတံတားတစ်ခုအဖြစ် အတူတကွ လုပ်ကိုင်ဆောင်ရွက်သွားလိုပါသည်။ ကျွန်ုပ်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအင်အားကို ပိုမိုလေးနက်စေရုံသာမက နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မိပါသည်။ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများ ကျန်းမာပျော်ရွှင်ပြီး လျှင် မြန်မာနိုင်ငံပြည်သူများ၏ ငြိမ်းချမ်းရေးနှင့် အကျိုးစီးပွားကို အစွန့်ရှည်တည်တံ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**အိန္ဒိယသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံသို့ အိန္ဒိယသမ္မတနိုင်ငံသမ္မတ ပရာနာ့ဗ်မုခါဂျီးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် အိန္ဒိယပြည်သူများ ကိုယ်စား ကျွန်ုပ်က ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပေးပို့ပါသည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် ခင်မင်ရင်းနှီးစွာ ဆက်ဆံလာခဲ့သည့် အစဉ်အလာရှိခဲ့ပါသည်။ ၂၀၁၆ ဩဂုတ်လက အိန္ဒိယသို့ အဆွေတော်၏ အလည်အပတ်လာရောက်မှုကို အမှတ်ရမိပါသည်။ နှစ်နိုင်ငံ အပြန်အလှန်အကျိုးသက်ရောက်မှုရရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အားဖြည့်ပေးနိုင်မည့် အကြောင်းအရာများကို ပြီးခဲ့သည့် တွေ့ဆုံမှုအတွင်း မျှဝေခဲ့ကြပြီးဖြစ်ပါသည်။ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်လိမ့်မည်ဟု ယုံကြည်ထားပါသည်ဟု ဖော်ပြထားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းကောင်စစ်ဝန်ရုံးဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံး ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ ည ၇ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းနှင့် ပါရမီလမ်းထောင့် အမှတ် ၂၉ ရှိ မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Andrii Beshta၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဦးအောင်လှိုင်ဦးတို့က မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ဝဲပုံ)**



ထို့နောက် ယူကရိန်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Andrii Beshta၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဦးအောင်လှိုင်ဦးတို့က အမှာစကားများ ပြောကြားကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ စတင်ကာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပြီး ယူကရိန်းနိုင်ငံ သံအမတ်ကြီးသည် ထိုင်းနိုင်ငံ၌ အခြေစိုက်ကာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# ရေမဆေးကျောက်ရှာဖွေသူများ ဖယ်ရှားပြောင်းရွှေ့ပေးရန် ကျောက်မျက်ကုမ္ပဏီများ သတိပေး

**ခန္တီး ဇန်နဝါရီ ၁၁**

ခန္တီး ရတနာမြေ နန်စိဘွန်နှင့် မကျန်ခမော်၌ ရေမဆေးကျောက် ရှာဖွေနေသူများကို နိုင်ငံတော်က တရားဝင်လုပ်ကိုင်ခွင့်ပြုမိန့်ပေးထားသည့် ခိုင်နန်းရွှေ၊ ဇမ္ဗူသီရိ၊ ရာစုပန်း၊ မြောက်ကျွန်းသူမမ၊ ထက်ရည်လင်း၊ မင်းထက်ဦး၊ ညီနောင်ကုမ္ပဏီများက ကုမ္ပဏီအုပ်ချုပ်မှုဧရိယာအတွင်းရှိ ခြံစည်းရိုးကာရံထားသော ကျောက်ကြောပါမြေစာပုံများ၌ တရားမဝင်ဥပဒေမဲ့ ကျောက်စိမ်းရှာဖွေခြင်း၊ တရားမဝင်နေထိုင်ခြင်းများကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ သတ်မှတ်ကာလအတွင်း ဖယ်ရှားခြင်း၊ ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ပေးကြရန် သတိပေးကြေညာချက် ထုတ်ထားသည်။

သတ်မှတ်ကာလအတွင်းဖယ်ရှားခြင်း၊ ပြောင်းရွှေ့ခြင်း မပြုလုပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထားသည်။ ဇန်နဝါရီ ၅ ရက်က စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းစိုး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်းစိန်နှင့် ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး) လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝေ အဖွဲ့က သွားရောက်ပြီး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့သည်။ နန်စိဘွန်မော်၌ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ရေမဆေးကျောက်ရှာဖွေသူ ၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

**ဝင်းပပ**



# သီတဂူဆရာတော် သက်တော် ၈၀ ပြည့် မွေးနေ့အထိမ်းအမှတ် ကြေးသွန်းခေါင်းလောင်းကြီး စတင်သွန်းလောင်း

**စစ်ကိုင်း ဇန်နဝါရီ ၁၁**

သီတဂူဆရာတော်ကြီး သက်တော် ၈၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စစ်ကိုင်းမြို့သီတဂူဝိပဿနာရိပ်သာ၌ ထားရှိပူဇော်ရန် ကြေးပိဿာချိန် ၈၀၀၀ ရှိ ကြေးသွန်းခေါင်းလောင်းကြီးကို ဇန်နဝါရီ ၁၁ ရက် နံနက် ၃ နာရီက စတင်သွန်းလောင်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ကြေးသွန်းခေါင်းလောင်းကြီးအား ပုသိမ်ကြီးမြို့နယ် မြောက်တံတားရှည်ကျေးရွာရှိ ရွှေခေါင်းလောင်းခြံ၌ သွန်းလောင်းနေခြင်းဖြစ်ပြီး ဖေဖော်ဝါရီလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်က ပြောကြားသည်။

“ရွှေစည်းခုံစေတီရဲ့ခေါင်းလောင်းပုံစံ သွန်းလောင်းထားတာပါ။ မြန်မာနိုင်ငံမှာ မရှိသေးတဲ့ ခေါင်းလောင်းပုံစံအသစ်ပါ။ ရှစ်ပေရှိပြီး လုံးပတ်အဝက ခြောက်ပေခွဲရှိပါတယ်။ ဆရာတော်ကြီး သက်တော် ၈၀ ပြည့် မွေးနေ့မှာ ဖွင့်လှစ်ပေးမှာပါ” ဟု ၎င်းက ပြောကြားသည်။

ထို့အပြင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သောတပန်ကျေးရွာအုပ်စု ပတ္တမြားတောင်ခြေ၌ ၂၀၁၀ ပြည့်နှစ်က စတင်တည်ဆောက်နေသည့် သီတဂူဝိပဿနာရိပ်သာကြီးမှာလည်း ယခုအချိန်တွင် ပြီးစီးလုနီးပါးရှိနေပြီဖြစ်ရာ ၂၀၁၇ ခုနှစ် မတ်လ ၁၃ ရက်(တပေါင်းလပြည့်)နေ့တွင် ရောက်ရှိမည့် ဆရာတော်ကြီး သက်တော် ၈၀ ပြည့် မွေးနေ့တွင် အဆိုပါ သီတဂူဝိပဿနာရိပ်သာနှင့် ယောဂီအဆောင်များ ဆရာတော်ရဟန်းပျိုဘဝ ပုံတူကြေးသွန်းရုပ်တုနှင့် ကြေးသွန်းခေါင်းလောင်းကြီးတို့ကို ဖွင့်လှစ်ပေးမည့်အပြင် ထပ်မံတည်ဆောက်မည့် ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိသမိုင်းပြတိုက် အုတ်မြစ်ချမင်္ဂလာနှင့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတက ဆရာတော်ကြီးအား သာသနာရေးဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကြီးကို ဆက်ကပ်လှူဒါန်းခဲ့ခြင်းအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ၌ အမြင့်ဆုံး တည်ထားကိုးကွယ်မည့် အိန္ဒိယနိုင်ငံမှ မဟာဗောဓိပုံစံ အဘိဓဇစေတီအတွက် ပန္နက်ချမင်္ဂလာအခမ်းအနားကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ✻ *ကျော့ဖုံးမှ*

စတင်ပြောင်းလဲပြေးဆွဲရာတွင် ယာဉ်လမ်းကြောင်းအသစ်များနှင့် ပတ်သက်၍ အများပြည်သူများ၏ အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန် စေတနာ့ဝန်ထမ်းများ လိုအပ်လျက်ရှိကြောင်း ဖိတ်ခေါ်ထားသည်။ “လိုရာခရီးကို ရောက်ရှိဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့” ဟူသော ဆောင်ပုဒ်ဖြင့် စေတနာ့ဝန်ထမ်းများကို ဖိတ်ခေါ်နေပြီး ဘတ်စ်ကားစနစ်သစ်နှင့် ကားမှတ်တိုင်များက ကြုံတွေ့ရနိုင်သည့် အများပြည်သူများ၏ အခက်အခဲကို ကူညီဖြေရှင်းပေးရန်အတွက်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီပေးလိုသူများအနေဖြင့် Yangon Bus Service YBS Facebook page မှတစ်ဆင့် https/www.facebook.com/yangonbus သို့ လည်းကောင်း၊ မြို့နယ်အလိုက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များသို့ လည်းကောင်း၊ ဝိုင်းဝန်းကူညီပါဝင်ကြမည့် သက်ဆိုင်ရာ လူမှုအခြေပြုအဖွဲ့အစည်းများထံသို့ လည်းကောင်း ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ မြို့ပြသယ်ယူပို့ဆောင်ရေးဆောင်ရွက်နေသော ခရီးသည်တင်ယာဉ်လိုင်းများကို ယခင် မ.ထ.သ မှ စီမံကြပ်မတ်သည့်စနစ်မှ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ကြီးကြပ်ကွပ်ကဲကာ စနစ်သစ်ဖြင့် ပြောင်းလဲပြေးဆွဲမှု စတင်မည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အနေဖြင့် ယာဉ်လိုင်းကုမ္ပဏီ ရှစ်ခုကို သက်ဆိုင်ရာလမ်းကြောင်းများအလိုက် ယာဉ်လိုင်း ၆၀ ခန့်ဖြင့် ပြေးဆွဲစေမည်ဖြစ်ပြီး အဆိုပါကုမ္ပဏီများကို ကြပ်မတ်ဆောင်ရွက်သွားမည်ဟု သိရသည်။ ယခင်က ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ရှိခဲ့ရာမှ လမ်းကြောင်းများ ပြန်လည်ရေးဆွဲကာ လမ်းကြောင်းသစ်ဖြင့် စတင်ပြေးဆွဲစေမည်ဖြစ်ရာ စနစ်သစ်ပြောင်းလဲသည့် ပထမရက်သတ္တပတ်အတွင်း အများပြည်သူ ခရီးသွားများအားကူညီရန် သက်ဆိုင်ရာ တာဝန်ရှိသူများအပြင် စေတနာ့ဝန်ထမ်းများကို ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြည့်ညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# မဖြစ်မနေပြောင်းလဲရတော့မည့် ရန်ကုန်မြို့ပြ ဘတ်စ်ကားစနစ်

သတင်း-ဆုနှင်းလှဲ့

ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးစနစ်တွင် နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် မပြောင်းလဲနိုင်ခဲ့သည့် ဘတ်စ်ကား သယ်ယူပို့ဆောင်ရေးစနစ်ကို ယခု ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ပြောင်းလဲပြေးဆွဲတော့မည်ဖြစ်သည်။ မ.ထ.သ စီမံအုပ်ချုပ်သည့်စနစ်မှ အများပိုင်ကုမ္ပဏီများက တာဝန်ယူပြေးဆွဲသည့်စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်ရန် စတင်လိုက်ခြင်းဖြစ်သည်။

## ပြောင်းလဲပြေးဆွဲမည်

ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ယာဉ်လိုင်းပြေးဆွဲမည့် ကုမ္ပဏီရှစ်ခုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရက အတည်ပြုရွေးချယ်သတ်မှတ်ထားပြီး ထိုကုမ္ပဏီရှစ်ခုမှ သက်ဆိုင်ရာ လမ်းကြောင်းများအလိုက် ပြေးဆွဲသွားမည်ဟု တိုင်းဒေသကြီးအစိုးရက အသိပေးကြေညာထားသည်။ ယင်းအပြင် ယခင်ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ရှိနေသည့် လမ်းကြောင်းများကို လမ်းကြောင်းတူ လမ်းကြောင်းထပ်နေသည့်လိုင်းများကို စုစည်းကာ လိုင်းပေါင်း ၆၀ ခန့်ဖြင့် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ပြောင်းလဲပြေးဆွဲစေမည်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ဇန်နဝါရီ ၆ ရက်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ တရားဝင်ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲအရ ယခင်ပြေးဆွဲနေသည့် ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ခန့်ကို ဖျက်သိမ်းကာ စနစ်သစ်ဖြင့် လမ်းကြောင်း ၆၀ခန့်၊ ယာဉ်လိုင်း ၆၀ခန့်ဖြင့် ပြောင်းလဲပြေးဆွဲစေမည်ဟုသိရပြီး လက်ရှိမြို့ပြ လမ်းကြောင်းများပေါ်တွင် ပြေးဆွဲနေသည့် ဘတ်စ်ကားလိုင်းများအားလုံးကို ဖျက်သိမ်းပစ်လိုက်သည်ဟု အထင်ရှိစရာဖြစ်ခဲ့သည်။ အမှန်တကယ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မ.ထ.သ(မြို့တွင်း)၊ ပါရမီ၊ မေတ္တာလိုင်း၊ သန်မြန်သူ၊ စစ်မှုထမ်းဟောင်း၊ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင် စသည်ဖြင့် ယာဉ်လိုင်းအဖွဲ့အစည်းပေါင်း ၁၈ ခုခန့်ရှိပြီး အဆိုပါ ယာဉ်လိုင်းများ၏ လက်အောက်တွင် လိုင်းငယ်ပေါင်း ၃၀၀ ကျော်ခန့်ရှိသည်။

## ယာဉ်လိုင်း ၆၀ ခန့်

အချို့ယာဉ်လိုင်းများသည် လိုင်းနံပါတ်သာ ရှိသော်လည်း ပြေးဆွဲသည့် ယာဉ်မရှိတော့ခြင်း၊ ယာဉ်တစ်စီး၊ နှစ်စီးသာ ကျန်ရှိတော့ခြင်းနှင့် လမ်းကြောင်းတူ လမ်းကြောင်းထပ်နေသော ယာဉ်လိုင်းများစွာ ရှိနေခြင်းကြောင့် ပြန့်ကျဲနေသည့် ယာဉ်လိုင်းများကို စုစည်းကာ ယာဉ်လိုင်း ၆၀ ခန့်ဖြင့်သာ ပြေးဆွဲစေမည်ဟု သိရသည်။ မ.ထ.သ၊ ပါရမီ၊ မေတ္တာလိုင်း စသည့် ယာဉ်လိုင်းအဖွဲ့အစည်းများကလည်း အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းရန် ပြင်ဆင်နေပြီး အဆိုပါကုမ္ပဏီများကို ယခင်က မ.ထ.သ (ဗဟို)မှ စီမံအုပ်ချုပ်သည့်စနစ်မှ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ကြပ်မတ်ဆောင်ရွက်သွားမည့် စနစ်ပင်ဖြစ်သည်။

ထိုသို့ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေး စနစ်သစ်တစ်ခုကို ကူးပြောင်းရန် ဆောင်ရွက်နေမှုတွင် ရန်ကုန်မြို့နေ ခရီးသွားပြည်သူများအနေဖြင့် ယခင်ဘတ်စ်ကားလိုင်းများကို ဖျက်သိမ်းလိုက်သည့်အတွက် မည်သို့ ဆက်လက်သွားလာရမည်ကို ရှင်းရှင်းလင်းလင်း မသိရှိသကဲ့သို့ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများအနေဖြင့်လည်း မည်သည့်လမ်းကြောင်းတွင်၊ မည်သည့် ကုမ္ပဏီအဖွဲ့အစည်းလက်အောက်တွင် ဆက်လက်ဆောင်ရွက်ရမည်ကို ရှင်းရှင်းလင်းလင်း မသိရှိကြသေးကြောင်း ဝေဖန်ပြောဆိုမှုများရှိသည်။ လက်ရှိပြေးဆွဲနေသော ယာဉ်များအနေဖြင့် စနစ်သစ်ပြောင်းလဲမှုတွင် မိမိတို့ပြေးဆွဲလိုသည့် လမ်းကြောင်းများကို ဇန်နဝါရီ ၇ ရက်မှ ၁၀ ရက်အတွင်း အဆိုပြုလျှောက်ထားရန် ကြေညာခဲ့ပြီး ယာဉ်မောင်းများကို လခစားစနစ်ဖြင့် ခန့်အပ်သွားရန်အတွက်ကိုလည်း လျှောက်လွှာများ လက်ခံခဲ့သည်။

သို့ရာတွင် အချိန်အားဖြင့် လေးရက်ခန့်သာရရှိပြီး စနစ်သစ်ဖြင့် စတင်ပြောင်းလဲပြေးဆွဲမည့်ရက်နှင့် စနစ်သစ်ပြေးဆွဲမည့်အကြောင်း တရားဝင်ကြေညာခဲ့သည့်ရက်မှာ အချိန် ၁၀ ရက်ခန့်သာရရှိပြီး ထိုရက်ပိုင်းအတွင်း အချိန်မီ စနစ်တကျ ဆောင်ရွက်နိုင်ရန်မှာ အခက်အခဲများစွာရှိနိုင်ကြောင်း ယာဉ်ပိုင်ရှင်များက ဆိုကြသည်။ ထို့အတူ လက်ရှိပြောင်းလဲလိုက်သည့် ယာဉ်လိုင်း ၆၀ခန့်၏ ခရီးစဉ်လမ်းကြောင်းများသည် ရန်ကုန်မြို့ပြအနှံ့ ဖြန့်ကြက်ထားမှုမရှိဘဲ အချို့မြို့နယ်များသို့ ပြေးဆွဲသည့် ကားလမ်းကြောင်းအခက်အခဲများ ဖြစ်ပေါ်သွားပြီး အချို့မှာမူ ယာဉ်နှစ်ဆင့်၊ သုံးဆင့်ပြောင်းစီးရမည့် အနေအထားများ ဖြစ်သွားကြောင်း နေ့စဉ်ဘတ်စ်ကားစီး ခရီးသည်များက လမ်းကြောင်းသစ် အစီအစဉ်များအပေါ် ဝေဖန်ပြောကြားကြသည်။ အလားတူ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများအနေဖြင့် ၎င်းတို့၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် စားဝတ်နေရေးအပေါ် စိုးရိမ်ကြောင့်ကြမှုများက ရှိနေပြန်သည်။

## ရေရှည်ကောင်းစေချင်

"မ.ထ.သအဖွဲ့ကို ဖျက်သိမ်းစေချင်တာက ကြာပါပြီ။ အရေးယူမှုတွေ မထိရောက်တဲ့အခါကျတော့ ပြည်သူတွေ ပူးပေါင်းပြီး အွန်လိုင်းမှာဂရုဖွဲ့ပြီးတော့ စည်းကမ်းမဲ့ ဘတ်စ်ကားတွေနဲ့ ယာဉ်မောင်း၊ စပယ်ယာတွေကို ဆန့်ကျင်တဲ့အဖွဲ့တွေ၊ ခါတ်ပုံတွေနဲ့တင်ပြတာတွေ လုပ်လာရတယ်။ အခုလို မ.ထ.သ အဖွဲ့ဖျက်သိမ်းပြီးတော့ စနစ်သစ်နဲ့ ဘတ်စ်ကားတွေ ပြေးဆွဲပေးမယ်ဆိုတော့ အများကြီးကြိုဆိုပါတယ်။ ဒါပေမယ့် အဓိကက ဘယ်လိုပြောင်းလဲမှာလဲ ဆိုတာရယ်၊ အခုအစိုးရက ကြေညာလိုက်တဲ့ လမ်းကြောင်းတွေကို ကျွန်တော်တို့ သေချာနားမလည်တာပါပဲ။ နောက်တစ်ခုက တချို့နေရာတွေမှာ ကားနှစ်ဆင့်၊ သုံးဆင့်စီးရသလို ဖြစ်တဲ့အတွက် ကားခပိုကုန်ကျလာမှာ။ အပြောင်းအလဲရဲ့ အခက်အခဲကို ကျွန်တော်တို့ ရင်ဆိုင်ရပါတယ်။ ဒါပေမယ့် ရှင်းရှင်းလင်းလင်းနဲ့ ရေရှည်လည်းကောင်းမယ့်ဟာမျိုးတော့ ဖြစ်စေချင်တယ်။ ဒီကားခအတွက် ကုန်ကျရတဲ့စရိတ် တက်သွားရင် ကျန်တဲ့ကုန်ဈေးနှုန်းပါ ထပ်တက်နိုင်တဲ့အတွက် သေသေချာချာလေးတော့ လုပ်စေချင်ပါတယ်" ဟု ဘတ်စ်ကားစီး ခရီးသည်တစ်ဦးဖြစ်သူ ကုမ္ပဏီဝန်ထမ်းကိုအာကာက ပြောသည်။

ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်နှင့် ပတ်သက်၍ ဝေဖန်မှုအချို့ရှိနေသော်လည်း ယင်းသို့ ဘတ်စ်ကားပြုပြင်ပြောင်းလဲရေးစနစ် စတင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်အတွင်းက ဂျပန်နိုင်ငံ

**ဘတ်စ်ကားပို့ဆောင်ရေးစနစ်သစ်အတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် ခရီးစဉ်လမ်းကြောင်းများကို ၎င်းအဖွဲ့ဝက်ဘ်ဆိုက်တွင် အသေးစိတ်ရှင်းလင်းဖော်ပြ**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အဖွဲ့အပါအဝင် နိုင်ငံတကာအဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များ အကူအညီဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် ဇွန်လအတွင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပုဂ္ဂလိကယာဉ်ပိုင်ရှင်များ တွေ့ဆုံစဉ် မြို့ပြပို့ဆောင်ရေးတွင် သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကို ထူထောင်၍ မ.ထ.သအဖွဲ့ဖြင့် စီမံအုပ်ချုပ်နေသည့်စနစ်ကို ဖျက်သိမ်းကာ အများပိုင်ယာဉ်လိုင်းများ ထူထောင်ပြေးဆွဲစေမည်ဟု အစိုးရအဖွဲ့က တရားဝင်ပြောကြားခဲ့သည်။ ပုဂ္ဂလိကယာဉ်ပိုင်ရှင်များအနေဖြင့်လည်း စနစ်သစ်ပြောင်းလဲမှုတွင် ပူးပေါင်းပါဝင်လိုကြသော်လည်း ယာဉ်အသစ်ဝယ်ယူရန် ငွေကြေးလိုအပ်ချက် အခက်အခဲများရှိနေသည်။ ထို့အတွက် အစိုးရအနေဖြင့် ၁၉၉၅ ခုနှစ် မော်ဒယ်အောက် အိုဟောင်းဘတ်စ်ကားများကို လဲလှယ်ခွင့်ပြုခဲ့ပြီး ဘတ်စ်ကားအသစ်ပြန်လည်ဝယ်ယူလိုသူအတွက် စီအင်န်ဂျီ ပြန်လည်ထုတ်ပေးမည်ဖြစ်ကာ ဘဏ်ချေးငွေစနစ်ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

## ကြံ့ခိုင်မှုကောင်းယာဉ်များ ခွင့်ပြုထား

ဘတ်စ်ကားပြန်လည်ဝယ်ယူလိုခြင်း မရှိသူများအတွက် လူစီးစလစ်ထုတ်ပေးခြင်းကို ဆောင်ရွက်ခဲ့ပြီး အဆိုပါ ၁၉၉၅ မော်ဒယ်အောက်ယာဉ်များကို လက်ရှိပြေးဆွဲမည့် စနစ်သစ်တွင် ပြေးဆွဲခွင့်ပြုမည် မဟုတ်တော့ကြောင်း ကြေညာထားသည်။ အလားတူ လက်ရှိပြေးဆွဲနေသည့် ယာဉ်များတွင် ယာဉ်ဥပမိရုပ်ကောင်းမွန်ကာ ကြံ့ခိုင်မှုကောင်းသော ယာဉ်များကို ပြေးဆွဲခွင့်ပြုထားပြီး နောင်တွင် BRT Lite ယာဉ်လိုင်းကဲ့သို့ ယာဉ်အသစ်၊ ကတ်စနစ် ငွေပေးချေမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်သွားရမည်ဖြစ်ပြီး အစိုးရအနေဖြင့် အများပိုင်ကုမ္ပဏီများကို ငွေကြေးမတည်ထည့်ဝင်မှု ဆောင်ရွက်ပေးမည်ဟု သိရသည်။

ရန်ကုန်မြို့နေ ခရီးသွားပြည်သူများအနေဖြင့် မြို့ပြဘတ်စ်ကားလိုင်းများ၏ ဝန်ဆောင်မှုများအပေါ် စိတ်ပျက်နေကြသည်မှာ ကြာပြီပင်ဖြစ်သည်။ မြို့နေလူဦးရေ၏ ထက်ဝက်ကျော်မှာ အဆိုပါ ဘတ်စ်ကားလိုင်းများကိုသာ အားထားစီးနေရသည့်အတွက် ယာဉ်အစီးရေနှင့် လူဦးရေမျှတခြင်း မရှိသော်လည်း အခြားသော ပို့ဆောင်ရေးစနစ်များ အားထားရခြင်း မရှိသေးသည့်အတွက်ကြောင့် ဘတ်စ်ကားလိုင်းများကိုသာ သည်းခံစီးနင်းနေရခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာလမှစ၍ ယနေ့ထက်တိုင် ခေတ်အဆက်ဆက် စစ်ကျန်ဘတ်စ်များ၊ ဟီးနိုး၊ ဒိုင်နာ၊ ဟိုင်းလပ်၊ စီးတီးဘတ်စ်ဟူ၍ အဆင့်ဆင့်အသုံးပြုခဲ့သည့် မြို့ပြယာဉ်လိုင်းများတွင် မြို့သစ်များ တိုးချဲ့မှုနှင့် လူဦးရေထူထပ်များပြားလာမှုတို့အပေါ် လိုအပ်ချက်အရ ဖြည့်ဆည်းဆောင်ရွက်ခဲ့သည့် နည်းလမ်းများကိုသာ အသုံးပြုခဲ့ပြီး ကောင်းမွန်သည့် ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ်ကို ပြောင်းလဲနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ထို့ကြောင့်လည်း ယာဉ်လိုင်းများရှုပ်ထွေးကာ ယာဉ်ကြောပိတ်ဆို့မှုကို ပိုမိုဖြစ်ပေါ်စေပြီး လမ်းကြောင်းတူနေသည့် ယာဉ်များ အပြိုင်အဆိုင် အလုအယက်မောင်းနေခြင်း၊ ပုတ်ပြတ်စနစ်ဖြင့် ဝင်ငွေခွဲယူမှုစနစ်ကြောင့် ခရီးသည်ဝန်ဆောင်မှုမဖြစ်ဘဲ ဝင်ငွေအပြိုင်အဆိုင်ရှာဖွေမှုကိုသာ ဖြစ်ခဲ့သည့်အတွက်ကြောင့်လည်း လိုအပ်ချက်များစွာ ရှိခဲ့သည်။ ယင်းအပြင် ယာဉ်လုပ်သားများ၏ ရိုင်းပျစွာဆက်ဆံခြင်း၊ ခိုက်ရန်ဖြစ်ပွားရန်ရှာခြင်းနှင့် ၎င်းတို့အပေါ် အရေးယူထိန်းသိမ်းနိုင်မှုမှာလည်း အားနည်းချက်များ ရှိနေသည့်အတွက်ကြောင့် ရန်ကုန်မြို့ပြ ဘတ်စ်ကားလိုင်းစနစ်သည် မဖြစ်မနေ ပြုပြင်ပြောင်းလဲရမည့် အခြေအနေပင်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## နည်းလမ်းပေါင်းစုံသုံး

"အရင်က န.ဝ.တ အစိုးရလက်ထက်မှာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကော်မတီကို ဖွဲ့ခဲ့ပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့ခဲ့တယ်။ တိုင်းမှူးနဲ့ ဒုတိုင်းမှူးက ဦးဆောင်ပြီး အဲဒီတုန်းက အမိန့်တစ်ရပ်နဲ့ သက်ဆိုင်ရာဌာနတွေကို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်စေခဲ့တယ်။ ဒါပေမယ့် ဟိုဌာနတာဝန်၊ ဒီဌာနတာဝန်နဲ့ မပြီးပြတ်တာတွေရှိတယ်။ နောက်တော့ ၂၀၁၀ ရွေးကောက်ပွဲအပြီး အစိုးရသစ်ပြောင်းတော့ ယာဉ်လိုင်းတွေကို ကြပ်မတ်ဖို့ မ.ထ.သ (ဗဟို)ဆိုတာ ဖြစ်လာပြန်တယ်။ ဒါလည်း မထိရောက်ခဲ့ဘူး။ နိုင်ငံတကာက မြို့ပြတွေမှာလို မြို့ပြသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့တစ်ခုက ဥပဒေနဲ့အညီ ကိုင်တွယ်ဆောင်ရွက်ဖို့လိုလာတယ်။ ဒါကြောင့် ယခု အစိုးရလက်ထက်မှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းလိုက်ပြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်နဲ့ ဆောင်ရွက်ပါတယ်။ အလားတူပဲ မ.ထ.သ အဖွဲ့ကို ဖျက်သိမ်းပြီးတော့ ယာဉ်လိုင်းတွေကိုလည်း အများပိုင်ကုမ္ပဏီအဆင့်အထိ ရောက်အောင် ဖွဲ့စည်းဆောင်ရွက်ဖို့၊ ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးကိုလည်း ဒီကုမ္ပဏီတွေကနေ သက်ဆိုင်ရာ လမ်းကြောင်းအလိုက် တာဝန်ယူပြေးဆွဲဖို့နဲ့ အာဏာပိုင်အဖွဲ့အနေနဲ့ ဒီကုမ္ပဏီတွေကနေတစ်ဆင့် ယာဉ်လိုင်းတွေကို ကြပ်မတ်ဖို့ ပြင်ဆင်ခဲ့ပါတယ်။ စနစ်တစ်ခုအပြောင်းအလဲမှာ အခက်အခဲတွေ အများကြီး ကြုံရမှာဖြစ်တဲ့အတွက် ဒါတွေကို အများပြည်သူနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားရမှာပါ။ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ စတင်ဖွဲ့စည်းကတည်းက အဓိကထားလုပ်ဆောင်မှာက ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲရေးပါ။ တစ်ဆက်တည်းမှာပဲ ယာဉ်ကြောရှင်းလင်းရေးစီမံချက်တွေကို နည်းလမ်းပေါင်းစုံသုံးပြီး ဆောင်ရွက်သွားမှာဖြစ်သလို တက္ကစီတွေကိုလည်း စစ်တမ်းကောက်ယူပြီး စနစ်တကျ ကြပ်မတ်သွားမှာပါ။ အလားတူ ရေကြောင်းပို့ဆောင်ရေးစနစ် စတင်နိုင်အောင်၊ ရထားပို့ဆောင်ရေးစနစ်နဲ့ ဘတ်စ်ကားလိုင်းစနစ်တွေ ချိတ်ဆက်နိုင်အောင်နဲ့ အထပ်မြင့်ယာဉ်ရပ်နားစခန်းတွေ အကောင်အထည်ဖော်တာတွေလည်း ပါဝင်မှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ပြောသည်။

မကြာမီရက်ပိုင်းအတွင်း စတင်တော့မည့် ဘတ်စ်ကားပို့ဆောင်ရေးစနစ်သစ်အတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် ခရီးစဉ်လမ်းကြောင်းများကို ၎င်းအာဏာပိုင်အဖွဲ့ ဝက်ဘ်ဆိုက်တွင် အသေးစိတ် ရှင်းလင်းဖော်ပြပေးမည်ဖြစ်ပြီး ခရီးစဉ်လမ်းကြောင်းများအတွက် ဘတ်စ်ကားမှတ်တိုင်များတွင် လမ်းညွှန်ဆိုင်းဘုတ်များ ထူထောင်ပေးမည်ဟု ကြေညာထားသည်။ ယင်းအပြင် မိုဘိုင်းဖုန်း အက်ပလီကေးရှင်းမှတစ်ဆင့် လမ်းကြောင်းများ လမ်းညွှန်နိုင်ရန် ပြင်ဆင်နေပြီး Call Centre မှတစ်ဆင့် စုံစမ်းမေးမြန်းနိုင်အောင်လည်း ဆောင်ရွက်ပေးမည်ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဒေါ်နော်ပန်းသဥ္ဇာမျိုးက သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။




## ဘက်ပေါင်းစုံဖော်ဆောင်မည့် စီမံချက်များရှိ

ယခု စတင်ဆောင်ရွက်မှုသည် ဘတ်စ်ကားလောကကို ပြုပြင်ရန်အလို့ငှာ၊ အများပြည်သူဝန်ဆောင်မှုကို အကောင်အထည်ဖော်ရန်အလို့ငှာ သယ်ယူပို့ဆောင်ရေးစနစ်

*စာမျက်နှာ ၈ သို့*

# ရန်ကုန်ဘတ်စ်ကားလိုင်းနှင့် ယာဉ်လိုင်းအရောင်များ

**၁** လှည်းကူးဈေးရှေ့ တာဆုံ၊ ဒရယ်ဖို - ပေါက်ကုန်း - ရဲမွန် - စီအိုတီ - ဇရပ်ကွင်း (တာဆုံ)-အင်းတိုင်-တရုတ်ကုန်း-သနပ်ပင်- သဃ်န်းကျွန်း - ရွာသာကြီး (စီးပွားရေးတက္ကသိုလ်)-တောင်မြောက်လမ်းဆုံ - စံပြဈေး - ဇဝန-သုမင်္ဂလာ-ရတနာလမ်း - မြင်သာ(ကညန)- စံပြဈေး

**၂** ယုဇန(ခိုင်ရွှေဝါလမ်း)-ပြည်ထောင်စုလမ်း-လှော်ကားလမ်း-မောင်းမကန်လမ်း-အမှတ် (၂)လမ်း-တောင်မြောက်လမ်းဆုံ-ပြည်ထောင်စုလမ်း-ဗိုလ်မှူးဗထူးလမ်း-မြောက်ဥက္ကလာပအဝိုင်း-ခေမာသီလမ်း-ဆေးတက္ကသိုလ်(၂)-မြောက်ဥက္ကလာပဆေးရုံ- သုဓမ္မာလမ်း-၆ကွေ့-အောင်မင်္ဂလာအဝေးပြေးဝင်း

**၃** ယုဇနဥယျာဉ်မြို့တော် - ပဲခူးမြစ်လမ်း - ရောဝဏ်လမ်း - မောင်းမကန်လမ်း-စည်ပင်လမ်း - တောင်မြောက်လမ်းဆုံ - စံပြဈေး - လေးထောင့်ကန်လမ်း-အရှေ့မြင်းပြိုင်ကွင်းလမ်း - တာမွေအဝိုင်း-ဗညားဒလလမ်း - ယုဇနပလာဇာ-မင်္ဂလာဈေး - ကျိုက္ကဆံလမ်း

**၄** ယုဇနဥယျာဉ်မြို့တော်- ပဲခူးမြစ်လမ်း - ရောဝဏ်လမ်း - ကွေ့မ - ရတနာလမ်း-တိုင်းရင်းသားကျေးရွာ - သံလျင်တံတားချဉ်းကပ်လမ်း - သာကေတအဝိုင်း-ကျောက်တိုင်-မင်းနန္ဒာလမ်း-မဟာဗန္ဓုလတံတား-အနော်ရထာလမ်း-ဆူးလေ

**၅** ရိုးမရိပ်သာ - ၈၉ လမ်းဆုံ - ပဲခူးမြစ်လမ်း - ယုဇနဥယျာဉ် - ကျွန်းရွှေဝါလမ်း-ရွှေလီလမ်း - ရတနာလမ်း - တိုင်းရင်းသားကျေးရွာ- သာကေတ(အဝိုင်း)-ကျောက်တိုင်-မင်းနန္ဒာလမ်း - စက်ဆန်းတံတား - ညောင်တန်း - အနော်ရထာလမ်း - ဗိုလ်တထောင်ဘုရားလမ်း - ဗိုလ်ချုပ်အောင်ဆန်းလမ်း

**၆** အောင်မြင့်မိုရ် - လှော်ကားလမ်း - မောင်းမကန်လမ်း - စည်ပင်လမ်း - တောင်မြောက်လမ်းဆုံ-စံပြဈေး-သံသုမာလမ်း-ဘေလီ- ချော်တွင်းကုန်း - နဝဒေး-ဧမိုင်လမ်းဆုံ - ကျိုက်ဝိုင်းဘုရားလမ်း - မင်းဓမ္မလမ်း - စော်ဘွားကြီးကုန်း-ပြည်လမ်း - ၁၀ မိုင်ကုန်း - ၉မိုင် - ဧမိုင်လမ်းဆုံ

**၇** တောင်ဒဂုံ (၇၀/၇၂) ရပ်ကွက် - ရတနာပုံလမ်း - ကျန်စစ်သားလမ်း - လှော်ကားလမ်း - ဘုန်းကြီးကျောင်းကွေ့ - ကုန်တိုက် - ပြည်ထောင်စုလမ်း - စက်မှုဇုန် - တောင်မြောက်လမ်းဆုံ - စံပြဈေး - ဇဝန - တာမွေ(ဗလီ)- မင်္ဂလာဈေး - သိမ်ဖြူ - အနော်ရထာလမ်း - ဆူးလေ - မဟာဗန္ဓုလလမ်း

**၈** အင်းဝအိမ်ရာ - သာကေတ(အဝိုင်း) - ရောဝဏ်လမ်း - ၇ ဈေးလမ်း - မြင်တော်သာလမ်း - သုဓမ္မာလမ်း - မင်းနန္ဒာလမ်း - ယမုံနာလမ်း - သာကေတ တံတား - မင်္ဂလာဈေး - နတ်မောက်လမ်း - ဦးထောင်ဘိုလမ်း - ရွှေတိဂုံဘုရားလမ်း - ဇီဝကလမ်း

**၉** တိုင်းရင်းသားနည်းပညာတက္ကသိုလ် - ရောဝဏ်လမ်း - ကျောက်တိုင် - မင်းနန္ဒာလမ်း - ဒေါပုံ - သာကေတတံတား - ယုဇနပလာဇာ- ကျိုက္ကဆံလမ်း - ရွှေဗဟို - သမိန်ဗရမ်းလမ်း - ကြက်ဘဲဈေး - သံသုမာလမ်း - သုဝဏ္ဏတံတား - ကျောက်တိုင်

**၁၀** တိုင်းရင်းသားကျေးရွာ - ရှုခင်းသာမြို့ပါတ်လမ်း - ၅ကွေ့ - ဇင်ဂမလမ်း - မင်းနန္ဒာလမ်း - ကျောက်တိုင် - သုဝဏ္ဏတံတား - အသင်းတိုက် - ဇဝန -သုမင်္ဂလာလမ်း - ပါရမီလမ်း - ချော်တွင်းကုန်း - နဝဒေး - သုဓမ္မာလမ်း - မြောက်ဥက္ကလာပအဝိုင်း - ဗိုလ်မှူးဗထူးလမ်း - ဒဂုံတက္ကသိုလ်

**၁၁** ခရေရိပ်မွန်အိမ်ရာ - ခရေပင်လမ်းခွဲ - စော်ဘွားကြီးကုန်း - အင်းစိန်ပန်းခြံ -ဗဟိုလမ်း -ရွာမကျောင်းလမ်း - ဗဟိုလမ်း - လှည်းတန်းခိုင်ရွှေဝါ - ဟံသာဝတီလမ်း-အထက်ကြည့်မြင်တိုင်လမ်း - ဗားကရာလမ်း - မြေနီကုန်း- ဓမ္မစေတီလမ်း - လင့်လမ်း - အနောက်ရွှေဂုံတိုင်လမ်း - သွေးဆေးကန်လမ်း- ရွှေတိဂုံဘုရားလမ်း - ဇီဝကလမ်း - ဦးဝိစာရလမ်း - ဦးထောင်ဘိုလမ်း

**၁၂** (၅၀)ကွေ့- ၄၆ လမ်းဆုံ - (၇/၈)လမ်းဆုံ - မဝတလမ်းဆုံ - ဘေလီ - ပါရမီလမ်း - နန္ဒဝန်ဈေး - သစ္စာလမ်း - မိုးကောင်းလမ်း - ကံဘဲ့လမ်း- ရန်ကင်းလမ်း - ဂွတ္တလစ်ဈေးကွေ့- တာမွေအဝိုင်း - ရွှေဂုံတိုင်လမ်း -ရွှေဂုံတိုင် - ရန်ကုန်ဘူတာကြီး - ဆူးလေ

**၁၄** ဒဂုံမြောက်(ဘုရင့်နောင်လမ်းဆုံ) - ဘုရင့်နောင်လမ်း- ပင်လုံလမ်း - ဘေလီ- သံသုမာလမ်း - ရတနာလမ်း - မိုးကောင်းလမ်း - တာမွေအဝိုင်း - ဦးချစ်မောင်လမ်း - ရန်ကင်းစင်တာ - ရန်ကင်းလမ်း - ရန်ရှင်းလမ်း - စက်မှု(၁)လမ်း - ကမ္ဘာအေးဘုရားလမ်း - ကုက္ကိုင်း - တက္ကသိုလ်ရိပ်သာလမ်း - လှည်းတန်းလမ်း - ဆင်မလိုက် - ကြည့်မြင်တိုင်ကမ်းနားလမ်း - သခင်မြပန်းခြံ

**၁၅** (၅၀)ကွေ့- ပြည်ထောင်စုလမ်း - ရာဇာသင်္ကြန်လမ်း - ကြိုးတံတား - ခေမာသီလမ်း - မြောက်ဥက္ကလာပအဝိုင်း - သုဓမ္မာလမ်း - နဝဒေး - ဧမိုင်လမ်းဆုံ - သမိုင်းလမ်းဆုံ - ဘုရင့်နောင်လမ်းဆုံ - ဘုရင့်နောင်လမ်း - ပေါက်တောဝ - အင်းစိန်ပန်းခြံ - ဘီအိုစီ - YTU - သမိုင်းလမ်းဆုံ

**၁၆** ရွှေပေါက်ကံ(တောင်ငူလမ်း) - ကျောက်လမ်း - ၆ကွေ့- မြောက်ဥက္ကလာပအဝိုင်း - နဝဒေး -ဧမိုင်လမ်းဆုံ -ဘုရင့်နောင်တံတား - ပုသိမ်လမ်း - သမကုန်း-ဒဂုံရောအဝေးပြေးဝင်း

**၁၇** ရွှေပေါက်ကံ - (ဆင်ဖို)- ၆ကွေ့- အောင်မင်္ဂလာအဝေးပြေးဝင်း - ခရေပင်လမ်းခွဲ - ဒညင်းကုန်းလမ်းဆုံ - ရွှေပြည်သာတံတား - ပေါက်တန်းအဝိုင်း - သမကုန်းအဝိုင်း - အနောက်ပိုင်းနည်းပညာတက္ကသိုလ်

**၁၈** ခရေရိပ်မွန် -အမှတ်(၃)လမ်းဆုံ-အောင်မင်္ဂလာအဝေးပြေးဝင်း - ၆ကွေ့- သုဓမ္မာလမ်း- ဘုန်းကြီးလမ်း - သံသုမာလမ်း - ဘေလီ - ပါရမီလမ်း - အသင်းတိုက် - သံသုမာလမ်း - ကြက်ဘဲဈေး - သမိန်ဗရမ်းလမ်း - ကျိုက္ကဆံလမ်း-အရှေ့မြင်းပြိုင်ကွင်းလမ်း - လေးထောင့်ကန်လမ်း - ဝေဇယန္တာလမ်း - ဇဝန

**၁၉** ရွှေပေါက်ကံ - (ဆင်ဖို) - ၆ကွေ့- သုဓမ္မာလမ်း - မြောက်ဥက္ကလာပအဝိုင်း - နဝဒေး - ဧမိုင်လမ်းဆုံ - သမိုင်းလမ်းဆုံ - ဘုရင့်နောင်လမ်းဆုံ - ဘုရင့်နောင်လမ်း-သီရိမင်္ဂလာဈေးသစ် - ဆင်မလိုက် - စံပြငါးဈေး - သခင်မြပန်းခြံ

**၂၀** TB ဆေးရုံ - ဒဂုံရောအဝေးပြေးဝင်း- သမကုန်းအဝိုင်း - ဘီအိုစီအဝိုင်း - ဘုရင့်နောင်တံတား - ဘုရင့်နောင်လမ်း - သီရိမင်္ဂလာဈေးသစ် - ဆင်မလိုက်-စံပြငါးဈေး - ဗားကရာလမ်း - မြေနီးကုန်း - လင့်လမ်း - ရွှေဂုံတိုင် - တာမွေအဝိုင်း - တာမွေလမ်း - ဗညားဒလလမ်း - ယုဇနပလာဇာ - သိမ်ဖြူ - မြရာကုန်းလမ်း - မြန်မာ့ဂုဏ်ရည်လမ်း - သိမ်ဖြူ

**၂၁** အနောက်ပိုင်းတက္ကသိုလ်(ထန်းတပင်)-ပေါက်ကုန်းအဝိုင်း - ရွှေပြည်သာတံတား - ၁၄လမ်းဆုံ - ဒညင်းကုန်း - အောက်မင်္ဂလာဒုံလမ်း - ပြည်တော်သာ - မင်းကြီးလမ်း - အင်းစိန်ပန်းခြံ-YTU -သမိုင်းလမ်းဆုံ - လှည်းတန်း - မြေနီကုန်း - စံပြ - ကမ်းနားလမ်း - မော်တင် - မဟာဗန္ဓုလလမ်း

**၂၂** အနောက်ပိုင်းတက္ကသိုလ်(ထန်းတပင်)-ပေါက်ကုန်းအဝိုင်း - ရိုးကြီး/ရိုးလေး-သမကုန်း-မီးခွက်ဈေး-အောင်ဇေယျတံတား-ပေါက်တောဝ-အင်းစိန်ပန်းခြံ-ဗဟိုလမ်း-အနောက်ကြို့ကုန်း-ဗဟိုလမ်း - ရွာမကျောင်းလမ်း - လှည်းတန်းခိုင်ရွှေဝါ-ဟံသာဝတီ-အထက်ကြည့်မြင်တိုင်လမ်း-စလင်းကွင်း-ဗားကရာ-အနောက်ပိုင်းဆေးရုံ - အလုံလျှပ်စစ်ရုံး - ဂျမခန်နာ - သခင်မြပန်းခြံ

**၂၃** (တူးချောင်း)-အနောက်ပိုင်းနည်းပညာတက္ကသိုလ် - ပုသိမ်လမ်း-သမကုန်းအဝိုင်း-ဘီအိုစီအဝိုင်း - ဘုရင့်နောင်တံတား-ဘုရင့်နောင်လမ်း - သီရိမင်္ဂလာဈေးသစ် - ဆင်မလိုက် - စံပြငါးဈေး - ကမ်းနားလမ်း - သခင်မြပန်းခြံ

**၂၄** ကျန်စစ်သားလမ်း-တပင်ရွှေထီးလမ်း-ပြည်ထောင်စုလမ်း-တောင်မြောက်လမ်းဆုံ-လေးထောင့်ကန်လမ်း-စံပြဈေး-ဇဝန-အသင်းတိုက်-သုဝဏ္ဏတံတား-သံသုမာလမ်း-ကြက်ဘဲဈေး-အထက်ပုဇွန်တောင်လမ်း-ပုဇွန်တောင်ဈေး-မဟာဗန္ဓုလတံတားအောက်-ရာဇဓိရာဇ်လမ်း-ကမ်းနားလမ်း-ဗိုလ်တထောင်ဘုရားလမ်း

**၂၅** ဒဂုံတက္ကသိုလ်-မင်းရဲကျော်စွာလမ်း-(၇/၈)လမ်းဆုံ-ပြည်ထောင်စုလမ်း-တောင်မြောက်လမ်းဆုံ - ငမိုးရိပ်တံတား - သံသုမာလမ်း - ကြက်ဘဲဈေး - သမိန်ဗရမ်းလမ်း - ရွှေဗဟိုရ် - တာမွေ(ဗလီ)-ကျိုက္ကဆံလမ်း- ယုဇနပလာဇာ - မင်္ဂလာဈေး

**၂၆** ဒဂုံတက္ကသိုလ်-မင်းရဲကျော်စွာလမ်း-ပြည်ထောင်စုလမ်း-ပင်လုံလမ်း-ဘေလီ-သံသုမာလမ်း-ရတနာလမ်း- အောင်ဇေယျလမ်း-မိုးကောင်းလမ်း-အရှေ့မြင်းပြိုင်ကွင်းလမ်း-တာမွေအဝိုင်း-သမိန်ဗရမ်းလမ်း-ကြက်ဘဲဈေး-အထက်ပုဇွန်တောင်လမ်း-ပုဇွန်တောင်ဈေး-မဟာဗန္ဓုလတံတားအောက်-ရာဇဓိရာဇ်လမ်း-ကမ်းနားလမ်း - ဗိုလ်တထောင်ဘုရားလမ်း

**၂၇** စိတ်ကျန်းမာရေး-မင်းရဲကျော်စွာလမ်း - ၁၃၃ရပ်ကွက် - ဒဂုံတက္ကသိုလ်-မင်းရဲကျော်စွာလမ်း-ပြည်ထောင်စုလမ်း-ဗိုလ်မှူးဗထူးလမ်း-ဦးဝိစာရလမ်း-ဘေလီ-သံသုမာလမ်း-ရတနာလမ်း-မိုးကောင်းလမ်း-အရှေ့မြင်းပြိုင်ကွင်းလမ်း-တာမွေအဝိုင်း-တာမွေလမ်း-ဗညားဒလလမ်း-ယုဇနပလာဇာ-မင်္ဂလာဈေး-ကျိုက္ကဆံလမ်း

**၂၈** ဒဂုံတက္ကသိုလ် - ဗိုလ်မှူးဗထူးလမ်း - မြောက်ဥက္ကလာပအဝိုင်း - နဝဒေး - ကမ္ဘာအေးဘုရားလမ်း - ဗဟန်း(၃)လမ်း - ရန်ကုန်ဘူတာကြီး - ဆူးလေမြို့တော် ခန်းမ

**၂၉** ဒဂုံတက္ကသိုလ် - ကျန်စစ်သားလမ်း - မင်းရဲကျော်စွာလမ်း - ပြည်ထောင်စုလမ်း-ပင်လုံလမ်း - ဘေလီ - သံသုမာလမ်း - သစ္စာလမ်း - ကံဘဲ့လမ်း-ရန်ကင်းလမ်း - ဂွတ္တလစ်ဈေး - တာမွေအဝိုင်း - ရွှေဂုံတိုင် - ကမ္ဘာအေးဘုရားလမ်း - ရန်ကုန်ဘူတာကြီး - ဆူးလေ

**၃၀** ဒဂုံတက္ကသိုလ် - ကျန်စစ်သားလမ်း - မင်းရဲကျော်စွာလမ်း - ပြည်ထောင်စုလမ်း-ဘေလီ - ပါရမီ - ညောင်ပင် - ကမ္ဘာအေးဘုရားလမ်း - ဧမိုင်လမ်းဆုံ - လှည်းတန်းလမ်း - ကြည့်မြင်တိုင် - သခင်မြပန်းခြံ

**၃၁** သန်လျင်(အရှေ့ပိုင်းတက္ကသိုလ်)-သန်လျင်ကျောက်တန်းလမ်း - သန်လျင်အမှတ်(၁)တံတား - ရှုခင်းသာမြို့ပါတ်လမ်း - ယမုံနာလမ်း - မဟာဗန္ဓုလတံတား - ဗိုလ်တထောင်ဈေးလမ်း - အနော်ရထာလမ်း - ဗိုလ်တထောင်ဘုရားလမ်း - ကုန်သည်လမ်း - ဗိုလ်တထောင်ဈေးလမ်း

**၃၂** ရေကြောင်းတက္ကသိုလ်-ဘုရားလမ်းဆုံ-သန်လျင်(မြို့မဈေး) - ဗိုလ်ချုပ်နေဝင်းလမ်း - သန်လျင်အမှတ်(၁)တံတား - သာကေတအဝိုင်း - ရောဝဏ်လမ်း-ကျောက်တိုင် - သုဝဏ္ဏတံတား - ဝေဇယန္တာလမ်း - လေးထောင့်ကန်လမ်း - ဇဝန - သုမင်္ဂလာလမ်း - ပါရမီလမ်း-ဘေလီ-သံသုမာလမ်း - ဘုန်းကြီးလမ်း-မြောက်ဥက္ကလာပအဝိုင်း - အမှတ်(၃)လမ်းဆုံ - ခရေရိပ်မွန်အိမ်ရာ

**၃၃** ကျောက်တန်း - ကျောက်တန်း(သန်လျင်လမ်း) - သန်လျင်အမှတ်(၁)တံတား - သာကေတအဝိုင်း - ကျောက်တန်း - မင်းနန္ဒာလမ်း - ဒေါပုံ-မင်္ဂလာဈေး - ကျိုက္ကဆံလမ်း - ဗညားဒလလမ်း - ယုဇနပလာဇာ

**၃၄** ခရမ်းသုံးခွ - အရှေ့ပိုင်းတက္ကသိုလ် - သန်လျင်ကျောက်တန်းလမ်း - သန်လျင်အမှတ်(၁)တံတား - သာကေတ(အဝိုင်း) - မြင်တော်သာလမ်း - မဟာဗန္ဓုလတံတား - ဗိုလ်တထောင်ဘုရားလမ်း - ကမ်းနားလမ်း - သိမ်ဖြူလမ်း - မဟာဗန္ဓုလလမ်း

**၃၅** ထောက်ကြန့် - နွယ်ခွေ - အမှတ်(၃)လမ်း ပုလဲမြို့သစ်-အမှတ် (၃)လမ်းဆုံ-ခရေပင်လမ်းခွဲ - ပြည်လမ်း - ဧမိုင်လမ်းဆုံ - လှည်းတန်း - မြေနီကုန်း - ဘုန်းကြီးလမ်း-ကမ်းနားလမ်း - မော်တင် - မဟာဗန္ဓုလလမ်း

**၃၆** ထောက်ကြန့် - နွယ်ခွေ - အမှတ်(၃)လမ်း - ပုလဲမြို့သစ် -အမှတ်(၃)လမ်းဆုံ-သုဓမ္မာလမ်း - မြောက်ဥက္ကလာပအဝိုင်း - နဝဒေး - ကမ္ဘာအေးဘုရားလမ်း - ဗဟန်း(၃)လမ်း - ရန်ကုန်ဘူတာကြီး-ဆူးလေ

**၃၇** ထောက်ကြန့်-ပြည်လမ်း - ခရေပင်လမ်းခွဲ - စော်ဘွားကြီးကုန်း - ၁၀မိုင်ကုန်း - ဧမိုင်လမ်းဆုံ - လှည်းတန်း - မြေနီကုန်း - စံပြ- ဘုန်းကြီးလမ်း - ကမ်းနားလမ်း - မော်တင် - မဟာဗန္ဓုလလမ်း

**၃၈** ဘေလီ-သံသုမာလမ်း-တောင်ဥက္ကလာဘုရား - သစ္စာလမ်း- မိုးကောင်းလမ်း-ရန်ကင်းလမ်း - ရန်ရှင်းလမ်း - စက်မှု(၁)လမ်း - ကမ္ဘာအေးဘုရားလမ်း-ကုက္ကိုင်း - တက္ကသိုလ်ရိပ်သာလမ်း - လှည်းတန်းလမ်း - ဆင်မလိုက် - ဘုရင့်နောင်လမ်း - သီရိမင်္ဂလာဈေးသစ်

**၃၉** ရွှေပြည်သာ(လိန်ကုန်း)-အမှတ်(၄)လမ်း-ကွန်ပျူတာတက္ကသိုလ်-ဒညင်းကုန်း-ပြည်တော်သာ(အောက်လမ်း)-ဘီအိုစီ-YTU-သမိုင်းလမ်းဆုံ-လှည်းတန်း-မြေနီကုန်း-စံပြ-ဘုန်းကြီးလမ်း-ကမ်းနားလမ်း-မော်တင်-မဟာဗန္ဓုလလမ်း

**၄၀** ရွှေပြည်သာ(လိန်ကုန်း) - ထန်းခြောက်ပင် - ပုလဲလမ်း - ၁၄လမ်းဆုံ - ဒညင်းကုန်းလမ်း - ပြည်တော်သာ - ဘုရင့်နောင်လမ်းမကြီး - ပေါက်တောဝ- ဘုရင့်နောင် - သီရိမင်္ဂလာဈေးသစ် - ဆင်မလိုက် - စံပြငါးဈေး - ကမ်းနားလမ်း - သခင်မြပန်းခြံ

**၄၁** ထောက်ကြန့် - ပြည်လမ်း - စော်ဘွားကြီးကုန်း - လမ်းသစ်လမ်း - အင်းစိန်ပန်းခြံ - လှည်းတန်းလမ်း - ၃ ထောင့်ကွေ့- အောက်ကြည့်မြင်တိုင်လမ်း - အထက်ကြည့်မြင်တိုင်လမ်း - သခင်မြပန်းခြံ

**၄၂** ရွှေပြည်သာ(လိန်ကုန်း) - လှော်ကားလမ်း - မဟာဗန္ဓုလလမ်း - ဘုရင့်နောင်လမ်း - ထန်းခြောက်ပင် - ရွှေပြည်သာကွေ့- ဒညင်းကုန်းလမ်းဆုံ - ခရေပင်လမ်းခွဲ - အမှတ်(၃)လမ်းဆုံ - သုဓမ္မာလမ်း - ဘုန်းကြီလမ်း - သံသုမာလမ်း-ကမာကြည်လမ်း - သာကေတအဝိုင်း - သန်လျင်တံတား - ချဉ်းကပ်လမ်း-ရှုခင်းသာမြို့ပါတ်လမ်း - ရတနာလမ်း

**၄၃** လိန်ကုန်း - လှော်ကားလမ်း - တာဆုံ - အမှတ်(၄)လမ်း - ပြည်လမ်း - မှော်ဘီဈေးရှေ့

**၄၄** လိန်ကုန်း - လှော်ကားလမ်း - တာဆုံ - အမှတ်(၄)လမ်း - ဒညင်းကုန်း-ခရေပင်လမ်းခွဲ - ထောက်ကြန့် - ရန်ကုန်ပဲခူးလမ်း - လှည်းကူးဈေးရှေ့

**၄၅** လှည်းကူးဈေးရှေ့- ဖောင်ကြီးလမ်း - ဖောင်ကြီး - မင်းကုန်း

**၄၆** ဒါးပိန်-အမှတ်(၂)လမ်း - ရွာသာကြီး(စီးပွားရေးတက္ကသိုလ်)- တောင်မြောက်လမ်းဆုံ

**၄၇** လှိုင်သာယာဘီအိုစီ - တွံတေးကြိုးတံတား-တွံတေးမြို့- ဘုရားငုတ်တို-ကံဘဲ့-တွံတေး

**၄၈** ဒလ - ဘုရားငုတ်တို - တွံတေး

**၄၉** လှိုင်သာယာဘီအိုစီ - တွံတေးကြိုးတံတား- ဘုရားငုတ်တို - ကံဘဲ့ - ကော့မှူး-ကွမ်းခြံကုန်း

**၅၀** ဒလ - ဘုရားငုတ်တို - ကံဘဲ့ - ကော့မှူး - ကွမ်းခြံကုန်း

**၅၁** ပဲခူး - သနပ်ပင် - ခရမ်း

**၅၂** ထန်းတပင် - ရန်ကုန်ပုသိမ်လမ်း - ရန်ကုန်ညောင်တုန်းလမ်း - မီးခွက်ဈေး

**၅၃** ရွှေလင်ဗန်းလမ်းဆုံ - ကျန်စစ်သားလမ်း - ညောင်တုန်းလမ်း - ဗိုလ်အောင်ကျော်လမ်း - ရွှေလင်းဗန်းလမ်းဆုံ

**၅၄** ဧ၆ဂိတ် - အနော်ရထာလမ်း - ရွှေရင်အေးလမ်း - ဗိုလ်အောင်ကျော်လမ်း-အောက်ထိပ် - ပုသိမ်လမ်း - ကျန်စစ်သားလမ်း - ညောင်တုန်းလမ်း - ဗိုလ်အောင်ကျော်လမ်း - ရွှေရင်အေးလမ်း - ဧ၆ဂိတ်

**၅၅** တိုက်ကြီးဥက္ကံ - မြောင်းတကာ - မှော်ဘီနည်းပညာတက္ကသိုလ် - မှော်ဘီ - ထောက်ကြန့်

**၅၆** သခင်မြပန်းခြံ - ဗိုလ်ချုပ်အောင်ဆန်းလမ်း - ဗိုလ်တထောင်ဘုရားလမ်း - ကုန်သည်လမ်း - ကမ်းနားလမ်း - သခင်မြပန်းခြံ

**၅၇** သခင်မြပန်းခြံ - ကမ်းနားလမ်း - မဟာဗန္ဓုလလမ်း - ဗိုလ်တထောင်ဘုရားလမ်း - ကမ်းနားလမ်း - သခင်မြပန်းခြံ

**၅၈** ဗိုလ်တထောင်ဘုရား(ကမ်းနားလမ်း) - ဗိုလ်တထောင်ဘုရားလမ်း - အနော်ရထာလမ်း - ကမ်းနားလမ်း - ဗိုလ်တထောင်ဘုရား

**၅၉** သဃ်န်းကျွန်းစံပြဈေး - သံသုမာ - ကြက်ဘဲဈေး - အာသောကလမ်း - တာမွေအဝိုင်း- သမိန်ဗရမ်းလမ်း - ရွှေဂုံတိုင်လမ်း- ရွှေဂုံတိုင်ခုံးကျော်တံတား- ရွှေဂုံလမ်း - ဓမ္မစေတီလမ်း- ဗားကရာလမ်း- အောက်ကြည့်မြင်တိုင်လမ်း - သခင်မြပန်းခြံလမ်း - ကြည့်မြင်တိုင်ကမ်းနားလမ်း - နှင်းဆီကုန်းလမ်း

**၆၀** တောင်ဒဂုံ - သာကေတရောဝဏ် - ပြည်ထောင်စုလမ်းဆုံ - ပြည်ထောင်စုလမ်းမကြီး - တောင်မြောက်လမ်းဆုံ - အမှတ်(၂)လမ်း - သဃ်န်းကျွန်းစံပြဈေး - သံသုမာလမ်း - ရတနာလမ်း - အောင်ဇေယျလမ်း - ကျောက်ကုန်း

# နမ့်ဆန်မြို့နှင့် ကျောက်မဲမြို့နယ်အတွင်းရှိ မိုင်းငေါ့တပ်စခန်းတို့အား TNLA လက်နက်ကိုင်များ အကြိမ်ကြိမ်လာရောက်နှောင့်ယှက်ပစ်ခတ်




**နေပြည်တော် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ နမ့်ဆန်မြို့အနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းသည် ဇန်နဝါရီ ၁၀ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က နမ့်ဆန်မြို့၏ အရှေ့တောင်ဘက် မိုင် ၁၃၀၀ ခန့်အကွာ၌ TNLA လက်နက်ကိုင်အင်အား ၂၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ည ၇ နာရီခွဲခန့်တွင် လက်နက်ကိုင်အဖွဲ့သည် တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ လက်နက်ကိုင်အဖွဲ့နောက်သို့ တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းစဉ် ည ၈ နာရီခန့်တွင် နမ့်ဆန်မြို့အဝင်ရှိ မန်ခိုက်နတ်စင်ကုန်းတစ်ဝိုက်၌ TNLA လက်နက်ကိုင်များက ခေတ္တခြေကုပ်ယူ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မိမိဘက်မှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် ပစ်ခတ်မှုရပ်တန့်သွားခဲ့ကြောင်း။

**ခေတ္တရပ်တန့်သွား**

ည ၇ နာရီ ၄၅ မိနစ်ခန့်ကလည်း TNLA လက်နက်ကိုင်များက နမ့်ဆန်မြို့ နမ္မဝေါရပ်ကွက်အနီးရှိ တာဝါတိုင်ကုန်း၊ ပတ္တမြားစေတီနေရာတို့မှ နမ့်ဆန်မြို့အတွင်းနှင့် တပ်မတော်လက်ဖက်ခြောက်စက်ရုံနေရာသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ ည ၇ နာရီ ၅၅ မိနစ်ခန့်တွင် နှောင့်ယှက်ပစ်ခတ်မှု ခေတ္တရပ်တန့်သွားခဲ့ကြောင်း သိရသည်။

ထို့အပြင် ည ၈ နာရီခွဲမှစတင်၍ ၁၀ မိနစ်ခန့်လျှင်တစ်ကြိမ် နမ့်ဆန်မြို့အတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် မကြာခဏ နှောင့်ယှက်ပစ်ခတ်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းက နမ့်ဆန်မြို့ လုံခြုံရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရကြောင်း သိရှိရသည်။

အလားတူ ယင်းနေ့ ည ၇ နာရီ ၁၅ မိနစ်ခန့်က ကျောက်မဲမြို့နယ်အတွင်းရှိ မိုင်းငေါ့တပ်စခန်းကို TNLA လက်နက်ကိုင်အင်အား ၅၀ ခန့်က ၆၀ မမစိန်ပြောင်း၊ RPG၊ စက်လတ်များဖြင့် နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် စခန်းရှိ တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်များတွင် လက်နက်ကိုင်များလာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည့်နေရာများ၊ ခေတ္တအခြေပြုလျက်ရှိသည့်နေရာများနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်တို့ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# တိုက်ခိုက်မှုကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ထောက်ပံ့ငွေပေးအပ်

**မူဆယ် ဇန်နဝါရီ ၁၁**



ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်းဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသည့် ပြည်သူ ၁၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော ပြည်သူ ၂၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်လေးသိန်း ငါးသောင်းရှစ်ထောင်နှုန်းဖြင့် လည်းကောင်း စုစုပေါင်း ငွေကျပ်သိန်း ၂၁၀ ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များက လက်ခံရယူခဲ့ကြသည်။

မူဆယ်ခရိုင်အတွင်း ၂၀-၁၁-၂၀၁၆ မှ ၆-၁၂-၂၀၁၆ ရက်အတွင်း ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၆၇ ဦးအတွက် ငွေကျပ် ၁၁၉ သိန်းနှင့် သေဆုံးခဲ့သူ ၃၀ တို့အတွက် နှစ်သိမ့်ထောက်ပံ့ငွေကျပ် သိန်း ၂၄၀ စုစုပေါင်းငွေကျပ် ၃၅၉ သိန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ မင်းပြား၌ ကျင်းပ

**မင်းပြား ဇန်နဝါရီ ၁၁**

Iom အဖွဲ့က မင်းပြားမြို့နယ်၏ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများလျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ထားခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးအပြင် အရေးပေါ်တုံ့ပြန်ခြင်းလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်၊ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက မင်းပြားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ Mr. Alfian Dedy က မင်းပြားမြို့နယ်၏ သဘာဝဘေးအန္တရာယ်ပြမြေပုံများရေးဆွဲခြင်းနှင့် ရလဒ်များအား အကဲဖြတ်ခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းက မြို့နယ်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရှင်းလင်းသည်။ အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အင်န်ဂျီအို အဖွဲ့အစည်းများတက်ရောက်ဆွေးနွေးကြသည်။ မင်းပြားမြို့နယ်သည် ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ ရေလွှမ်းမိုးခြင်း၊ မီးဘေး၊ မြေလျှော၊ မြစ်ကမ်းပါးပြိုခြင်း စသောဘေးအန္တရာယ်ငါးမျိုးခံစားနေရသည့် မြို့နယ်တစ်ခုဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သရက်အုပ်ကျေးရွာမှ အိမ်ထောင်စု ၁၅ စုအား ဆိုလာမီးအိမ်များ ပေးအပ်

**မောင်တော ဇန်နဝါရီ ၁၁**

မောင်တောမြို့နယ် သရက်အုပ်ကျေးရွာမှ အိမ်ထောင်စု ၁၅ စုအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦးက ဆိုလာမီးအိမ် ၁၅ ခုကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက သရက်အုပ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ သွားရောက်ပေးအပ်ခဲ့သည်။

ဆိုလာမီးအိမ်ပေးအပ်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က မောင်တောမြို့နယ်အတွင်း ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သရက်အုပ်ကျေးရွာသို့ ရောက်ရှိစဉ်အတွင်း ဆိုလာမီးအိမ်များ ပေးအပ်လှူဒါန်းရန် မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လာရောက်ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

"လျှပ်စစ်မီး အခက်အခဲရှိတဲ့ ကျွန်တော်တို့ရွာကို အခုလို ဆိုလာမီးအိမ်တွေ လာရောက်ပေးအပ်လှူဒါန်းတဲ့အတွက် ရပ်ရွာပြည်သူတွေကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်။ ဆိုလာမီးရဲ့အကျိုးကျေးဇူးကြောင့် ညဘက်ဆိုရင် ဖယောင်းတိုင်မီး မလိုအပ်တော့တဲ့အတွက် မီးဘေးအန္တရာယ်အတွက် မစိုးရိမ်ရတော့ပါဘူး။ နောက်ပြီးတော့ ကလေးတွေအတွက်လည်း ညဘက်စာကျက်၊ စာဖတ်လို့ရပါတယ်" ဟု သရက်အုပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းမောင်က ပြောကြားသည်။

ယခု ပေးအပ်သည့် ဆိုလာမီးအိမ်တွင် 10 Watt Solar ပြား၊ 7.5 AH/ 12 V Battery၊ 3A Charging and Load Control Circuit၊ 3 Watt High Power LED မီးခေါင်းနှင့် ၁၅ ပေ ဝိုင်ယာကြိုး၊ 3 Watt High Power LED မီးခေါင်းနှင့် ၁၀ ပေ ဝိုင်ယာကြိုး၊ 1 Watt Low Power LED မီးခေါင်းနှင့် ငါးပေဝိုင်ယာကြိုးတို့ ပါဝင်ကြောင်း သိရသည်။

**ကိုမင်း**



*စာမျက်နှာ ၆ မှ*

ခြေလှမ်းအစဟု ဆိုခဲ့သည့်အတိုင်း သက်ဆိုင်ရာအပြင် ဆက်စပ်နေသောဌာနဆိုင်ရာများ၊ အများပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများလည်း လိုအပ်မည်ဟု သိရသည်။ အလားတူ ပညာရှင်များ အကြံပြုဆွေးနွေးတင်ပြခဲ့သည့်အတိုင်း မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်နှင့် မြို့ပြယာဉ်လမ်းကြောများ စနစ်တကျ ရှင်းလင်းစွာ သွားလာနိုင်ရေးမှာလည်း ဘက်ပေါင်းစုံမှ တစ်ပြိုင်နက်တည်း ဖြေရှင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံချက်များစွာကလည်း ရှိနေပြန်သည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမြို့တော် ဖြစ်သည်သာမက တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ အဓိကတည်ရှိရာ မြို့ပြလည်းဖြစ်သောကြောင့်ပင် ဖြစ်သည်။

နေ့စဉ် ဘတ်စ်ကားများပေါ်၌ အချိန်များစွာပေး၍ ပင်ပန်းစွာ သွားလာနေကြရမှုများသည် တစ်ဦးတစ်ယောက်ချင်း၏ အလုပ်လုပ်နိုင်မှုစွမ်းရည်၊ ကုန်ထုတ်လုပ်မှုစွမ်းရည်များကို လျော့ကျစေသည်ဖြစ်ရာ နေ့စဉ် လူသန်းနှင့်ချီ သွားလာနေကြရာတွင် ကျွမ်းကျင်ပညာရှင်တို့၏ ဝေဖန်သုံးသပ်ချက်အရ ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်မရှိခြင်းသည် တိုင်းပြည်၏ GDP ကို လျော့ကျစေသည်ဟု ဝေဖန်ထားသည်။

**ယုံကြည်ထား**

အလားတူ အများပြည်သူလူထုအနေဖြင့်လည်း နေ့စဉ် ဘတ်စ်ကားစီးနင်းနေရသောဒုက္ခများကို အင်မတန်စိတ်ပျက်နေပြီး မဖြစ်မနေမို့သာ သွားလာနေရသည်ဟု ညည်းညူလျက်ရှိကြသည်။ ထိုသို့ ညည်းညူမှုများ နှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင် ပြောင်းလဲသွားခြင်းမရှိခဲ့ရာမှ ယနေ့ ပြုပြင်ပြောင်းလဲတော့မည့် စနစ်သစ်တွင် အများပြည်သူဝန်ဆောင်မှုကို ဗဟိုပြုသည့်၊ အများပြည်သူ ကြိုက်နှစ်သက်အားထားရသည့် ယာဉ်လိုင်းစနစ် ဖြစ်ပေါ်လာရန်မှာ လိုအပ်ချက်အခက်အခဲများစွာ ရှိနေမည်ဖြစ်သော်လည်း ပြည်သူလူထုအားဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆိုထားသည်။

လက်ရှိတွင် ရန်ကုန်မြို့၌ ပြေးဆွဲနေသည့် BRT Lite ကဲ့သို့ အများပိုင်ယာဉ်လိုင်းအဆင့်သို့ရောက်ရှိရန် ကျန်ယာဉ်လိုင်းကုမ္ပဏီများအနေဖြင့် ဆောင်ရွက်ရဦးမည်ဖြစ်သည့်အပြင် အဆိုပါ BRT Lite ယာဉ်လိုင်းသည်လည်း နိုင်ငံတကာ မြို့ပြများ၌ပြေးဆွဲနေသည့် BRT Lite သီးသန့်လမ်းကြောင်းဖြင့် ပြေးဆွဲနိုင်သည့် အနေအထားသို့ရောက်ရှိရန် ကြိုးစားပြင်ဆင်ရဦးမည်ဖြစ်သည်။ အလားတူ နိုင်ငံတကာမြို့ပြ ပို့ဆောင်ရေးများကဲ့သို့ ပြည်သူဗဟိုပြုဝန်ဆောင်မှုပေးရာတွင် အရှုံးခံဆောင်ရွက်ရမှုများရှိနိုင်ရာ အစိုးရ၏ ပံ့ပိုးမှုများသည်လည်း အဓိကကျလာမည်ဖြစ်သည်။ သို့ရာတွင် လက်ရှိတွင် ယာဉ်လိုင်းများ၏ ကိုယ်ရကိုယ်ယူစနစ်၊ အပြိုင်အဆိုင် အလုအယက် ခရီးသည်လုတင်ကာ ငွေရှာသည့်စနစ်၊ ပြိုင်မောင်းလုမောင်းနေသည့်စနစ်မှ စနစ်တကျ ကိုင်တွယ်အရေးယူနိုင်သည့်စနစ်သို့ စတင်ပြောင်းလဲတော့မည်ဖြစ်ရာ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများနှင့် စီမံအုပ်ချုပ်နိုင်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်တို့ အရေးပါလာမည်ဖြစ်သကဲ့သို့ အများပြည်သူသဘောထားဆန္ဒများ၊ အခက်အခဲများ၊ ပြည်သူ့အသံများကိုလည်း နားစွင့်ဆောင်ရွက်ပေးရမည်ဟု ရန်ကုန်မြို့ပြရေးရာ ကျွမ်းကျင်ပညာရှင်များက သုံးသပ်ကြသည်။

# မောင်တောမြို့နယ် မောင်နီကျေးရွာ၌ စက်တပ်ငါးဖမ်းရေယာဉ်များအား မှတ်ပုံတင်များကွင်းဆင်းဆောင်ရွက်

**မောင်တော ဇန်နဝါရီ ၁၁**

မောင်တောမြို့နယ်အတွင်း၌ အောက်တိုဘာ ၉ ရက်က အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားခဲ့မှုကြောင့် ရပ်နားထားခဲ့ရသော ငါးဖမ်းရေယာဉ်များအား မှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ ခုတ်မောင်းခွင့်လိုင်စင်ပြုလုပ်ပေးခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပြုလုပ်ပေးခြင်းများကို မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ပြည်နယ်ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်အာမခံလုပ်ငန်းနှင့် မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက မောင်တောမြို့နယ် မောင်နီကျေးရွာ ငါးဖမ်းစက်လှေအသင်းရုံးတွင် ရေလုပ်ငန်းရှင်များအား တွေ့ဆုံ၍ မှတ်ပုံတင်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ဒေသခံပြည်သူများဝင်ငွေရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ရရှိရေးတို့အတွက် ငါးဖမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာတာဝန်ရှိသူများက ယခုလို ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ငါးဖမ်းခြင်းကို အကြောင်းပြု၍ တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ အကြမ်းဖက်သမားများနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ကြခြင်းမပြုလုပ်ကြရန် ပြောကြားသည်။

ထို့နောက် သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီသည့် ငါးဖမ်းစက်လှေ ၂၀ စင်းကို ပူးပေါင်းအဖွဲ့က နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြသည်။ မောင်နီကျေးရွာအား ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ ဆက်လက်၍ အလယ်သံကျော်ရွာနှင့် ပညောင်ပင်ကြီးရွာတို့တွင်လည်း စီမံချက်ကာလအတွင်း၌ နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မောင်တောမြို့နယ်အတွင်းရှိ ငါးဖမ်းစက်လှေများ၏ကုန်းပတ်နှင့် အပေါ်ကိုယ်ထည်တို့တွင် အဏ္ဏာမြူအစိမ်းနုအရောင်ခြယ်သ၍ ထိပ်ဦးပိုင်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင် အဝါရောင်အောက်ခံ၌ အနက်ရောင်စာလုံးများဖြင့် ရေယာဉ်အမည်နှင့် မှတ်ပုံတင်အမှတ်တို့ကို ရေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



မောင်တောမြို့နယ်အတွင်းရှိ ရပ်နားထားသော စက်တပ်ငါးဖမ်းရေယာဉ်အချို့အား တာဝန်ရှိသူများက မှတ်ပုံတင်များကွင်းဆင်းဆောင်ရွက်ပေးစဉ်

# မြန်မာနိုင်ငံအခြေပြု နိုင်ငံတကာသံတမန်များအဖွဲ့ မောင်တောဒေသအတွင်း ကွင်းဆင်းလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၁၁**

အမေရိကန်၊ ဗြိတိန်၊ ဩစတေးလျသံရုံးနှင့် ECHO တို့မှ သံတမန်များပါဝင်သည့် မြန်မာနိုင်ငံအခြေပြု နိုင်ငံတကာသံတမန်များအဖွဲ့သည် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများ၊ မီးလောင်နေရာများ၊ ကျေးလက်ဆေးပေးခန်းများသို့ ယမန်နေ့ကသွားရောက်ပြီး စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးအခြေအနေများကို ကွင်းဆင်းကြည့်ရှု လေ့လာမေးမြန်းကြသည်။

သံတမန်များအဖွဲ့သည် နံနက်ပိုင်းတွင် ကြီးကန်းပြင်ကျေးရွာအုပ်စု ဝါးပိတ်ကျေးရွာရှိ မီးလောင်မြေနေရာများနှင့် ဒါးကြီးစားကျေးရွာရှိ မီးလောင်မြေနေရာများကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မောင်တောမြို့မဈေးအား လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။



ယင်းနောက် သံတမန်များအဖွဲ့သည် ညောင်ချောင်းကျေးရွာအုပ်စု ရွှေရင်အေးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးခန်းနှင့် အလယ်သံကျော်ကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဆေးခန်းများသို့သွားရောက်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ လူနာရောက်ရှိမှုအခြေအနေ၊ အဖြစ်များသည့်ရောဂါများ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေတို့အား မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် သံတမန်များအဖွဲ့သည် ဂေါ်ဒူသာရကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားအချို့အားတွေ့ဆုံ၍ စီးပွားရေး၊ လူမှုရေးအခြေအနေနှင့် လုံခြုံရေးအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။
**(သတင်းစဉ်)**

# မောင်တောဒေသတိုင်းရင်းသားများအတွက် အလှူငွေများ ထောက်ပံ့ပေးအပ်

**စစ်တွေ ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ဒေသတွင်းပြည်သူများ စားဝတ်နေရေးအတွက် ပြည်တွင်း ပြည်ပအလှူရှင်များ၊ စေတနာရှင်များ၊ လူမှုပရဟိတအဖွဲ့အစည်းများမှ လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ Unity Star ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဟန်အုန်းနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ စေတနာရှင်များက အလှူငွေကျပ် ငါးသိန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ ယင်းအလှူငွေများကို ဆရာကြီး ဦးဟန်အုန်းကပေးအပ်လှူဒါန်းရာ ပြည်နယ်အစိုးရအဖွဲ့ အလှူငွေလက်ခံသုံးစွဲရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်စွာထွန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။
**တင်ထွန်း(ပြန်/ဆက်)**

# မောင်တောမြို့နယ်ရှိ ကျေးရွာများအား ထောက်ပံ့

**မောင်တော ဇန်နဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မောင်တောမြို့နယ်အတွင်း ဆန်နှင့်ပဲများ ထောက်ပံ့ခြင်းအား ဆက်လက်လုပ်ဆောင်လျက်ရှိရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် မြို့နယ်အတွင်းရှိ ကျေးရွာများအား သွားရောက်ထောက်ပံ့ပေးခဲ့သည်။

နံနက်ပိုင်းတွင် ဒါးကြီးစားကျေးရွာအုပ်စုရှိ မြောတောင်၊ ရေခပ်ချောင်းခွဆုံကျေးရွာများမှ အိမ်ထောင်စု ၂၅၇ စု လူဦးရေ ၁၈၀၃ ဦးအတွက် ဆန် ၆၄ ဒသမ ၂၅ အိတ်၊ ပဲလေးအိတ်နှင့် ၂၈ ပိဿာကို ဒါးကြီးစား စာသင်ကျောင်းတွင် လည်းကောင်း၊ ငါးခူရကျေးရွာအုပ်စုရှိ အထက်ပြူးမ၊ အောက်ပြူးမ၊ ငါးခူရ(ဟိန္ဒူ)၊ ဦးရှည်ကျကျေးရွာများမှ အိမ်ထောင်စု ၇၃၈ စု လူဦးရေ ၆၉၆၄ ဦးအတွက် ဆန် ၁၈၄ ဒသမ ၅ အိတ်၊ ပဲ ၁၂ အိတ်နှင့် သုံးပိဿာကို ငါးခူရကျေးရွာ ဓမ္မာရုံတွင်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် တောင်ပြိုကျေးရွာအုပ်စုရှိ တောင်ပြိုလက်ယာ၊ သဲချောင်း၊ လိပ်ရဲ၊ ဇီးပင်ချောင်း၊ ကျွန်းပေါက်ပြုစု၊ ရေတွင်းပြင်၊ မီးတိုက်ကျေးရွာများမှ အိမ်ထောင်စု ၁၁၉၁ စု လူဦးရေ ၁၀၄၁၉ ဦးအတွက် ဆန် ၂၉၇ ဒသမ ၇၅ အိတ်နှင့် ပဲ ၁၉ အိတ်ကို တောင်ပြိုမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားသည်။ ယနေ့ မောင်တောမြို့နယ်အတွင်း ကျေးရွာများအား ထောက်ပံ့မှုစုစုပေါင်းမှာ ဆန် ၅၄၆ ဒသမ ၅ အိတ်နှင့် ပဲ ၃၆ အိတ်နှင့် တစ်ပိဿာရှိကြောင်း သိရသည်။

ဝန်ကြီးဌာနအနေဖြင့် ဇန်နဝါရီ ၆ ရက်မှ ဇန်နဝါရီ ၁၁ ရက်အတွင်း မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၄ စု ကျေးရွာပေါင်း ၅၂ ရွာ အိမ်ထောင်စု ၇၃၈၀ စုမှ လူဦးရေ ၅၉၉၆၂ ဦးအတွက် ဆန် ၁၈၄၅ အိတ်၊ ပဲ ၁၂၃ အိတ် စုစုပေါင်းငွေကျပ် ၄၆၄ သိန်းကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။
**ကိုမင်း**

# ဘူးသီးတောင်မြို့နယ်၌ စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲကျင်းပ

**ဘူးသီးတောင် ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ပြည်နယ်စိုက်ပျိုးရေးပညာပေးအဖွဲ့အနေဖြင့် ဝန်ထမ်းများစွမ်းရည်မြင့် ပညာပေးဆွေးနွေးပွဲကို ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတိုးဝေက အမှာစကားပြောကြားပြီး ပြည်နယ်မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မမ၊ ပြည်နယ်ပိုးမွှားတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အောင်မြကြည်၊ မြောက်ဦးခရိုင်မှ ခရိုင်မျိုးစေ့တာဝန်ခံနှင့် သီးနှံတာဝန်ခံတို့က ဘာသာရပ်အလိုက် ဆွေးနွေးပို့ချခဲ့ပြီး ဆွေးနွေးပွဲသို့ မြို့နယ်ရုံးမှဝန်ထမ်းများ၊ ကွင်းတာဝန်ခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု၊ ဒုံးချောင်းကျေးရွာကွင်းအမှတ် (270-D) တွင် ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားသည့် တောင်သူပညာပေးနွေစပါးစိုက်ကွက် ၁၀ ဧက၊ နွေစပါး (SRI) နည်းစနစ်ဖြင့်စိုက်ပျိုးထားသည့် စံပြစိုက်ကွက်ငါးကေစာပျိုးခင်းများနှင့် ဆောင်းသီးနှံ အာလူးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ညီက စိုက်ပျိုးထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး ပြည်နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့်လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





## တရုတ်နိုင်ငံ ရေလှောင်တမံတစ်ခုတွင် ဗုဒ္ဓဦးခေါင်းတော်တစ်ခုပေါ်ထွက်လာ

**ပေကျင်း ဇန်နဝါရီ ၁၁**

တရုတ်နိုင်ငံ ကျန်ဇီပြည်နယ်ရှိ ကျေးရွာ ရေလှောင်တမံတစ်ခုအတွင်းမှ ဘုရားတစ်ဆူ၏ ဦးခေါင်းတစ်ခုပေါ်ထွက်လာခဲ့သည်ကို ရွာသားများတွေ့ရှိခဲ့ရာ ရှေးဟောင်းသုတေသန ပညာရှင်များသည် မြေအောက်စစ်ဆေးခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဗုဒ္ဓဦးခေါင်းတော်သည် နန်ချန်းစီရင်စု ဖူကျို့မြို့ ဟောင်မန်းရေလှောင်တမံရေမျက်နှာပြင် လျော့နည်းသွားစဉ် ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓ၏ ဦးခေါင်းပုံတော်သည် မင်ခေတ် (၁၃၆၈-၁၆၄၄)ခုနှစ်အတွင်း ထုလုပ်ခဲ့သောလက်ရာဖြစ်နိုင်ကြောင်း ရှေးဟောင်းသုတေသနသိပ္ပံအကြီးအကဲ ဖူချန်ချင်းက မှတ်ချက်ပြုသည်။

ရေလှောင်ကန်၏ ကျောက်ကမ်းပါးပေါ်တွင် စတုရန်းပုံအပေါက်များဖြင့် တည်ဆောက်ထားသည့်ဗိသုကာလက်ရာများကို သုတေသီများက ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ရေလှောင်ကန်၏ အောက်ခြေပုံရိပ်များရရှိရန် ခေတ်မီပစ္စည်းကိရိယာများကို အသုံးပြုကာ ဆက်လက်ရှာဖွေနေကြောင်း သိရသည်။

၁၉၅၈ ခုနှစ်တွင် တည်ဆောက်ခဲ့သော ဟောင်မန်းရေလှောင်တမံကို ဇူကျန်ရေကန်ဟုခေါ်ဆိုခဲ့သည်။ နန်ချန်းနှင့် လီချန်စီရင်စုနှစ်စုကြားရှိ အဆိုပါ ရေလှောင်တမံသည် ရေကုဗမီတာ ပေါင်း ၁ ဒသမ ၂ ဘီလီယံ သိုလှောင်နိုင်ကြောင်း သိရသည်။

နန်ချန်းစီရင်စု မှတ်တမ်းများအရ ရေလှောင်တမံသည် ရှိရှိရှေးဟောင်း မြို့ပျက်တွင်တည်ရှိပြီး ကျန်ဇီနှင့် ဖူကျန်ပြည်နယ်ကြား ရေလမ်းခရီးပို့ဆောင်ရေးအတွက် အလွန်အသုံးဝင်ခဲ့သော ရေလှောင်တမံဖြစ်သည်။

မြေအောက်ရေ စစ်ဆေးခြင်းကို အမျိုးသားယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်ပြီး ဇန်နဝါရီ ၅ ရက်မှ ၁၄ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## လူမျိုးရေးမုန်းတီးမှုဖြင့် လူကိုးဦးကို သတ်ခဲ့သူအား သေဒဏ်ချမှတ်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

ဘုရားကျောင်းသို့ လာရောက်ဝတ်ပြုသည့် လူမည်းကိုးဦးအား ၂၀၁၅ ခုနှစ်က သေနတ်ဖြင့်ပစ်သတ်ခဲ့သူ သေနတ်သမားတစ်ဦးကို ဖက်ဒရယ်တရားရုံးတစ်ခုက သေဒဏ်ချမှတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

တရားစီရင်မှုပြီးနောက် တရားသူကြီးက ဒိုင်လန်ရုဖ်အမည်ရှိ အသက် ၂၂ နှစ်အရွယ် တရားခံသည် အမုန်းတရားအခြေခံသော ပြစ်မှုများအပါအဝင် ပြစ်မှုပေါင်း ၃၃ ခုကို ကျူးလွန်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့သည်။

ရုဖ်က ပြစ်မှုများကျူးလွန်စေရန် လူမျိုးရေးမုန်းတီးစိတ်က လှုံ့ဆော်ပေးခဲ့ကြောင်း ဝန်ခံခဲ့ပြီး ၎င်းကျူးလွန်ခဲ့သည့်ပြစ်မှုများအတွက် နောင်တရဟန်မပြခဲ့သလို စိတ်ပိုင်းဆိုင်ရာချို့ယွင်းချက်ရှိသူတစ်ဦးလည်း မဟုတ်ကြောင်း သိရသည်။

အဆိုပါ ပစ်ခတ်မှုသည် အမေရိကန်လူမှုအဖွဲ့အစည်းအား အမျက်ဒေါသထွက်စေခဲ့ပြီး အမေရိကန်နိုင်ငံတောင်ပိုင်း ကာရိုလိုင်းနားပြည်နယ်တွင် ကျန်ရှိနေသည့် လူမျိုးရေးခွဲခြားမှုဝါဒများကို အမြစ်ပြတ်တိုက်ထုတ်ရန် တွန်းအားတစ်ခုဖြစ်စေခဲ့ကြောင်း ဆိုသည်။

**(ဆင်ဟွာ)**

## အမေရိကန်နှင့် ဂျပန်ဆက်ဆံရေး ရှိရင်းစွဲထက် ပိုမိုခိုင်မာလာ

**တိုကျို ဇန်နဝါရီ ၁၁**

အမေရိကန်နှင့်ဂျပန်နှစ်နိုင်ငံဆက်ဆံရေးသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားလက်အောက်တွင် လေးနှစ်ကျော်ကြာသည်အထိရှိခဲ့သည့် ရှိရင်းစွဲဆက်ဆံရေးအခြေအနေထက်ပင် ပိုမိုခိုင်မာလာကြောင်း ဂျပန်အစိုးရအဖွဲ့အကြီးအကဲက ပြောကြားခဲ့သည်။

သမ္မတအိုဘားမားက သမ္မတအဖြစ် နောက်ဆုံးနှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားခဲ့ပြီးသည့်နောက် ဗုဒ္ဓဟူးနေ့တွင် ပြီးခဲ့သည့်လေးနှစ်အကြာက နှစ်နိုင်ငံဆက်ဆံရေးအခြေအနေကို အစိုးရအဖွဲ့အကြီးအကဲ ယိုရှီဟီဒီစူဂါက အနှစ်ချုပ် ပြောဆိုခဲ့သည်။

စူဂါသည် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် လမ်းညွှန်ချက်များ ပြန်လည်ပြင်ဆင်နိုင်မှုကို သမိုင်းတွင်သည့် အောင်မြင်မှုတစ်ရပ်အနေဖြင့် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်မေလက ဟီရိုရှီးမားသို့ သမိုင်းဝင်အလည်အပတ်လာရောက်မှုသည် နှစ်နိုင်ငံမဟာမိတ်အရ ယုံကြည်စိတ်ချရသည့်ဆက်ဆံရေးကို ကိုယ်စားပြုနေကြောင်း ၎င်းက ထပ်မံဖြည့်စွက်ပြောကြားခဲ့သည်။

လာမည့် ဇန်နဝါရီ ၂၀ ရက်တွင် ရုံးထိုင်မည့် သမ္မတသစ် ဒေါ်နယ်ထရန့်လက်ထက်၌ ယခုကဲ့သို့ပင် ဆက်ဆံရေး ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း ပြောဆိုခဲ့သည်။

၂၀၁၅ ခုနှစ်က ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် အနှစ် (၇၀)မြောက် အထိမ်းအမှတ်အဖြစ် အမေရိကန်သို့ လာရောက်လည်ပတ်ခဲ့ပြီးနောက်တွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကွန်ဂရက်လွှတ်တော်၏ ပူးတွဲအစည်းအဝေး၌ မိန့်ခွန်းပြောကြားသည့် ပထမဆုံးသော ဂျပန်ဝန်ကြီးချုပ် ဖြစ်လာခဲ့ကြောင်း စူဂါက ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**



## ရုရှားနိုင်ငံတွင် တရားမဝင်သစ်ခုတ်ခြင်းကြောင့် အမေရိကန်ဒေါ်လာ သန်း ၂၀၀ နီးပါး ဆုံးရှုံးလျက်ရှိ

**မော်စကို ဇန်နဝါရီ ၁၁**

ရုရှားနိုင်ငံတွင် တရားမဝင်သစ်ခုတ်ခြင်းကြောင့် အမေရိကန်ဒေါ်လာ ၁၉၇ ဒသမ ၇ သန်းဆုံးရှုံးလျက်ရှိသည်ဟု ရုရှားငွေစာရင်းအဖွဲ့ကြီး၏ ပြောကြားချက်ကို အစ်ဇ်ဗတ်စ်တီယာသတင်းစာတွင် ဇန်နဝါရီ ၁၁ ရက်က ဖော်ပြသည်။

သစ်ခုတ်ခြင်းကြောင့် လွန်ခဲ့သည့် ငါးနှစ်ကထက် သစ်အရင်းအမြစ် ၂၃၁ သန်းကုဗမီတာ လျော့နည်းသွားခဲ့ပြီး အစိုးရ၏ ဘတ်ဂျက်မလုံလောက်ခြင်း၊ သစ်တောကာကွယ်မှုများအားနည်းခြင်း စသည့် အကြောင်းအချက်များကြောင့် တရားမဝင်သစ်ခုတ်မှုများ များပြားလာရခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်ရှိ သစ်တော ၂၂ ရာခိုင်နှုန်းနှင့် ကမ္ဘာ့သစ်အရင်းအမြစ်များ၏ ၂၅ ရာခိုင်နှုန်းမှာ ရုရှားနိုင်ငံတွင် တည်ရှိသည်။ သို့သော်လည်း စနစ်မကျသော ပုဂ္ဂလိကပိုင်ပြုလုပ်မှုနှင့် လွန်ခဲ့သော ဆယ်စုနှစ်က အစိုးရ၏ အကူအညီမရရှိမှုများကြောင့် တရားမဝင်သစ်ခုတ်ခြင်းများပြားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# အမေရိကန်၏သမ္မတအနေဖြင့် အိုဘားမား နောက်ဆုံးမိန့်ခွန်းပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

အမေရိကန်သမ္မတ အိုဘားမားသည် သမ္မတတစ်ဦးအနေဖြင့် ချီကာဂို၌ နောက်ဆုံးမိန့်ခွန်း ပြောကြားခဲ့ကြောင်း သိရသည်။

မတူကွဲပြားမှုများကို လေးစားသွားရန်နှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များကို ဆက်လက်ကူညီဆောင်ရွက်သွားကြရန်ပြည်သူများအား တိုက်တွန်းခဲ့သည်။




သမ္မတအိုဘားမားသည် ဥပဒေပြုသူတစ်ဦးအဖြစ် ၎င်းတာဝန်ထမ်းဆောင်ခဲ့သည့် ချီကာဂိုတွင် ခွဲခွာနှုတ်ဆက်သည့်အနေဖြင့် အင်္ဂါနေ့က မိန့်ခွန်းပြောဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၈ ခုနှစ်တွင် အမေရိကန်၏ပထမဆုံးသော လူမည်းသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသူဖြစ်သည်။

အမေရိကန်ပြည်သူများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်မှုများကြောင့် နိုင်ငံ၏ အခြေအနေသည် ပိုမိုကောင်းမွန်တိုးတက်လာခြင်းဖြစ်ပြီး ၎င်းစတင်တာဝန်ထမ်းဆောင်ခဲ့ချိန်ကထက်ပင် အင်အားကြီးမားသည့် နိုင်ငံဖြစ်လာခဲ့သည်ဟု ပြောကြားခဲ့သည်။

၎င်း၏အစိုးရအဖွဲ့ တာဝန်ယူကာလ ရှစ်နှစ်ကို အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ကြောင်း၊ ပိုမိုကောင်းမွန်လာသည့် အလုပ်အကိုင်အခွင့်အလမ်း အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျူးဘားနှင့် သံတမန်ဆက်ဆံရေး မူလအခြေအနေသို့ ပြန်လည်ရရှိအောင် ထူထောင်နိုင်မှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီစာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမေရိကန်၏ အရေးပါမှုများကို ကိုးကားလျက် မိန့်ခွန်းအတွင်း ထည့်သွင်းပြောဆိုခဲ့သည်။

ဒီမိုကရေစီဟူသည် တစ်ထပ်တည်း ညီညွတ်နေဖို့ မလိုအပ်သော်လည်း စုစည်းညီညွတ်မှု အခြေခံအသိစိတ်ရှိရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ သမ္မတအိုဘားမားနေရာတွင် သမ္မတသစ်အနေဖြင့်ဝင်ရောက်လာမည့် ဒေါ်နယ်ထရန့်သည် ဇန်နဝါရီ ၂၀ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရမည်ဖြစ်သည်။

**(ရိုက်တာ)**

# အမေရိကန်နှင့် မက္ကဆီကိုကြား တည်ဆောက်မည့် တံတိုင်းကြီး၏ သက်ရောက်မှုများ

**ဩျုးစန္ဒီဌေး**

**မကြာခင်အချိန်အတွင်းမှာ ဒေါ်နယ်ထရန့်ဟာ အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရတော့မယ်။ ဒါဆိုရင် သူရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးစဉ်ကာလကပေးခဲ့တဲ့ကတိတွေကိုရော တကယ်ပဲဖြည့်ဆည်းပေးနိုင်မှာလား။ မဲဆွယ်စည်းရုံးစဉ်ကာလတုန်းက သူပေးခဲ့တဲ့ ကတိတွေထဲက တစ်ခုကတော့ မက္ကဆီကိုနဲ့ အမေရိကန်တို့ရဲ့ကြားမှာ တံတိုင်းကြီးတည်ဆောက်ပေးမယ်ဆိုတဲ့ ကတိစကားပါပဲ။**

အမေရိကန်နိုင်ငံအတွင်းကို တရားမဝင် ဝင်ရောက်နေထိုင်မှုတွေ၊ မက္ကဆီကို နယ်စပ်ကနေ ဖြတ်ကျော်ပြီး မူးယစ်မှောင်ခိုကူးတာတွေကို တားဆီးနိုင်ဖို့အတွက် နှစ်နိုင်ငံကြားမှာ တံတိုင်းကြီးတည်ဆောက်မယ်လို့ မဲဆွယ်စည်းရုံးစဉ်ကာလအတွင်းမှာ ထရန့်က ကတိပေးခဲ့ပါတယ်။ အခု တကယ်သမ္မတဖြစ်လာတော့မယ့်အချိန်မှာတော့ တံတိုင်းကြီးတည်ဆောက်ဖို့စဉ်းစားစရာတွေ အများကြီးရှိလာပါပြီ။

နှစ်နိုင်ငံနယ်စပ်မှာ တည်ဆောက်မယ့် တံတိုင်းကြီးအတွက် ကုန်ကျစရိတ်ဟာလည်း များပြားမှာ အမှန်ပါပဲ။ ဒီလောက် များပြားတဲ့ ကုန်ကျစရိတ်ပမာဏကို ဘယ်သူတွေက ကျခံ ပေးမှာလဲ။ ဒေါ်နယ်ထရန့်ရဲ့အဖွဲ့ကတော့ ရီပတ်ဘလစ်ကန်တွေကြီးစိုးတဲ့ လွှတ်တော်မှာ ရန်ပုံငွေအတွက် ထောက်ခံချက်ရဖို့ နည်းလမ်းတွေ ရှာဖွေနေတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီလိုသတင်းတွေ ထွက်ပေါ်လာပြီး တစ်ရက်အကြာမှာတော့ တံတိုင်းကြီးတည်ဆောက်တဲ့အခါ ကျသင့်မယ့်ကုန်ကျငွေတွေကို မက္ကဆီကိုဘက်ကနေ ပြန်လည်ပေးဆောင်ရမယ်လို့ ဒေါ်နယ်ထရန့်က ပြောလိုက်ပါတယ်။ မက္ကဆီကိုဘက်ကရော တကယ်ပဲပေးဆောင်ပါ့မလား။ ဒေါ်နယ်ထရန့်ကတော့ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနဲ့ မက္ကဆီကိုနိုင်ငံတွေပါဝင်တဲ့ မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှု အဖွဲ့ကနေတစ်ဆင့် ကုန်ကျစရိတ်တွေကို ပြန်လည်ရှာဖွေမယ်လို့ သည်နယူးယောက်တိုင်းမ်သတင်းစာကို ဖြေကြားခဲ့ပါတယ်။ ထရန့်ရဲ့ပြောရေးဆိုခွင့်ရှိသူ Sean Spicer က နောက်အသစ်ဖွဲ့စည်းမယ့်အစိုးရအဖွဲ့ဟာလည်း တံတိုင်းကြီးတည်ဆောက်ဖို့အတွက် အစိုးရရဲ့ရန်ပုံငွေတွေ လိုအပ်မှာ အမှန်ပဲလို့ ပြောခဲ့ပါတယ်။ ထရန့်က မက္ကဆီကိုရဲ့ပေးဆောင်မှုတွေဟာ တံတိုင်းကြီးကုန်ကျစရိတ်အတွက် ပြန်ပေးရမယ့် ပေးဆောင်မှုတွေပဲဖြစ်ရမယ်လို့ အောက်တိုဘာလအတွင်းက ပြောခဲ့ပါတယ်။

ကုန်ကျစရိတ်ကို ဘယ်လိုပေးဆောင်ရမလဲလို့ တွက်ချက်ပြီး သင့်လျော်တဲ့နည်းလမ်းကို တွက်ဆတာပဲဖြစ်တယ်လို့ ၎င်းကပြောပါတယ်။ အမေရိကန်နဲ့ မက္ကဆီကိုနယ်စပ်မှာ တံတိုင်းကြီးတည်ဆောက်ပြီး ကုန်ကျစရိတ်ကို မက္ကဆီကိုဘက် ပေးဆောင်ရမယ်ဆိုတဲ့ ထရန့်ရဲ့ကတိစကား မဲဆွယ်စည်းရုံးမှုအတွက် အထိရောက်ဆုံးအကြောင်းအရာဖြစ်ခဲ့ပြီး ထရန့်ကို ထောက်ခံသူတွေအတွက် အဓိကအင်အားဖြစ်ခဲ့ပါတယ်။ ကုန်ကျစရိတ်ကို မက္ကဆီကိုဘက်ကနေ ပေးဆောင်ရမယ်ဆိုတဲ့ ထရန့်ရဲ့စကားဟာ မက္ကဆီကိုအာဏာပိုင်တွေကို ဒေါသထွက်စေခဲ့ပါတယ်။ မက္ကဆီကိုဘက်ကတော့ သူတို့အနေနဲ့ တံတိုင်းတည်ဆောက်တဲ့အခါ ကုန်ကျမယ့် ကုန်ကျစရိတ်တွေကိုပေးမယ်လို့ ဘယ်တုန်းကမှ သဘောမတူခဲ့ဘူးလို့ပြောပါတယ်။ ထရန့်ဟာ တံတိုင်းကြီးအတွက် ကုန်ကျစရိတ်နဲ့ပတ်သက်ပြီး လွှတ်တော်အတွင်းမှာ အတိုက်အခိုက်များစွာ ရင်ဆိုင်ရဖွယ်ရှိပါတယ်။ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်မှုတွေကို တားဆီးပိတ်ပင်ချင်ပေမယ့် တံတိုင်းကြီး တည်ဆောက်တဲ့အခါမှာ ကုန်ကျစရိတ်မြင့်မားမှုကိုတော့မပေးချင်ကြပါဘူး။ တရားမဝင် ဝင်ရောက်နေထိုင်သူတွေကို တားဆီးဖို့ဆိုရင် ဥပဒေအရ ပြင်းပြင်းထန်ထန် အရေးယူတာတွေလုပ်ဖို့၊ တရားမဝင်နေထိုင်သူတွေကို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးတာတွေကို နှိမ်နင်းဖို့ တချို့ ကွန်ဆာဗေးတစ်အုပ်စုတွေက တောင်းဆိုကြပါတယ်။ မက္ကဆီကိုနဲ့ အမေရိကန် နယ်စပ်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်လေးခုနဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ ယခုလက်ရှိမှာတော့ မိုင်ပေါင်း ၇၀၀ နီးပါးကို ခြံစည်းရိုးကာထားပြီးပါပြီ။ ဒါပေမယ့်လည်း မိုင်ပေါင်း ၁၂၀၀ နီးပါးကတော့ တံတိုင်းကာရံဖို့ ကျန်ရှိနေသေးပါတယ်။ လူကုန်ကူးမှုနဲ့ လူမှောင်ခိုသမားတွေကို တားဆီးဖို့ ရည်ရွယ်ချက်နဲ့ တံတိုင်းတည်ဆောက်မယ်လို့ ရည်ရွယ်တာဖြစ်ပေမယ့် ကြံစည်ထားတဲ့အတိုင်း တကယ်ပဲနှိမ်နင်းနိုင်မလားဆိုတာကတော့မသေချာပါဘူး။ သေချာတာတစ်ခုကတော့ သဘာဝတောရိုင်း တိရစ္ဆာန်တွေရဲ့ နေထိုင်ကျက်စားမှုကို ဖျက်ပစ်နိုင်တယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေပေါ်လာတာပါပဲ။ တံတိုင်းတည်ဆောက်လိုက်တဲ့အခါမှာတော့ အမေရိကန်နဲ့မက္ကဆီကို နှစ်ဖက်စလုံးမှာရှိတဲ့ သဘာဝတောရိုင်းတိရစ္ဆာန်လှေ့လာရေး ခရီးသွားလုပ်ငန်းကို ထိခိုက်သွားစေ နိုင်ပါတယ်။

ရီယိုဂရန်ဒီဒေသဟာ မက္ကဆီကိုနဲ့တက္ကဆက်ပြည်နယ်ကြားမှာ တည်ရှိပြီးမြောက်အမေရိကရဲ့ဇီဝမျိုးကွဲတွေ အများစုကျက်စားရာဒေသလည်း ဖြစ်ပါတယ်။ မျိုးစိတ်ပေါင်း ၇၀၀ ကျော် ရှင်သန်နေထိုင်ပါတယ်။ ကမ္ဘာလှည့်ခရီးသွားတွေဟာ အဲဒီဒေသတစ်ခုတည်းမှာပဲ ငှက်မျိုးစိတ်ပေါင်း ၅၀၀ ကျော်ကို တစ်ပြိုင်နက်တည်း လေ့လာနိုင်ပါတယ်။



◆ လူကုန်ကူးမှုနဲ့ လူမှောင်ခိုသမားတွေကို တားဆီးဖို့ ရည်ရွယ်ချက်နဲ့ တံတိုင်းတည်ဆောက်မယ်လို့ ရည်ရွယ်တာဖြစ်ပေမယ့် ကြံစည်ထားတဲ့အတိုင်း တကယ်ပဲနှိမ်နင်းနိုင်မလားဆိုတာကတော့ မသေချာပါဘူး။ သေချာတာတစ်ခုကတော့ သဘာဝတောရိုင်း တိရစ္ဆာန်တွေရဲ့ နေထိုင်ကျက်စားမှုကို ဖျက်ပစ်နိုင်တယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေ ပေါ်လာတာပါပဲ။

တံတိုင်းတည်ဆောက်လိုက်တဲ့အခါမှာ အဲဒီဒေသမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေ၊ ရှားပါးသစ်ပင်တွေနဲ့ ရှားပါးမျိုးစိတ်အချို့ကို ထိခိုက်စေမှာလားလို့ စိုးရိမ်မှုတွေ ရှိနေကြပါတယ်။ ၂၀၀၉ ခုနှစ်က မက္ကဆီကိုနဲ့ တက္ကဆက်ပြည်နယ်စပ်မှာ ခြံစည်းရိုးကာဖို့ ဆောက်လုပ်ရေး လုပ်ငန်းခွင်စတင်ခဲ့



စဉ်အခါက တက္ကဆက်ပြည်နယ်ဥယျာဉ်နဲ့ သဘောဝတောရိုင်းတိရစ္ဆာန်၊ ထိန်းသိမ်းကာကွယ်ရေးဌာနက ကာကွယ်စောင့်ရှောက်မယ့် မျိုးစိတ်စာရင်းအရေအတွက်ကို စာရင်းပြုစုထားခဲ့ပါတယ်။ ယခုတစ်ဖန်မှာလည်း တံတိုင်းကြီးတည်ဆောက်ဖို့အစီအစဉ်တွေ ရေးဆွဲနေကြပြန်ပါပြီ။ ရှားပါးမျိုးစိတ်တွေကို ထိခိုက်စေမှာလားဆိုတာကတော့ စိုးရိမ်စရာပါပဲ။

လက်ရှိအခြေအနေမှာတော့ တံတိုင်းကြီး တည်ဆောက်ဖို့ အခက်အခဲအတားအဆီးတွေ အများကြီးရှိနေပါတယ်။ အမေရိကန်အကောက်ခွန်နဲ့ နယ်စပ်လုံခြုံရေးက ခန့်မှန်းထားတာကတော့ လက်ရှိနယ်စပ်ခြံစည်းရိုးကို ဆက်လက်တိုးချဲ့ဖို့ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံကျော်ကုန်ကျလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီတော့ တံတိုင်းကြီးသာ တည်ဆောက်ဖြစ်ခဲ့ရင် ဒီထက်မကပိုပြီး ကုန်ကျတော့မှာပဲဖြစ်ပါတယ်။ ကုန်ကျစရိတ်ကိုသူကပေးရမယ်။ ကိုယ်ကပေးရမယ်ဆိုတဲ့အငြင်းပွားမှုတွေကလည်း အဆုံးမသတ်သေးပါဘူး။ တိတိကျကျအဖြေရှာလို့မရသေးပါဘူး။ ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်ကတော့ကုန်ကျစရိတ်ကို မက္ကဆီကိုဘက်ကပဲ ကျခံရမယ်လို့ ပြောနေပေမယ့် မက္ကဆီကိုဘက်ကတော့ တုတ်တုတ်မှ မလှုပ်ပါဘူး။ ထရန့်ရဲ့ အဖွဲ့ကလည်း ကုန်ကျစရိတ်တွေအတွက် ဖြေရှင်းနိုင်မယ့်နည်းလမ်းကို ရှာဖွေနေပါတယ်။ တကယ်လို့များ ကုန်ကျစရိတ်ကို အမေရိကန်အစိုးရရဲ့ ရန်ပုံငွေကပဲ ကျခံရမယ်ဆိုရင်တော့ တံတိုင်းကြီးတည်ဆောက်ဖို့ရာ ခွင့်ပြုချက်ရဖို့မသေချာပါဘူး။ တားဆီးမှုတွေ၊ အတိုက်အခံတွေအများကြီးရှိလာနိုင်ပါတယ်။

မူးယစ်မှောင်ခိုဂိုဏ်းတွေ၊ တရားမဝင် ဝင်ရောက်နေထိုင်တာတွေ၊ လူမှောင်ခိုကူးတာတွေကို နှိပ်ကွပ်ဖို့နည်းလမ်းတွေ ဆက်လက်ရှာဖွေရပါတော့မယ်။တံတိုင်းကြီးတည်ဆောက်လိုက်ရုံနဲ့ ဒါတွေကို နှိမ်နင်းနိုင်မှာလား။ အလုပ်ကော တကယ်ဖြစ်ပါ့မလား။ သဘာဝပတ်ဝန်းကျင်ကိုရော ထိခိုက်စေမှာ လား။ ရှားပါးမျိုးစိတ်တွေနဲ့ တောရိုင်းတိရစ္ဆာန်တွေရဲ့ရှင်သန်ကျက်စားမှုကိုရော ဘယ်လိုမျိုး အကျိုးသက်ရောက်စေမှာလဲ။ မေးခွန်းတွေကတော့ အများကြီးပါ။ ။

**(ကိုးကား- ရိုက်တာ -၈-၁-၂၀၁၇၊ နယူးစ်ဝိခ်စ်)**

## စပရက်လေကျွန်းအနီးတွင် တရုတ်ဗုံးကြဲလေယာဉ်များ စစ်အင်အားပြခဲ့



**ပေကျင်း ဇန်နဝါရီ ၁၁**

အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိသည့် တောင်တရုတ်ပင်လယ်အတွင်းရှိ စပရက်လေကျွန်းအနီးတစ်ဝိုက်တွင် H-6 တရုတ်ဗုံးကြဲလေယာဉ်များသည် စစ်ရေးအရ အင်အားပြသမှုတစ်ရပ်အနေဖြင့် ပျံဝဲခဲ့ကြောင်း အမေရိကန်အာဏာပိုင်များက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ယခုပျံသန်းမှုသည် ယခုနှစ်တွင် တောင်တရုတ်ပင်လယ်အတွင်း၌ ဒုတိယအကြိမ် တရုတ်ဗုံးကြဲလေယာဉ်များ စစ်အင်အားပြသမှုဖြစ်ကြောင်း သိရသည်။ ပထမအကြိမ်အင်အားပြသမှုကို ဇန်နဝါရီ ၁ ရက်က လုပ်ဆောင်ခဲ့ကြောင်း အမည်မဖော်လိုသူ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ယင်းပျံသန်းမှုသည် တရုတ်နိုင်ငံ၏ စစ်အင်အားကိုပရိယာယ်သုံးကာ ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း အာဏာပိုင်များကဆိုသည်။

လာမည့် ဇန်နဝါရီ ၂၀ ရက်တွင် သမ္မတရုံးထိုင်မည့် ဒေါ်နယ်ထရန့်က တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာ လက်တွေ့ကျင့်သုံးမှုကို တွစ်တာပေါ်၌ ဝေဖန်ခဲ့ပြီး မြောက်ကိုရီးယားအား ကူညီရန်ကြိုးစားသည်ဟု စွပ်စွဲခဲ့ပြီးနောက်တွင် စစ်အင်အားပြသမှု ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

တရုတ် ဗုံးကြဲလေယာဉ်များ၏ စစ်ရေးအရလှုပ်ရှားမှုနှင့် ပတ်သက်၍ အထူးမှတ်ချက်ပေးရန် မရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ပြောရေးဆိုခွင့်ရှိသူအာဏာပိုင်တစ်ဦးဖြစ်သည့် ဂရေးရော့စ်ကပြောကြားခဲ့သည်။

**(ရိုက်တာ)**



# ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pavlo Klimkin နှင့် အဖွဲ့သည် ယနေ့ညပိုင်းက လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာရာ ဗန်ကောက်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Andrii Beshta၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တနင်္သာရီကမ်းရိုးတန်းပေါ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်အများအားဖြင့် သာယာနေသည်။ (မိုး/ဇလ)




# အားကစားနည်းအလိုက်အောင်မြင်ရေး ရေရှည်အစီအမံများ ချမှတ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

အားကစားနည်းများအလိုက် နိုင်ပွဲများရရှိအောင်မြင်ရေးအတွက် အားကစားအဖွဲ့ချုပ်အသီးသီးအနေဖြင့် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

"အားကစားနည်း တစ်နည်း တိုးတက်အောင်မြင်ဖို့ဆိုရင် တိုတောင်းတဲ့အချိန်နဲ့ မဖြစ်နိုင်ပါဘူး။ ရေရှည်အစီအမံတွေချမှတ် ဆောင်ရွက်သွားဖို့ လိုပါတယ်။ Planning တွေ ချမှတ်လုပ်ဆောင်သွားဖို့ လိုပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ဇန်နဝါရီ ၁၀ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသော အားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အားကစားတစ်ခု အောင်နိုင်ရေးအတွက် သိပ္ပံနည်းကျလေ့ကျင့်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ အားကစားစိတ်ကြံ့ခိုင်ပြည့်ဝမှုတို့သည် အားကစားသမားတိုင်းက ထားရှိလုပ်ဆောင်သင့်ကြောင်း၊ အားကစားသမားများအနေဖြင့် ပြိုင်ပွဲတစ်ခုပြီးတိုင်း အနိုင်အရှုံးအပေါ် ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အားကစားသည် တိုးတက်မည်ဖြစ်ကြောင်း၊ အားကစားအဖွဲ့ချုပ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် အတွေ့အကြုံဖလှယ်ရန်လည်း လိုကြောင်း ဝန်ကြီးက ပြောကြားသည်။

လာမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၈ နည်း ထည့်သွင်းယှဉ်ပြိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ချုပ်မဖွဲ့ရသေး၍ ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့် အားကစား ခြောက်နည်းရှိကြောင်း၊ ၁၉ နည်းမှာ ဆုတံဆိပ်များရရှိနိုင်ကြောင်း၊ ၁၁ နည်းမှာ ရွှေ၊ ငွေရရှိနိုင်သော အားကစားနည်းများဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# (၆၆) ကြိမ်မြောက် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၆) ကြိမ်မြောက် (မျက်နှာစုံညီ) အစည်းအဝေးကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ ဧည့်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးပညိန္ဒ၊ အဖွဲ့ဝင်ပညာရှင်ကြီးများဖြစ်ကြသော ဆရာကြီး ဦးအောင်ချစ်၊ ဆရာကြီး ဦးပြေငြိမ်း၊ မြန်မာနိုင်ငံ ဝေဒသုတေသနပညာရှင်များ၊ ဗေဒင်တွက်ရိုးပညာရှင်များ၊ နက္ခတ်ဗေဒပညာရှင်များ၊ ပြက္ခဒိန်နှင့် သံဒိဋ္ဌပညာရှင်များ၊ ကွန်ပျူတာပရိုဂရမ်ရေးဆွဲသည့် ပညာရှင်များနှင့် အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာသက္ကရာဇ် ၁၃၇၉-၁၃၈၀ ခုနှစ်၊ ခရစ်နှစ် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် မူမှန်ပြက္ခဒိန်ကို ရေးဆွဲအတည်ပြုကြမည်ဖြစ်ပြီး ၁၃၈၀-၁၃၈၁ ခုနှစ်၊ ခရစ်နှစ် ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် ပြက္ခဒိန်မူကြမ်း ရေးဆွဲတင်သွင်းကြမည်ဖြစ်သည်။

အစည်းအဝေးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုပညာရပ်များဖြစ်သည့် ပြက္ခဒိန်ဆိုင်ရာပညာရပ်များ ပြန့်ပွားရေးအတွက် ဖော်ထုတ်ထိန်းသိမ်းသွားရန် ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံပြက္ခဒိန်ပေးအဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဥပဒေနှင့်မညီသည့် လုပ်ငန်းများကို စီမံချက်ချ၍ ရှင်းလင်းမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဥပဒေနှင့်မညီသည့် လုပ်ငန်းများကိုစီမံချက်ချမှတ်၍ ပူးပေါင်းအဖွဲ့များဖြင့် ရှင်းလင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောကြားသည်။

"ဘုရင့်နောင်ပွဲရုံဝင်း အတွင်း ဥပဒေနဲ့မညီတဲ့ လုပ်ငန်းတွေအားလုံးကို ရှင်းလင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုရှင်းလင်းတဲ့နေရာမှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့အတူ ဒီဝင်းအတွင်း မှာရှိတဲ့သူတွေအားလုံး ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းက ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကုန်စည်ဒိုင် အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဘုရင်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဆောင်ရွက်မှုအနေဖြင့် ယာဉ်ကြောရှင်းလင်းခြင်း၊ စည်းကမ်းမဲ့ ပုံကျစျေးသည်များနှင့် ပစ္စည်းစုပုံသူများအား စည်းကမ်းထိန်းသိမ်းခြင်း၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ဒုစရိုက်လုပ်ငန်းများ ပပျောက်ရေးအတွက် ဆောင်ရွက်ခြင်းတို့ကို စီမံချက်ချမှတ်၍ ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

"သီရိမင်္ဂလာဈေးတုန်းက စီမံချက်ချပြီးဆောင်ရွက်ခဲ့တာ အောင်မြင်ခဲ့တယ်၊ အခုလည်း စီမံချက်ချပြီးဆောင်ရွက်တဲ့အခါမှာ ရဲတပ်ခွဲတစ်ခုတိုးမြှင့်ပြီး အားဖြည့်ပေးသွားမှာ ဖြစ်ပါတယ်"ဟု အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် မြဝင်းက ပြောကြားသည်။



ဘုရင့်နောင်ပွဲရုံဝင်း၏ အဝင်ဂိတ်ပေါက်တစ်ခုကို တွေ့ရစဉ်

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌ မူးယစ်ဆေးဝါးမှု၊ ခိုးမှု၊ လောင်းကစားမှုနှင့် အလစ်သုတ်မှုများအပြင် တရားမဝင်အနှိပ်ခန်းများကိုလည်း သက်ဆိုင်ရာက ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌ လက်ရှိကာလ လုံခြုံရေးဆောင်ရွက်မှုအနေဖြင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဘုရင့်နောင်ပွဲရုံသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အပါအဝင် အင်အား ၁၇၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိပြီး စီမံချက်ကာလတွင် ရဲတပ်ရင်းမှ ရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားဖြည့်တင်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဘုရင့်နောင်ပွဲရုံဝင်း အတွင်း၌ ဆိုင်ခန်းပေါင်း ၁၅၀၀ ရှိပြီး နေ့စဉ် ကုန်တင်ယာဉ်အစီးရေ ၁၀၀၀ ဝန်းကျင်ခန့် ဝင်ထွက်သွားလာလျက်ရှိသည်။ အဆိုပါပွဲရုံဝင်းသည် ၇၅ ဒသမ ၁၉၄ ဧကကျယ်ဝန်းပြီး ၁၉၉၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ မြန်မာနိုင်ငံ၏ ကုန်စည်စီးဆင်းမှုကဏ္ဍတွင် အဓိကအရေးပါသည့် နေရာတစ်ခုအဖြစ်ပါဝင်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းမြင့်နှင့် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇန်နဝါရီ ၇ ရက်က ရွှေရေကန် အဝေးပြေးကားဂိတ်ရှိ ယာဉ်များအား စစ်ဆေးမှုများ ပြုလုပ်နေစဉ်**

(အဆိုပါ ကားဂိတ်အတွင်းရှိ ယာဉ်များကို စစ်ဆေးရေးအဖွဲ့များက ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် အပတ်စဉ်စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။)

မြင့်မိုရ်(တာချီလိတ်)



# စိတ်ကြွရူးသွပ်ဆေးပြား၊ ဆေးခြောက်များနှင့် လေသေနတ်တစ်လက်ဖမ်းဆီးရမိ

**ကျောက်ကြီး ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ဒေသ တောပုကျေးရွာအုပ်စု ဆင်ဆိပ်ကျေးရွာရှိ နေအိမ်တစ်လုံးအား ဇန်နဝါရီ ၁၀ ရက်က ရဲတပ်ဖွဲ့မှ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀၊ ဆေးခြောက်နှင့် လေသေနတ်တစ်လက်တို့အား သိမ်းဆည်းရရှိခဲ့သည်။ မုန်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သန်းထိုက်ထွေး ဦးစီးတပ်ဖွဲ့ဝင်များသည် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံဒိုးနယ်မြေရဲစခန်းမှ ဆင်ဆိပ်ကျေးရွာနေ ကိုဝင်းဇော်ထွန်းနှင့် ဇနီးဖြစ်သူ မစန်းရီတို့၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ဆေးခြောက်အရွက်ခြောက် ၆၅ ကျပ်သား တစ်ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ်လေးသိန်း၊ ဆေးပြားစုစုပေါင်း ၅၆၅၆၀ (၅၀၉၀ ဒသမ ၄ ဂရမ်) ကာလတန်ဖိုးငွေကျပ် ၁၆၉၆၈၀၀၀၀ တို့အား လည်းကောင်း နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်ဧည့်ခန်း အတွင်းရှိ ဗီရိုအတွင်းမှ ငွေစက္ကူရောရာ ငွေကျပ်နှစ်သိန်း၊ နေအိမ်အပေါ်ထပ်ဗီရိုပေါ်မှ ၄၁ လက်မရှိ လေသေနတ်တစ်လက်၊ အရှည် ၃၅ လက်မရှိ နှစ်ပင်လိမ်ပြောင်း တိုက်တံတစ်ချောင်းတို့ကိုတွေ့ရှိခဲ့၍ မုန်းနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# မိုးညှင်းမြို့နယ်တွင် အလုပ်လုပ်ရန်ထွက်ခွာသူများ ပျောက်ဆုံးနေမှုကို အမှုဖွင့်

**မိုးညှင်း ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် အမျိုးသမီးငယ်လေးများ အလုပ်လုပ်ရန် ထွက်ခွာသွားစဉ် အဆက်အသွယ်မရဘဲ ပျောက်ဆုံးလျက်ရှိရာ သက်ဆိုင်သူများက မိုးညှင်းမြို့မရဲစခန်းတွင် လူပျောက်မှုဖြင့် အမှုဖွင့်တိုင်ကြားလျက်ရှိကြောင်း သိရသည် ။

စုံစမ်းသိရှိရသည်မှာ ဇန်နဝါရီ ၉ ရက် ညနေ ၅ နာရီ ၂၅ မိနစ်တွင် မိုးညှင်းမြို့နယ် ဘီလူးကျေးရွာ မြို့ဟောင်းရပ်ကွက်နေ ဦးစိုးဝင်းဦးသည် မိုးညှင်းမြို့မရဲစခန်းသို့ရောက်ရှိလာပြီး ၎င်း၏ ညီမဖြစ်သူ မငြိမ်းအိဖြူ(ခ)မငြိမ်းငြိမ်း (၁၈နှစ်)နှင့် မအိအိမိုး(၂၀နှစ်)၊ မနုနုအေး (၂၃နှစ်)၊ မဝင်းလှ(ခ)မငယ် (၃၄နှစ်) တို့သည် မိဘအုပ်ထိန်းသူတို့၏ ခွင့်ပြုချက်အရ ပင်းဟဲကျေးရွာနေ မောင်ဇော်ရဲ(ခ) ဇော်ရဲထွန်း (၃၀နှစ်) နှင့်အတူ ဇန်နဝါရီ ၅ ရက်က မြစ်ကြီးနားမြို့သို့ အလုပ်လုပ်ရန် လိုက်ပါသွားခဲ့ကြောင်း၊ ထိုသို့လိုက်ပါသွားရာမှ ဇန်နဝါရီ ၉ ရက်တွင် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး ဆက်လက်စုံစမ်းခဲ့သော်လည်း တစ်စုံတစ်ရာ သတင်းအစအနမရရှိသဖြင့် မိုးညှင်းမြို့မရဲစခန်းတွင် အကူအညီတောင်းခံခဲ့ကြောင်း၊ ပျောက်ဆုံးနေကြသော အမျိုးသမီးများအား မိုးညှင်းမြို့မရဲစခန်းက လူပျောက်အမှတ်စဉ် (၃/၂၀၁၇) ဖြင့် လက်ခံကာ ရဲစခန်းအသီးသီးသို့ ဆက်သွယ်အကူအညီတောင်းခံထားကြောင်း သိရသည်။

အလားတူပင် မိုးညှင်းမြို့နယ် အမျိုးသမီးငယ်နှစ်ဦး ပျောက်ဆုံးလျက်ရှိသဖြင့် မိုးညှင်းမြို့မရဲစခန်းသို့ တိုင်ကြားထားပြီး ဇန်နဝါရီ ၅ ရက်က မစန္ဒာအေး(ခ)မသီတာဌေး (၁၆ နှစ်) သည် အောင်သပြေ(၃) ရပ်ကွက်နေ မဝင်းဝင်းမော်နှင့် မုန့်စားလိုက်သွားစဉ် ပြန်ရောက်လာခြင်းမရှိသဖြင့် အလုပ်ရှင်ဒေါ်ဇာဇာမြင့်က မိဘများထံ ဆက်သွယ်အကြောင်းကြားခဲ့သည်။

ထို့ကြောင့် ဖခင်ဖြစ်သူက မစန္ဒာအေး(ခ)မသီတာဌေး ပျောက်ဆုံးနေမှုအား ကူညီစုံစမ်းပေးပါရန် မိုးညှင်းမြို့မရဲစခန်းတွင် အကြောင်းကြားခဲ့ရာ လူပျောက်အမှတ်စဉ် (၂/၂၀၁၇)ဖြင့် ရေးဖွင့်၍ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**နီတိုး**

# ချင်းတွင်းမြစ်အတွင်း အမည်မပါသံခွန်ရေယာဉ် လေးစင်းအား အရေးယူ

**ကနီ ဇန်နဝါရီ ၁၁**

ချင်းတွင်းမြစ် ကနီဆိပ်ကမ်းအနီး ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့က ရေယာဉ်စစ်ဆေးရေးပူးပေါင်းအဖွဲ့က ရေယာဉ်များကို စစ်ဆေးရာ ရေယာဉ်အုပ်လက်မှတ်နှင့် ရေယာဉ်စက်ခန်းအုပ် လက်မှတ်မပါဘဲ မောင်းနှင်ပြေးဆွဲနေသော အမည်မပါသံခွန် ရေယာဉ်ငါးစင်းကို ကနီမြို့မရဲစခန်းက ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ကိုင်ခွင့်ဥပဒေပုဒ်မအရအမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဇန်နဝါရီ ၉ ရက်က မန္တလေးမြို့ဘက်မှ ကလေးဝဘက်သို့ ဦးသန်း မောင်းလာသော အမည်မပါသံခွန်ရေယာဉ်၊ မန္တလေးမြို့ဘက်မှ ကလေးဝမြို့ဘက်သို့ တင်မောင်ခိုင်မောင်းလာသော အမည်မပါသံခွန်ရေယာဉ်နှင့် ကျော်မင်းသူမောင်းနှင်သော ကျော်ခိုင်လင်း သံခွန်ရေယာဉ်၊ ကနီမြို့ဆိပ်ကမ်းအနီး ချင်းတွင်းမြစ်တွင်း စစ်ဆေးရာ မန္တလေးဘက်မှ ဖောင်းပြင်ဘက်သို့ ကျော်ဦး မောင်းလာသည့် ကျော်ဇင်သန်း သံခွန်ရေယာဉ်တို့ကို စစ်ဆေးရာ ရေယာဉ်အုပ်လက်မှတ်နှင့် ရေယာဉ်စက်ခန်းအုပ်လက်မှတ်မပါရှိကြောင်း တွေ့ရသဖြင့် ကနီမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# နေအိမ်မီးလောင်ရာမှ ကလေးငါးဦးသေဆုံး

**မင်းတပ် ဇန်နဝါရီ ၁၁**

ကန်ပက်လက်မြို့နယ် မကြားအုပ်စု ခင်ရွာတွင် ဇန်နဝါရီ ၉ ရက် ည ၉ နာရီက နေအိမ်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးမနားရွှီ (၄၅ နှစ်)၏ နေအိမ်တစ်လုံးနှင့် ၎င်း၏သမီး မရှဲင်းမနား (၈ နှစ်) ဒုတိယတန်းနှင့် သား မောင်ရှွီမနား(၇ နှစ်) ပထမတန်း၊ ဦးဟုန်းကီး၏သား မောင်ထန်းလော (၈ နှစ်) ဒုတိယတန်းနှင့် မောင်ဟာဟုန်း (၆နှစ်) KG တန်း၊ ဦးဟုန်းကွီး၏သမီး မလှူးဟုန်း (၇ နှစ်) KG တန်းတို့ မီးလောင်ကျွမ်း၍ သေဆုံးခဲ့ကြသည်။

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ကန်ပက်လက်မြို့နယ်ရဲစခန်းမှ အမှုဖွင့်စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ပေါ့ဆမှုကြောင့်မီးလောင်၊ အမျိုးသမီးတစ်ဦး သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ ဦးဇော်လွင်ဦး နေအိမ်၌ ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် ခြင်ဆေးခွေမီးမှတစ်ဆင့် နေအိမ်မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာရှိ ဒေသခံပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အိမ်ငှားနေထိုင်သူ မနီလာဝင်းမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ နေအိမ်တစ်လုံးဆုံးရှုံးခဲ့ပြီး နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာရှိ ဒေသခံပြည်သူများက မီးကြွင်းမီးကျန်များမှ ထပ်မံ၍ မီးလောင်ကျွမ်းမှုမရှိစေရေး ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




ဆရာအာသာ SUCCESS (မြို့လယ်ကျောင်း) Language Academy
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ 202046,392048
လှည်းတန်းကျောင်းခွဲ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 73001453, 09 30775232

ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာ
(၁)တန်းအောင်မှ (၉)တန်းအောင် အတွက် 4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပတ် ၄ ရက်)
March 13 စမည်။
သင်တန်းကြေး-၇၀၀၀၀/
ကျောင်းကားစုံစမ်းနိုင်ပါသည်။

(၆+၇) တန်း ဖြေထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar သင်တန်းများ
သင်တန်းကြေး-၄၅၀၀၀/
7:30 - 9 (Mon to Thurs) Mar 6
1 - 2:30 (Mon to Thurs) Mar 6

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay
(၆+၇) တန်းဖြေ - Level 1
(၈+၉) တန်းဖြေ - Level 2
သင်တန်းကြေး-၄၅၀၀၀/
7:30-10:30 (Sat + Sun) Mar 4
12 - 3:00 (Sat + Sun) Mar 4
စပါမည်

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူနှင့်အလုပ်ကောင်းရလိုသူများအတွက်

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 7:30 - 9 | (Mon~Thurs) | 9 Jan |
| 9 - 12:00 | (Sat + Sun) | 21 Jan |
| 10-11:30 | (Mon~Thurs) | 23 Jan |
| 1 - 4:00 | (Sat + Sun) | 29 Jan |
| BASIC FOUR SKILLS ENGLISH | | |
| 7:30-10:30 | (Sat + Sun) | 14 Jan |
| 7:30 - 9 | (Mon~Thurs) | 16 Jan |
| 10-11:30 | (Mon~Thurs) | 16 Jan |
| 1 - 2:30 | (Mon~Thurs) | 16 Jan |
| 3:30 - 5 | (Mon~Thurs) | 23 Jan |
| 1 - 4:00 | (Sat + Sun) | 28 Jan |
| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
| 9:30-12:30 | (Sat + Sun) | 14 Jan |
| 10-11:30 | (Mon~Thurs) | 16 Jan |
| 6 - 7:30 | (Mon~Thurs) | 23 Jan |
| INTERMEDIATE (ACADEMIC ENGLISH) | | |
| 3:30 - 5 | (Mon~Thurs) | 9 Jan |
| 7:30 - 9 | (Mon~Thurs) | 23 Jan |
| 2 - 5:00 | (Sat + Sun) | 28 Jan |

| VOCAB ENRICHMENT | | |
|---|---|---|
| 3:30 - 5 | (Mon~Thurs) | 1 Feb |
| 7:30 - 9 | (Mon~Thurs) | 20 Feb |
| 9 - 12:00 | (Sat+Sun) | 26 Feb |
| BASIC GRAMMAR | | |
| 1 - 2:30 | (Mon~Thurs) | 9 Jan |
| 9-12:00 | (Sat + Sun) | 22 Jan |
| BASIC WRITING | | |
| 9-12:00 | (Sat + Sun) | 14 Jan |
| IELTS (Four Skills) | | |
| 7:30-9:30 | (Mon~Thurs) | 23 Jan |
| 1 - 3:30 | (Mon~Thurs) | 30 Jan |
| IELTS (Speaking) | | |
| 7:30-9 | (Mon~Thurs) | 23 Jan |
| IELTS (Reading) | | |
| 10-12:00 | (Mon~Thurs) | 30 Jan |
| IELTS (Writing) | | |
| 7:30-9 | (Mon~Thurs) | 23 Jan |

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 10-11:30 | (Mon~Thurs) | 16 Jan |
| 10-11:30 | (Mon~Thurs) | 30 Jan |
| 3:30 - 5 | (Mon~Thurs) | 30 Jan |
| BASIC FOUR SKILLS ENGLISH | | |
| 7:30 - 9 | (Mon~Thurs) | 16 Jan |
| 3:30 - 5 | (Mon~Thurs) | 16 Jan |
| 1 - 2:30 | (Mon~Thurs) | 23 Jan |
| 3:30 - 5 | (Mon~Thurs) | 30 Jan |

| BASIC GRAMMAR | | |
|---|---|---|
| 7:30-10:30 | (Sat+Sun) | 29 Jan |
| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
| 3:30 - 5 | (Mon~Thurs) | 16 Jan |
| 7:30 - 9 | (Mon~Thurs) | 23 Jan |
| INTERMEDIATE (ACADEMIC ENGLISH) | | |
| 7:30 - 9 | (Mon~Thurs) | 16 Jan |
| IELTS (Writing+Grammar) | | |
| 12:30-3:30 | (Sat+Sun) | 28 Jan |

(၈+၉) တန်းဖြေထားသူများအတွက် တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay သင်တန်းများ ၄၅၀၀၀/
7:30-10:30 (Sat + Sun) 4 Mar
7:30-9:00 (Mon to Thurs) 6 Mar

(၆+၇) တန်း ဖြေထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar သင်တန်း
12-3:00 (Sat + Sun)
March 4 ၄၅၀၀၀/



**အမည်ပြောင်း**

ရွှေဘိုမြို့နေ ဦးကံဝင်းအောင်-ဒေါ်မကြွယ်ဝင်းတို့၏သား အထက(၁) ရွှေဘိုမြို့ နဝမတန်း(A)မှ မောင်မြတ်မင်းကံပိုင်စိုးအား မောင်အောင်မြတ်မင်း ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်မြတ်မင်း**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9J/8568 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**



အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊

မိသားစုကျန်းမာရေးအတွက် အိမ်တိုင်းဆောင်ထားသင့်သော လက်စွဲစာအုပ် ...

**နေ့စဉ်စားသုံးနေသော ဟင်းသီးဟင်းရွက်များ၏ ထူးခြားသော ဆေးဖက်ဝင်အာနိသင်များ**

[မီးဖိုချောင်မှာ ဆေးရှိတယ်]

ကြည်လွင်မြင့်(မုဒြာ)

ဆိုင်များတွင်ရပြီ

အလင်းသစ်စာပေတိုက်၊ ဖုန်း-၀၉ ၅၄၀၀၁၀၂၊ ၀၉ ၇၇၀၁၇၄၇



**အများသိစေရန်အသိပေးကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးအောင်မျိုးကြွယ် ၅/စကန(နိုင်)၁၆၃၅၇၂ နှင့် ဒေါ်စုစုသန့် ၉/မကန(နိုင်)၀၇၉၁၁၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဦးမျိုးစံ ၁၀/မလမ(နိုင်)၀၀၁၄၅၆ အပြည့်အဝပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၆၃၉၊ အကျယ်အဝန်း ၄၀ ပေ× ပေ ၆၀ ရှိ ပါမစ်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရယူပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေများ တစ်စုံတစ်ရာမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း LL.B,D.I.L,WIPO (Switzerland)**
**အထက်တန်းရှေ့နေ**
**အမှတ် ၃၁/ဘီ၊ ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**



**အများသိစေရန် ကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇/ပ) (တိုးချဲ့)၊ အမှတ် (၁၃)ရပ်ကွက်၊ ပန်းခြံ(၉)၊ မြေကွက်အမှတ်(၁၄၉၅) ရှိမြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ မြေကွက်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးသန်းမောင် ၁၂/အစန(နိုင်)၀၆၂၂၁၇ ထံမှ ၁၆-၁-၂၀၀၃ ရက်တွင် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသိန်းစိုး ၁၂/အစန(နိုင်)၁၆၃၇၅၉ မှ မြေကွက်နှင့် ယင်းမြေကွက်နှင့် ဆက်နွယ်သည့် အမည်ပေါက်မြေချပါမစ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအပါအဝင်တို့အား အပြီးအပိုင် ရောင်းချ/ဝယ်ယူသည့် စာချုပ်ချုပ်ဆိုကြလျက် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ မြေကွက်ပိုင်ဆိုင်မှုတစ်စုံတစ်ရာ သက်ဆိုင်မှုရှိပါက လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ချို (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၄၂၉၁)**
**အမှတ်(9A, 8B)၊ မြမဥ္ဇူလမ်း၊ ဘုံရှည်ကုန်းရပ်ကွက်၊ ရွှေပြည်သာမြို့နယ်**
**ဖုန်း-၀၉-၄၃၂၀၄၆၂၁**



၂၀၁၆ ရာသီက ပွဲစဉ်(၁)တွင် တွေ့ဆုံခဲ့သည့် ရန်ကုန်အသင်းနှင့် မကွေးအသင်း

## ၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဇန်နဝါရီ ၁၄ ရက်စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ၏ အဆင့်မြင့်ဆုံးလိဂ်ပြိုင်ပွဲဖြစ်သည့် ၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းအရေအတွက် အပြောင်းအလဲမရှိသော်လည်း အိမ်ကွင်း လက်ခံကျင်းပနိုင်သည့် အသင်းအရေအတွက် တိုးမြှင့်လာခြင်းကြောင့် ယခင်နှစ်ထက် ပိုမိုစိတ်ဝင်စားစရာကောင်းလာမည်မှာ သေချာနေသည်။

ပွဲစဉ်(၁)တွင် ရန်ကုန်၊ ရွှေဝတီ၊ ဟံသာဝတီ၊ ရခိုင်၊ ရှမ်းယူနိုက်တက်အသင်းတို့ အိမ်ကွင်းလက်ခံကစားမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ အဝေးကွင်းကစားရမည်ဖြစ်သည်။ ပွဲစဉ်(၁)အဖြစ် ဇန်နဝါရီ ၁၄ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် နေပြည်တော်အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် Southern အသင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် လက်ရှိချန်ပီယံ ရတနာပုံအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် မကွေးအသင်း၊ ပုသိမ်ကွင်း၌ ရွှေဝတီအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အိမ်ကွင်းလက်ခံကျင်းပမည့် အသင်းသစ်များအနက် ရခိုင်အသင်းမှာ ပွဲစဉ်(၁)တွင် စတင်ကျင်းပခွင့်ရခဲ့ပြီး ကွင်းသစ်ဖွင့်ပွဲအခမ်းအနားနှင့်အတူ အသင်းမိတ်ဆက်အပ်နှံပွဲကိုပါ ကျင်းပမည်ဖြစ်သည်။ ထို့အပြင် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီအတွက် စည်းမျဉ်း၊ စည်းကမ်းသစ်များ တိုးမြှင့်ရေးဆွဲခဲ့သကဲ့သို့ အာရှဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ကလပ်လိုင်စင်မရှိပါကလည်း ပြိုင်ပွဲဝင်ခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ ယခုရာသီတွင် ရခိုင်အသင်းနှင့် Southern အသင်းတို့မှာ အိမ်ကွင်းစတင်လက်ခံကျင်းပမည်ဖြစ်ပြီး ဇွဲကပင်အသင်းသည် မူလကကျင်းပရန် စီစဉ်ထားသော်လည်း ကွင်းပြင်ဆင်မှုအနေအထားကြောင့် ပထမအကျော့တွင် လက်ခံကျင်းပနိုင်ဖွယ်မရှိပေ။ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းအနက် မကွေး၊ ချင်းယူနိုက်တက်နှင့် GFA အသင်းတို့မှာ အိမ်ကွင်း လက်ခံကျင်းပနိုင်ခြင်းမရှိဘဲ ရန်ကုန်၊ ရတနာပုံ၊ ရွှေဝတီ၊ ရှမ်းယူနိုက်တက်၊ နေပြည်တော်နှင့် ဟံသာဝတီအသင်းတို့မှာ အိမ်ကွင်း ဆက်လက်လက်ခံကျင်းပမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲတွင် ရန်ကုန်နှင့် ရတနာပုံအသင်းတို့သာ ကြီးစိုးထားပြီး လေးကြိမ်စီ ဖိုလ်စွဲထားသည်။ ယခုရာသီတွင် ချန်ပီယံအသင်းသစ် ထွက်ပေါ်မည်လား ချန်ပီယံဖြစ်ဖူးသည့် နှစ်သင်းထဲက ထပ်မံဖိုလ်စွဲမည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

## လေ့လာရေးအတွေ့အကြုံများရှင်းလင်းခြင်းနှင့် ကင်းထောက်ဝတ်စုံလှူဒါန်းပွဲ သီပေါ၌ ကျင်းပ

**သီပေါ ဇန်နဝါရီ ၁၁**



ဒေသန္တရဗဟုသုတ ရှာမှီးရေးနှင့် ကင်းထောက်များအချင်းချင်း ရင်းနှီးချစ်ခင်မှုရရှိရေးအတွက် ပြင်ဦးလွင်ဒေသသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြသော သီပေါကင်းထောက်အဖွဲ့၏ အတွေ့အကြုံရှင်းလင်းပွဲကို ဇန်နဝါရီ ၁၁ ရက်က အမှတ်(၂) မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီး ကင်းထောက်ဆရာ ဦးသန်းလွင်က ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ခေတ်အဆက်ဆက် ဘူမိနက်သန် ကင်းထောက်ကြီးများ ကတိသစ္စာခံယူခဲ့သည့် ကျောက်စာတိုင်၌ တောစခန်းချကာ ကင်းထောက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ကင်းထောက်ဆရာနှင့် ကင်းထောက်များ ရင်းနှီးချစ်ကြည်စွာ ခရီးဦးကြိုဆိုကြပြီး ကင်းထောက်များ တောစခန်းထွက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ အပြန်အလှန်အမြင်ချင်းဖလှယ်လျက် ဗဟုသုတရရှိမှုများကိုလည်းကောင်း၊ ပြန်လည်သုံးသပ်ကာ နောင်ထွက်မည့် လေ့လာရေးခရီးများတွင် အားနည်းချက်ကို ပြုပြင်၊ အားသာချက်ကို ဆက်လက်ဆောင်ရွက်သွားရေး အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၄) အမက (လခွဲ) မှ ကင်းထောက်မောင်မယ်များအတွက် ဝတ်စုံ ၁၅ စုံ၊ ကင်းထောက်ဦးထုပ်များကို အလှူရှင် ကင်းထောက်ဆရာမ ဒေါ်နုနုတင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာလင်းထံ ပေးအပ်လှူဒါန်းရာ ဆရာမကြီးက ကင်းထောက်ဆရာ ဦးသန်းလွင်ထံ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

**စိုင်း(သီပေါ)**

## Brunei Open Fencing Championship ပြိုင်ပွဲတွင် ဖြူဖြူအောင် ငွေတံဆိပ်ဆုဆွတ်ခူး



**နေပြည်တော် ဇန်နဝါရီ ၁၁**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်ထိ ကျင်းပသည့် Brunei Open Fencing Championship 2017 ပြိုင်ပွဲကို မြန်မာနိုင်ငံမှ သွားရောက်ယှဉ်ပြိုင်ရာ Individual Women Foil ပြိုင်ပွဲတွင် ဖြူဖြူအောင်သည် အုပ်စုပွဲစဉ်တွင် ဖိလစ်ပိုင်မှ Ignacio Andrea ကို ၁၅ မှတ်၊ ၁၂ မှတ်ဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်၌ ဟောင်ကောင်မှ Chan Sheung Ya ကို ၁၅ မှတ်၊ ၅ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲစဉ်တွင် ထိုင်းနိုင်ငံမှ Thong Champa ကို ၁၅ မှတ်၊ ၁၄ မှတ်ဖြင့် ရှုံးနိမ့်ကာ ဒုတိယငွေတံဆိပ်ဆုကို ပထမဦးဆုံးရရှိခဲ့ပြီး ကျန်ပြိုင်ပွဲများကို မြန်မာအားကစားသမားများ ဆက်လက်ယှဉ်ပြိုင်နေကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၇ခုနှစ် ဇန်နဝါရီ ၄ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ကြီး၏ပဓာန ဦးဆောင်၊ သီတဂူအဓိပတိဆရာတော်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ **"တွဲဖက်ရွှေကျင် သာသနာပိုင်" သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရအား "အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်လှူဒါန်းခြင်းကို အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါသည်။ ဆရာတော်သက်ရှည်ကျန်းမာစေရန်နှင့် သာသနာပြုလုပ်ငန်းတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်ဘုရား·······

**(၁) စီမံအုပ်ချုပ်ရေးအဖွဲ့**
**သီတဂူရွှေဥရာစုသစ်စက္ကူဒါနဆေးရုံတော်၊**
**သဲကုန်းမြို့**

**(၂) သီတဂူတပ်အလယ်ကျောင်းပရိယတ္တိစာသင်တိုက်**
**တပ်ရွာ၊ ရပ်ကွက်(၄)၊ သဲကုန်းမြို့**

**(၃) ဓမ္မမာမကဘာသာရေးလူမှုရေးအကျိုးဆောင်**
**အသင်း၊ သဲကုန်းမြို့**

**(၄) သီတဂူဝေယျာဝစ္စအဖွဲ့၊ သဲကုန်းမြို့**

# ABM,BBMအထက(၃)ပုသိမ် ပဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၃) ပုသိမ်ကျောင်းဝင်းအတွင်းကျင်းပမည့် ပဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ ကြွရောက်ပါရန် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများကို လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားကျင်းပရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ ကမ်းဖြူအုပ်စု၊ ကမ်းဖြူကျေးရွာမှ ဦးမြင့်မောင် ၅/ဝလန(နိုင်) ၀၀၈၃၄၁နှင့် ဦးဘို ချုပ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်မောင်(ခ)ဦးဘိုချုပ်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ကဘွတ်ကျေးရွာနေ မဇင်မာဦး ၅/ခဥန(နိုင်)၁၁၉၇၅၆၏ ဖခင် ဦးငွေသီး(ခ) ဦးမျိုးငွေ ၅/ရဘန(နိုင်)၀၂၄၇၁၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးငွေသီး(ခ)ဦးမျိုးငွေ**

### အမည်ပြောင်း

ဦးကျော်ဦး၏သမီး မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မိုးတောင်အုပ်စု ကျောင်းမြောက်ရွာနေ မအေးလဲ့လဲ့ဝေအား မယုယုဝေ ၉/ငဇန(နိုင်)၁၁၉၈၆၂ဟု ပြောင်းလဲခေါ်ပါရန်။

**မယုယုဝေ**

# အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်အုန်းလှ ၁၂/စခန(နိုင်)၀၃၀၅၈၂ မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ထားသော "PKK ဆင်ပေါက်" နှင့် "ရိုးမဆင်ပေါက်" အမည်ပါ ကုန်အမှတ်တံဆိပ် (၂)မျိုးကို ၁၉-၁၀-၂၀၁၆ ရက်၌ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကြေညာသူ**
**ဒေါ်အုန်းလှ**
**၁၂/စခန(နိုင်)၀၃၀၅၈၂**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ သဃ်န်းဆွဲကျေးရွာအုပ်စု၊ စမုံကျေးရွာနေ ဦးသန်းမောင်-ဒေါ်နုတ်တို့၏သား ဦးမြင့်သိန်းနိုင်(ခ) ဦးသိန်းနိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်သိန်းနိုင်(ခ)ဦးသိန်းနိုင်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ Yankin Housing Project (2011-2012) အိမ်ရာ၊ တိုက်အမှတ် ၉/၂၊ အခန်းအမှတ် ၅၁ တိုက်ခန်းကို ဦးအောင်ကျော်သန်း ၈/မကန(နိုင်)၀၂၅၀၁၉က ဝယ်ယူ ခွင့်ရရှိခဲ့ပါသည်။ တိုက်ခန်းတန်ဖိုးငွေအကျေပေးသွင်းပြီးဖြစ်၍ နေထိုင်ခွင့်အကြောင်းကြားစာကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ယူခဲ့ပြီးနေထိုင်ခွင့်အကြောင်းကြားစာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ပေး၍ နေထိုင်ခွင့်မှတ်ပုံတင်စာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း မူရင်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

TOYOTA WISH
ငှားမည်။
ထိုင်ခုံ (၆) လုံးပါသည်။
တစ်လ-ငါးသိန်းကျပ်
ဖုန်း-၀၉ ၇၇၈၈၈၀၅၅၇
၀၉ ၂၆၂၂၇၈၀၂၁

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ Mao's Brothers Mining & Jewellery Co.,Ltd.အမည်မှ Mao's Brothers Gems & Jewellery Co.,Ltd. အမည်သို့ အမည်ပြောင်းလဲထားသော-ကုမ္ပဏီမှတ်ပုံ တင်ကတ်(မူရင်း)၊ ဒါရိုက်တာစာရင်းပုံစံ ၆/၂၆(မူရင်း)၊ ထုတ်ကုန်၊ သွင်းကုန် လိုင်စင်(မူရင်း)၊ ကုန်သည်ကြီးများအသင်းဝင်ကတ်(မူရင်း)၊ ကျောက်မျက်အသင်းဝင်ကတ်(မူရင်း)၊ မူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၇၆၂၀၂၂၄၀

THREE STAR
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက်
ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း
1HP 255000-Ks
1.5HP 310000-Ks
(Copper Pipe-10', Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

### အမည်မှန်

ဦးမျိုးသိန်းဌေးမောင် ၉/မထလ(နိုင်) ၂၃၆၃၀၀၏ သား မန္တလေးတိုင်းဒေသကြီး၊ အမရပူရ အိမ်ကိုယ်ပိုင် မူလတန်းကျောင်း၊ ပထမတန်းမှ မောင်ချမ်းငြိမ်းဇော်၏ အမည်မှန်မှာ မောင်ချမ်းငြိမ်းမောင်ဖြစ်ပါကြောင်း။

**မောင်ချမ်းငြိမ်းမောင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်သားမြို့နယ်၊ အင်းဗျားရပ်ကွက်၊ ကူမဲမြို့နေ ဦးကျော်ဝင်း ၉/မသန(နိုင်) ၀၇၆၈၀၂ (ခ) ဦးစိုင်းကျော်ဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း(ခ)ဦးစိုင်းကျော်ဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ လွှစင်ကုန်းကျေးရွာနေ မနန်းခမ်းအောင် ၅/ဟမလ(နိုင်) ၁၀၃၂၄၅၏ဖခင် ဦးသာရင်(ခ)ဦးသားဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသာရင်(ခ)ဦးသားဦး**

# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် -- ။ )**

**၁၃၇၈ ခုနှစ်၊ ----------------- ရက်**

**(၂၀၁၆ ခုနှစ် ၊ -------- လ ------ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာကွယ်ပေးမှု ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကာကွယ်ပေးမှုအစီအမံ** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်ပမာဏမြင့်တက်မှုကြောင့် ယင်းကုန်စည်နှင့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ပြည်တွင်းကုန်စည်ကိုထုတ်လုပ်သူ၏ လုပ်ငန်းများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာပါက ကာကွယ်ပေးရန်နှင့် ကုစားမှုပေးရန် ကျင့်သုံးမည့်အစီအမံကို ဆိုသည်။ ယင်းအစီအမံများမှာ ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း၊ ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း သို့မဟုတ် သွင်းကုန်ပမာဏ ကန့်သတ်ခြင်းတို့ကို ဆိုသည်။

(ခ) **သွင်းကုန်ပမာဏမြင့်တက်ခြင်း** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်ပစ္စည်းတစ်မျိုးမျိုး၏ သွင်းကုန်ပမာဏသည် ယင်းကုန်စည်နှင့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့်ကုန်စည်ကို ထုတ်လုပ်သော ပြည်တွင်းထုတ်လုပ်မှု ပမာဏထက် သိသာထင်ရှားစွာ မြင့်တက်လာသည့် ပမာဏကိုလည်းကောင်း၊ ပြည်တွင်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် မြင့်တက်လာသည့် ပမာဏကိုလည်းကောင်း ဆိုသည်။

(ဂ) **ပြည်တွင်းကုန်စည်ထုတ်လုပ်သူ** ဆိုသည်မှာ အောက်ဖော်ပြပါ ထုတ်လုပ်သူ သို့မဟုတ် အဖွဲ့အစည်းကို ဆိုလိုသည်-

(၁) မြန်မာနိုင်ငံအတွင်း အလားတူကုန်စည်ထုတ်လုပ်သူ သို့မဟုတ် တိုက်ရိုက် ယှဉ်ပြိုင်နိုင်သော ကုန်စည်ထုတ်လုပ်သူ၊

(၂) ပြည်ပမှ ကုန်ကြမ်းပစ္စည်းများနှင့် ပေါင်းစပ်ထုတ်လုပ်သည့် ကုန်စည်တွင် ပြည်တွင်းအချိုးအစား များပြားစွာ ပါဝင်သည့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်ကိုထုတ်လုပ်သူ။

(ဃ) **ပြင်းထန်သောထိခိုက်နစ်နာမှု** ဆိုသည်မှာ ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ လုပ်ငန်းဆိုင်ရာရပ်တည်မှုကို အဘက်ဘက်မှ သိသာထင်ရှားစွာ ထိခိုက်နစ်နာစေသော အခြေအနေကို ဆိုသည်။

(င) **ပြင်းထန်သောထိခိုက်နစ်နာမှုဖြစ်စေရန်ခြိမ်းခြောက်မှု** ဆိုသည်မှာ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းဆိုင်ရာ ရပ်တည်မှုကို ပြင်းထန်သော ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်လာသော သိသာသည့် အခြေအနေကို ဆိုသည်။

(စ) **အလားတူကုန်စည်** ဆိုသည်မှာ ပြည်တွင်း၌ ထုတ်လုပ်သော ကုန်စည်သည် စစ်ဆေးခြင်းခံရသည့် ကုန်စည်နှင့်သွင်ပြင်လက္ခဏာအားလုံး ထပ်တူကျနေခြင်း သို့မဟုတ် ယင်းသို့ ထပ်တူကျခြင်းမရှိသော်လည်း နီးစပ်စွာတူညီသည့် ကုန်စည်ကို ဆိုသည်။

(ဆ) **တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်** ဆိုသည်မှာ ပြည်တွင်းမှ ထုတ်လုပ်သောကုန်စည်သည် စစ်ဆေးခြင်းခံရသည့် ကုန်စည်နှင့် ဓာတုဗေဒနည်းလမ်းများအရ ပေါင်းစပ်ဖွဲ့စည်းမှု၊ အခြားလက္ခဏာရပ်များဖြစ်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ ကွဲပြားခြားနားမှုများရှိသော်လည်း အသုံးပြုသည့် ရည်ရွယ်ချက်အရသော်လည်းကောင်း၊ ဈေးကွက်အတွင်း စီးပွားဖြစ်ယှဉ်ပြိုင်မှုအရသော်လည်းကောင်း တစ်ခုနှင့်တစ်ခုအစားထိုး၍ တိုက်ရိုက်ယှဉ်ပြိုင်အသုံးပြုနိုင်သော ကုန်စည်ကို ဆိုသည်။

(ဇ) **စစ်ဆေးခြင်းခံရသည့်ကုန်စည်** ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းခံရသော ပြည်ပမှတင်သွင်းလာသည့် ကုန်စည်ကို ဆိုသည်။

(ဈ) **အကျိုးဝင်ဆက်နွှယ်သူများ** ဆိုသည်မှာ စစ်ဆေးခြင်းခံရသည့်ကုန်စည်၊ အလားတူကုန်စည်၊ ယင်းကုန်စည်နှင့် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်များကို ထုတ်လုပ်သူ၊ ယင်းလုပ်ငန်းရှိ အလုပ်သမားများ၏ အကျိုးကို ကိုယ်စားပြုသည့်အဖွဲ့အစည်း၊ ရောင်းဝယ်သူ၊ တင်သွင်းသူ၊ ကုန်သည်အသင်းအဖွဲ့နှင့် စစ်ဆေးခြင်းခံရသည့် ကုန်စည်ကို ပြည်ပ၌ ထုတ်လုပ်သူ၊ တင်ပို့သူ၊ တင်ပို့သူနှင့်ဆိုင်သော အဖွဲ့အစည်းများနှင့် ၎င်းနိုင်ငံ၏အစိုးရအဖွဲ့ကို ဆိုသည်။

(ည) **ယာယီကာကွယ်ပေးမှုအကောက်ခွန်** ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်စဉ်ကာလအတွင်းပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှုကို လည်းကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုကိုလည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် အကောက်ခွန်ဥပဒေအရ ကောက်ခံသည့် အကောက်ခွန်အပြင် ထပ်တိုးစည်းကြပ်သည့် ယာယီအကောက်ခွန်ကို ဆိုသည်။

(ဋ) **ကာကွယ်ပေးမှုအကောက်ခွန်** ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု အပြီးသတ်တွေ့ရှိ ဆုံးဖြတ်ချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ဖြစ်ပေါ်သော ပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှုကိုလည်းကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုကို လည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် အချိန်ကာလတစ်ခုအထိ စည်းကြပ်ကောက်ခံခြင်းဖြစ်ပြီး အကောက်ခွန်ဥပဒေအရ ကောက်ခံသည့် အကောက်ခွန်အပြင် ထပ်တိုးစည်းကြပ်သည့် အကောက်ခွန်ကို ဆိုသည်။

(ဌ) **သွင်းကုန်ပမာဏကန့်သတ်ခြင်း** ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု အပြီးသတ်တွေ့ရှိဆုံးဖြတ်ချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ဖြစ်ပေါ်သော ပြည်တွင်းကုန်စည် ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှုကိုလည်းကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုကို လည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် စစ်ဆေးခြင်းခံရသည့် ကုန်စည်၏ တင်သွင်းမှုပမာဏ ကန့်သတ်ခြင်းကို ဆိုသည်။

(ဍ) **ဖွံ့ဖြိုးဆဲနိုင်ငံ** ဆိုသည်မှာ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးဆဲနိုင်ငံများစာရင်းတွင် သတ်မှတ်ထားသော အမည်စာရင်းတွင်ပါဝင်သည့်နိုင်ငံကို ဆိုလိုသည်။

(ဎ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန** ဆိုသည်မှာ ကာကွယ်ပေးမှုအစီအမံဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။

(ထ) **စုံစမ်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် ကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်စည်တစ်မျိုး၏ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းရှိ အလားတူ ကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည် ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ဖြစ်ပေါ်လာပါက ကာကွယ်မှုနှင့် ကုစားမှုပေး နိုင်မည့် အစီအမံများကို ကျင့်သုံးနိုင်စေရန်၊

(ခ) အချိန်ကာလတစ်ခုအတွင်း ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်နိုင်စေရန်၊

(ဂ) ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုသည် သွင်းကုန်ပမာဏမြင့်တက်မှုနှင့် ကျိုးကြောင်းဆက်စပ်မှုရှိပါက ယင်းထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ရန် နှင့် ကုစားနိုင်ရန်အတွက် အဆိုပါသွင်းကုန်အပေါ် လုံလောက်သော ကာကွယ်မှုအခွန်ကို စည်းကြပ်ရန်။

## အခန်း(၃)

## သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

### ကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို ကိုးဦးထက် မပိုသော အောက်ပါဌာနများမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) ကုန်သွယ်ရေး၊စီးပွားရေး၊ဘဏ္ဍာရေး၊ နိုင်ငံခြားရေး၊ စိုက်ပျိုးရေး၊ အလုပ်သမားရေးရာတို့နှင့်ဆက်စပ်သော ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်နှင့်အထက် အရာထမ်းများ — အဖွဲ့ဝင်များ

(၄) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက တွဲဖက်အတွင်း ရေးမှူးကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသောကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနမှ တင်ပြလာသည့် ကနဦးစိစစ်ချက်များအပေါ် စုံစမ်းစစ်ဆေးရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်း၊

(ခ) ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းနှင့် အကြံပြုသုံးသပ်ချက်များ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်ခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဦးစီးဌာနမှတစ်ဆင့် ပြန်လည်တင်ပြလာသည့် စုံစမ်းစစ်ဆေးချက်များနှင့် အကြံပြုသုံးသပ်ချက်များကို စိစစ်ခြင်း၊

(ဃ) ကာကွယ်ပေးမှုအစီအမံများနှင့်ပတ်သက်သည့် အစီအမံများချမှတ်မှု၊ သက်တမ်းတိုးမှု သို့မဟုတ် ပြင်ဆင်မှုများကို စိစစ်ဆုံးဖြတ်ခြင်း၊

(င) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ဝန်ကြီးဌာနကို အကြံပြုခြင်း၊

(စ) ဤဥပဒေကို အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ လိုအပ်သော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ တောင်းခံနိုင်ခြင်း၊

(ဆ) ကော်မတီ၏လုပ်ပိုင်ခွင့်ကို ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ထံ တာဝန်ပေးအပ်ခြင်း၊

(ဇ) လိုအပ်ပါက ကော်မတီခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

## အခန်း(၄)

## ဦးစီးဌာနကို တာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန် ဦးစီးဌာနကို တာဝန်ပေးအပ်ရမည်။

၇။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကာကွယ်ပေးမှုအစီအမံကျင့်သုံးရန် တင်ပြလျှောက်ထားခြင်းအား အထောက်အထားပြည့်စုံမှု ရှိ မရှိ ကော်မတီသို့ စိစစ်တင်ပြခြင်း၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုသုံးသပ်ချက်များကို ကော်မတီသို့အစီရင်ခံတင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံထားသော စာရင်းဇယား၊အချက်အလက်၊သက်သေအထောက်အထားများကိုထိန်းသိမ်းခြင်း၊

(င) ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခြင်း၊

(စ) ကော်မတီမှပေးအပ်သော အခြားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)

## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

### စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ကော်မတီသည် ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းနှင့် အခြားတာဝန်များ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများ ဦးဆောင်ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

### စုံစမ်းစစ်ဆေးရေးအဖွဲ့၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီ၏တာဝန်ပေးအပ်မှုအရ သွင်းကုန်ပမာဏ မြင့်တက်လာခြင်းကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ကို စုံစမ်းစစ်ဆေးခြင်း၊

(ခ) စုံစမ်းစစ်ဆေးမှုအတွက် လိုအပ်သောစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို အကျိုးဝင်ဆက်နွှယ်သူများထံမှ တောင်းခံခြင်း၊

(ဂ) စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း အကျိုးဝင်ဆက်နွှယ်သူများမှ စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ၊ ထင်မြင်ယူဆချက်များကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တင်ပြလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်းသည့် စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို လိုအပ်ပါက သိမ်းဆည်းထားခြင်း၊

(င) သွင်းကုန်ပမာဏမြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုနှင့်ပတ်သက်သည့် စိစစ်တွေ့ရှိချက်၊ ကျင့်သုံးသင့်သည့်အစီအမံ အမျိုးအစား၊ ပမာဏနှင့် ကာလတို့ကို အကြံပြုချက်များနှင့်တကွ ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ တင်ပြခြင်း၊

(စ) ကော်မတီမှ ပေးအပ်လာသည့် အခြားသောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၆)

## စိစစ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း

### ကနဦးစိစစ်ခြင်း

၁၀။ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြင်းထန်စွာထိခိုက်နစ်နာသော ပြည်တွင်းကုန်စည်ထုတ်လုပ်သူ သို့မဟုတ် အဆိုပါကုန်စည်ထုတ်လုပ်သူ၏ ကိုယ်စားလှယ်သည် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးရန် တင်ပြလျှောက်ထားရမည်။

၁၁။ ဦးစီးဌာနသည် လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၅ ရက်အတွင်း စုံစမ်းစစ်ဆေးရန် သတ်မှတ်အထောက်အထားအချက်အလက် ပါဝင်မှု ရှိ မရှိ ကနဦးစိစစ်၍ ကော်မတီသို့တင်ပြရမည်။

*ဆက်လက်ဖော်ပြပါမည်*

# ကမ္ဘာ့ပထမဦးဆုံး ဘက်ထရီကား

## သိပ္ပံစာရေးဆရာကိုကိုအောင်

မျက်မှောက်ကမ္ဘာကြီးတွင် ရုပ်ကြွင်းလောင်စာများ သုံးစွဲမှုက အဆမတန်မြင့်တက်နေခြင်းကြောင့် လေထုညစ်ညမ်းမှု အကြီးအကျယ် ဖြစ်ပေါ်နေခြင်းနှင့်အတူ ဖန်လုံအိမ်အာနိသင် မြင့်မားကာ ကမ္ဘာ့အပူချိန်ကလည်း မြင့်တက်လျက် ရှိနေသည်။ ရုပ်ကြွင်းလောင်စာသုံးစွဲမှု တိုးမြင့်လာသည်နှင့်အမျှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့များ တိုးပွားလာကာ၊ ထိုဓာတ်ငွေ့များက ကမ္ဘာလေထုထဲသို့ ပျံ့နှံ့ရောက်ရှိသွားမှုကြောင့် ကမ္ဘာကြီးကို ဖန်လုံအိမ်တစ်ခုအဖြစ် အုပ်မိုးကာရံထားလိုက်ကြသည်။

ကမ္ဘာ့မြေပြင်နှင့် ရေပြင်တို့အပေါ်သို့ နေမှကျရောက်လာသောအလင်းတန်းများကို အလင်းပြန်ခြင်းဖြစ်စဉ်ဖြင့် ကမ္ဘာ့အပြင်ဘက်သို့ ပြန်လည်ထုတ်လွှတ်ရာတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ၏ အုပ်မိုးကာရံထားမှုကြောင့် နေအလင်းတန်းများအားလုံးသည် ကမ္ဘာ့အပြင်ဘက်သို့ အပြည့်အဝ ပြန်လည်ထွက်ခွာသွားနိုင်ခြင်း မရှိကြတော့ပေ။ ထိုအခါ ကမ္ဘာကြီးက ပိုမိုပူနွေးလာပြီး ထိုမှဆက်စပ်၍ ရာသီဥတုများ ပြောင်းလဲကာ မိုးလေဝသအခြေအနေများကပါ ကစဉ့်ကလျား ဖြစ်လာတော့သည်။

သိပ္ပံပညာရှင်တို့သည် ကမ္ဘာကြီးပူနွေးလာနေမှု ပြဿနာကို ဖြေရှင်းနိုင်ရန် နည်းလမ်းမျိုးစုံကို ကြံဆခဲ့ကြသည်။ စွမ်းအင်ရရှိရေးအတွက် စက်ယန္တရားများကို လည်ပတ်စေရာ၌ အဆင့်မြင့်နည်းပညာများသုံးပြီး ရုပ်ကြွင်းလောင်စာသုံးစွဲရမှုကို လျှော့ချခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို အစားထိုးသုံးစွဲလာခြင်း၊ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုမရှိသော သို့တည်းမဟုတ် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုမရှိသလောက် နည်းပါးသော အင်ဂျင်များကိုတီထွင်ထုတ်လုပ်ခြင်း၊ မော်တော်ကားများ ရွေ့လျားမောင်းနှင်မှုအတွက်လိုအပ်သော စက်မှုစွမ်းအားကို ရုပ်ကြွင်းလောင်စာသုံးအင်ဂျင်များပေါ်၌ ရာနှုန်းပြည့် မှီခိုနေရမှုမှ လွတ်ကင်းအောင် တီထွင်ဆန်းသစ်ခြင်းစသည့် နည်းပညာသစ်များကို အောင်မြင်စွာဖြင့်ဖော်ထုတ်ကာ လက်တွေ့ကျကျ အသုံးချနိုင်ခဲ့ကြသည်။

ဤသို့အားဖြင့် အင်ဂျင်မှထုတ်ပေးသော စွမ်းအားနှင့် လျှပ်စစ်မော်တာမှ ထုတ်ပေးသော စွမ်းအားများကို တစ်လှည့်စီ သုံးစွဲကာ မောင်းနှင်နိုင်သော Hybrid မော်တော်ကားများကို တီထွင်ထုတ်လုပ်လာနိုင်ကာ၊ မျက်မှောက်ကာလတွင် Hybrid ကားအများအပြားသည် ကမ္ဘာ့အရပ်ရပ်ရှိ အများပြည်သူသုံး လမ်းမများပေါ်၌ မောင်းနှင်သွားလာနေကြပြီဖြစ်သည်။ အလားတူပင် ကြိုတင်အားဖြည့်ထားသည့် ဘက်ထရီမှ ထုတ်ပေးသော လျှပ်စစ်ဓာတ်အားဖြင့် လည်ပတ်သည့် မော်တာကိုသာအသုံးပြုပြီး အင်ဂျင်တပ်ဆင်ထားခြင်းမရှိသည့် လျှပ်စစ်မော်တော်ကားများကိုလည်း ထုတ်လုပ်အသုံးပြုနေကြပြီဖြစ်သည်။

ယနေ့အချိန်တွင် လျှပ်စစ်သိုနိုင်မှုအင်အား အလွန်ကောင်းမွန်သည့် ဘက်ထရီဖြင့်မောင်းနှင်နိုင်သော မော်တော်ကားအမျိုးအစားများစွာတို့မှာ လူကြိုက်များလျက်ရှိနေပြီး ရုပ်ကြွင်းလောင်စာကို သုံးစွဲရန်မလိုခြင်း၊ လေထုညစ်ညမ်းမှုမဖြစ်ခြင်း၊ စက်သံညက်သောပြီး ညင်သာချောမွေ့စွာ မောင်းနှင်အသုံးပြုနိုင်ခြင်းစသော အားသာချက် အများအပြားကြောင့် အနာဂတ်ကာလတွင်လည်း ဘက်ထရီဖြင့်မောင်းနှင်သော မော်တော်ကားများ ထုတ်လုပ်မှုနည်းပညာမှာ ပို၍ပင်ဆန်းသစ်လာမည်ဟု မျှော်မှန်းရသည်။

မျက်မှောက်ခေတ်သုံး ဘက်ထရီကားတို့၏ ရှေးဦးအစ တီထွင်ထုတ်လုပ်မှုကမူ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်ကတည်းကပင် စတင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ပထမဦးဆုံးသော ဘက်ထရီကားမှာ လူနာရိုဗာဟုအမည်ပေးထားသော သိပ္ပံသုတေသနလုပ်ငန်းသုံး အဆင့်မြင့်မော်တော်ကားပင် ဖြစ်သည်။ အံ့သြဖွယ်ကောင်းသည့်အချက်မှာ အဆိုပါအဆင့်မြင့် ဘက်ထရီကားကို ပထမဦးဆုံး စတင်အသုံးပြုခဲ့သည့်နေရာမှာ ဤမြေကမ္ဘာကြီးပေါ်၌ မဟုတ်ဘဲ၊ ဤမြေကမ္ဘာကြီးကို ရက်ပေါင်း ၃၀ လျှင် တစ်ပတ်ကျမှန်မှန်လှည့်ပတ်နေသည့် လမျက်နှာပြင်ပေါ်၌သာ ဖြစ်သည်။

ဘက်ထရီကား လူနာရိုဗာကို လမျက်နှာပြင်ပေါ်၌ မောင်းနှင်အသုံးပြုခွင့်ရအောင် လုပ်ဆောင်ခဲ့သော အာကာသသုတေသနလုပ်ငန်းကြီးကို အမေရိကန်ပြည်ထောင်စု၊ အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (NASA) က စတင်လုပ်ဆောင် အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်သည်။ လူနာရိုဗာယာဉ်သည် အလေးချိန်အားဖြင့် ကီလိုဂရမ် ၂၀၀ ရှိပြီး တည်ဆောက်မှု ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၉ သန်းခန့်ဖြစ်သည်။ လူနာရိုဗာကိုလပေါ်သို့ ယူဆောင်သွားကာမောင်းနှင်အသုံးပြုနိုင်သော အခြေအနေအထိရောက်ရှိလာအောင် အမေရိကန်သိပ္ပံပညာရှင်တို့က ၁၉၅၈ ခုနှစ်ကပင် စတင်ကြိုးပမ်းခဲ့ကြသည်။

၁၉၅၈ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သော အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (NASA)သည် အမေရိကန်အာကာသယာဉ်မှူးများကို အာကာသထဲသို့ စေလွှတ်သည့် မာကျူရီစီမံကိန်းကို အဆိုပါနှစ်၏ အောက်တိုဘာလ ၇ ရက်နေ့က စတင်ခဲ့သည်။ နာဆာအဖွဲ့သည် ဤမြေကမ္ဘာကြီး၏ ပြင်ပပတ်ဝန်းကျင်နှင့် လ၏ ပတ်ဝန်းကျင် အခြေအနေများကို လေ့လာနိုင်ရန် ရည်ရွယ်လျက် ၁၉၅၈ ခုနှစ်အတွင်းမှာပင် ပိုင်အိုးနီးယား အာကာသယာဉ်များကို အာကာသထဲသို့ စမ်းသပ်စေလွှတ်ခဲ့သည်။

နာဆာအဖွဲ့၏ မဆုတ်မနစ်ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုများကြောင့် ၁၉၆၁ ခုနှစ် မေလ ၅ ရက်နေ့တွင် အမေရိကန်တို့၏ပထမဦးဆုံးသော အာကာသယာဉ်မှူးကို ကမ္ဘာ့ အပြင်ဘက်အာကာသထဲသို့ ရောက်အောင်ပို့လွှတ်နိုင်ကာ ထိုမှတစ်ဆင့် ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အမေရိကန်တို့၏ လူလိုက်ပါသော ပထမဦးဆုံး ကမ္ဘာပတ်ယာဉ် Frendship-7 ဖြင့် ကမ္ဘာကို သုံးပတ်ပတ်နိုင်ခဲ့သည်။ ထို့နောက် အမေရိကန်တို့သည် ကမ္ဘာ့ပထမဦးဆုံးသော ဆက်သွယ်ရေးဂြိုဟ်တုကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့က ကမ္ဘာပတ်လမ်းကြောင်းထဲသို့ အောင်မြင်စွာ ပို့လွှတ်နိုင်ခဲ့ကြပြန်သည်။

ဤသို့အားဖြင့် ၁၉၆၁ ခုနှစ် မေလက စတင်ခဲ့ကာ ၁၉၆၇ ခုနှစ်အရောက်တွင် အာကာသယာဉ်မှူးသုံးဦး တစ်ပြိုင်တည်း လိုက်ပါနိုင်သော အပိုလို(Apollo) အာကာသယာဉ် စီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ကြသည့် အမေရိကန်တို့သည်၊ ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ကာ ကမ္ဘာ့ပထမဦးဆုံးသော လပေါ်ရောက် လူသားများအဖြစ် အမေရိကန်အာကာသယာဉ်မှူးနှစ်ဦးကို လမျက်နှာပြင်ပေါ်၌ ခြေချစေနိုင်ခဲ့သည်။

ထို့နောက် အမေရိကန်တို့သည် အပိုလိုအာကာသယာဉ်များကို ဆက်တိုက်ဆိုသလို လွှတ်တင်ခဲ့ပြီး လမျက်နှာပြင်ပေါ်သို့ အကြိမ်ကြိမ်ဆင်းသက်ကာ လ၏အကြောင်းကို ထဲထဲဝင်ဝင် သိရှိနိုင်ရန် စူးစမ်းလေ့လာခဲ့ကြသည်။ ယင်းကဲ့သို့သော လမျက်နှာပြင် စူးစမ်းလေ့လာရေးဆိုင်ရာ အာကာသခရီးစဉ်များအနက် ၁၉၇၁ ခုနှစ်က လွှတ်တင်ခဲ့သည့် အပိုလို ၁၅ အာကာသယာဉ်နှင့်အတူ အာကာသသိပ္ပံပညာရှင်တို့က တီထွင်ထုတ်လုပ်ခဲ့သောလူနာရိုဗာ(Luna Rover) ဘက်ထရီကားကို တင်ဆောင်သွားခဲ့သည်။

ကမ္ဘာ့ပထမဦးဆုံးသော ဘက်ထရီကား လူနာရိုဗာဖြင့် အပိုလို ၁၅ အမေရိကန် အာကာသယာဉ်မှူးများသည် လဆင်းယာဉ် ဆင်းသက်ရပ်နားထားသည့် နေရာမှ ၂၇ ကီလိုမီတာကျော်ကျော် အကွာအဝေးထိတိုင် မောင်းနှင်သွားလာရင်း လမျက်နှာပြင်ပေါ် ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာနိုင်ခဲ့ကြသည်။ အပိုလို ၁၅ အာကာသယာဉ်မှူးများ ဖြစ်ကြသည့် ဒေ့ဗ်စကော့နှင့် ဂျင်အာဝင်တို့သည် လူနာရိုဗာကို မောင်းနှင်ကာအပင်နိုင်းတောင်တန်းဒေသ၌ သုံးရက်ကြာနေထိုင်ပြီး မြေသားနမူနာများနှင့် ကျောက်တုံးများကို ကောက်ယူစုဆောင်းခဲ့ကြသည်။

လူနာရိုဗာ ဘက်ထရီကားကို မောင်းနှင်အသုံးပြု ကာလမျက်နှာပြင်ပေါ်၌ လှည့်လည်သွားလာရင်း လကျောက်တုံးနမူနာများကို ကောက်ယူစုဆောင်းခဲ့ကြသော စကော့နှင့် အာဝင်တို့သည် သက်တမ်း နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံရှိသော ကျောက်တုံးတစ်တုံးကိုပါ တွေ့ရှိခဲ့ကြသည်။ အဆိုပါကျောက်တုံး၏ သက်တမ်းသည် လ၏သက်တမ်းနီးပါးမျှရှိနေသည့်အတွက် အမေရိကန်သိပ္ပံပညာရှင်တို့က အဆိုပါကျောက်တုံးကို လ၏ဖွားဖက်တော်ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

၁၉၇၂ ခုနှစ် ဧပြီလ ၁၆ ရက်နေ့က ပစ်လွှတ်ခဲ့သော အပိုလို ၁၆ ၏ အာကာသယာဉ်မှူးများသည်လည်း ဘက်ထရီ ကား လူနာရိုဗာဖြင့် လမျက်နှာပြင်ပေါ်ရှိ ဒေးကတ်ဒေသ၌ ခရီးတာ ၂၅ ကီလိုမီတာကျော်မျှ လှည့်လည်မောင်းနှင်ရင်း လ၏ ဘူမိသွင်ပြင်များကို စူးစမ်းလေ့လာခဲ့ကြကာ ကျောက်တုံး နှင့် မြေသားနမူနာများကို ကောက်ယူစုဆောင်းပြီး ကမ္ဘာမြေသို့ သယ်ဆောင်ခဲ့ကြသည်။

ထို့အတူပင် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလက အပိုလို ၁၇ အာကာသယာဉ် ခရီးစဉ်၌ အာကာသယာဉ်မှူး ယူဂျင်းဆာနန်နှင့်အတူ လိုက်ပါသွားသည့် ပထမဦးဆုံးသော ဘူမိဗေဒပညာရှင် အာကာသယာဉ်မှူး ဂျက်ရှမစ်သည်လည်း လပေါ်ရှိ တူးရပ်စ်လစ်ထရိုး တောင်ကြားဒေသ၌ ဘက်ထရီကား လူနာရိုဗာကိုမောင်းနှင်ကာ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။ ဂျက်ရှမစ်သည် အာကာသယာဉ်မှူး ယူဂျင်းဆာနန်နှင့်အတူ တူးရပ်စ်လစ်ထရိုး တောင်ကြားဒေသတစ်ဝိုက်၌ ခရီးတာ ၃၃ ကီလိုမီတာကျော်အထိ မောင်းနှင်သွားလာရင်း လပေါ်ရှိ ကျောက်တုံးနမူနာများကို ကောက်ယူစုဆောင်းနိုင်ခဲ့သည်။

ဤသို့အားဖြင့် ကမ္ဘာ့ပထမဦးဆုံးသော ဘက်ထရီကား လူနာရိုဗာကို အသုံးပြုကာ အမေရိကန် အာကာသယာဉ်မှူးများသည် အပိုလို ၁၅၊ အပိုလို ၁၆ နှင့် အပိုလို ၁၇ ခရီးစဉ်များတွင် လမျက်နှာပြင်ပေါ်၌ ခရီးအကွာအဝေး စုစုပေါင်း ကီလိုမီတာ ၉၀ နီးပါးမျှ ခရီးနှင်နိုင်ခဲ့ကြကာ လ၏မြေသားနမူနာနှင့် ကျောက်တုံးများ စုစုပေါင်းအလေးချိန် ၈၄၁ ပေါင်ကိုကောက်ယူစုဆောင်းပြီး ကမ္ဘာမြေဆီသို့ ယူဆောင်လာနိုင်ခဲ့ကြသည်။



လ၏မျက်နှာပြင်ပေါ်သို့ ပထမဦးဆုံး ဆင်းသက်ခြေချနိုင်ခဲ့သည့်အပိုလို ၁၁ ခရီးစဉ်၌ အမ်းစထရောင်းနှင့် အော်လ်ဒရင်တို့သည် ဘက်ထရီကားကို မသုံးနိုင်သေးသည့်အတွက် လဆင်းယာဉ်မှ ပေအနည်းအထိသာ လမ်းလျှောက် သွားလာနိုင်ခဲ့ကြသည်။ ထိုယာဉ်မှူးနှစ်ဦးတို့သည် လမျက်နှာပြင်ပေါ်၌ နေထိုင်ခဲ့သည့် ၂၁ နာရီခွဲခန့် အချိန်အတွင်း ပေ ၁၆၀ ခန့်အထိသာ လမ်းလျှောက်သွားလာနိုင်ခဲ့ကြသည့်အတွက်၊ ဘက်ထရီကား လူနာရိုဗာကြောင့်ရရှိခဲ့သော အကျိုးကျေးဇူးများကိုနှိုင်းချိန်သိရှိနိုင်သည်။

အမေရိကန် သိပ္ပံပညာရှင်တို့သည် အပိုလို ၁၅၊ အပိုလို ၁၆ နှင့် အပိုလို ၁၇ အာကာသခရီးစဉ်များ၌ လိုက်ပါသွားခဲ့ကြသည့် အာကာသယာဉ်မှူးများက လူနာရိုဗာကို အသုံးပြုကာ လမျက်နှာပြင်ပေါ်၌ လှည့်လည်သွားလာ စူးစမ်းလေ့လာရင်းကောက်ယူစုဆောင်းယူဆောင်လာခဲ့ကြသည့် ကျောက်တုံးနှင့် မြေသားနမူနာများကို အဆင့်မြင့် နည်းပညာများဖြင့် ဓာတ်ခွဲစမ်းသပ်ကြည့်သည့်အခါ လဖြစ်ပေါ်လာပုံကိုအခိုင်အမာ သိရှိလာကြသည်။

လနှင့်ကမ္ဘာတို့၏ မြေသားအမျိုးအစားများမှာ တူညီကြသည်ကို တွေ့ရှိရသော်လည်း ဖွဲ့စည်းထားမှု အချိုးအစားကမူ မတူညီကြောင်း သိရှိခဲ့ကြသည်။ လ၏မြေသားလွှာထဲတွင် ကမ္ဘာမြေ၏ မြေသားလွှာများမှာကဲ့သို့ သံဓာတ်မရှိဘဲ၊ အခြားသော ဓာတ်သတ္တုများသာ ပေါကြွယ်ဝကြောင်းကိုလည်း သိရှိခဲ့ကြသည်။ လွန်ခဲ့သော နှစ်သန်းပေါင်း ၄၆၀၀ က နေလုံးကြီးနှင့်တကွ ကမ္ဘာမြေအပါအဝင် ဂြိုဟ်ကြီးကိုးလုံး ဖွဲ့စည်းဖြစ်ပေါ်ခဲ့ကြစဉ်က မပါဝင်ခဲ့သော ကျောက်တုံးအစအနများသည် အာကာသအတွင်း၌ ပျံ့လွင့်နေခဲ့ကြရာမှ ဂြိုဟ်တစ်လုံးစာမျှ ပမာဏရှိသောအစိုင်အခဲများက ကမ္ဘာကြီးတည်ရှိရာ နေရာဆီသို့ ဦးတည် ရောက်ရှိလာခဲ့ကြသည်။ အမြန်နှုန်း တစ်စက္ကန့်လျှင် ၈ ကီလိုမီတာနှုန်းဖြင့် ပျံဝဲလာကြသည့် အဆိုပါကျောက်စကျောက်နများမှာ အချင်းချင်း တိုက်မိခိုက်မိပေါင်းစည်းမိကြပြီး လတစ်စင်းအဖြစ် ဖြစ်ပေါ်လာကြောင်းကို အမေရိကန် သိပ္ပံပညာရှင်တို့က ဖော်ထုတ်နိုင်ခဲ့ကြသည်။

လအဖြစ် စတင်ဖြစ်ပေါ်စဉ်က ကျောက်စကျောက်နများ အချင်းချင်း တိုက်မိခိုက်မိမှုများကြောင့် ဖြစ်ပေါ်လာသော အပူဓာတ်သည် ကျောက်အချို့ကို အရည်ပျော်သွားစေခဲ့ကာ၊ ကျောက်အချို့ကိုမူ အငွေ့ပျံသွားစေခဲ့သည်။ ပြင်းထန်လွန်းသော အပူဓာတ်ကြောင့် လပေါ်၌ ရေဓာတ်ခန်းခြောက်ကုန်သည့်အတွက် လ၏ဝင်ရိုးစွန်း မြေသားအချို့ထဲ၌သာ ရေခဲအနည်းငယ်ကို တွေ့ရှိခဲ့ကြသည်။ အစိတ်အပိုင်း တချို့ကအရည်ပျော်နေခဲ့ပြီး ကျန်အစိတ်အပိုင်းတချို့က အငွေ့ပျံနေခဲ့သော လသည် စတင်ဖြစ်ပေါ်ပြီးနောက် နှစ်သန်းပေါင်း ၆၀၀ အကြာတွင် အေးခဲသွားကာ မျက်နှာပြင်များ မာကျောသွားခဲ့ခြင်းဖြစ်သည်။

လဖြစ်ပေါ်ပြီး နောက်ပိုင်း၌လည်း လ၏မျက်နှာပြင်ကို ဥက္ကာပျံများက အကြိမ်ကြိမ် ဝင်တိုက်ခဲ့ ကြရာ ကျယ်ဝန်းပြန့်ပြူးသော လွင်ပြင်ကြီးများ ဖြစ်ပေါ်ခဲ့သည်။ လပေါ်ရှိမီးတောင်များ ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ချော်ရည်များက အဆိုပါလွင်ပြင်ကျယ်ကြီးများထဲတွင် ဝင်ရောက်နေရာယူ ဖုံးလွှမ်းခဲ့မှုကြောင့် ချော်ရည်ပင်လယ်နှင့် ချော်ရည်သမုဒ္ဒရာကြီးများ ဖြစ်ပေါ်တည်ရှိခဲ့သည်။ အမေရိကန် သိပ္ပံပညာရှင်တို့က လပေါ်ရှိ အချို့သောဒေသများကို အမည်တပ် ခေါ်ဝေါ်သမုတ်ရာ၌ပင် အဆိုပါ ချော်ရည်ပင်လယ်များကို အကြောင်းပြုကာ ဆိတ်ငြိမ်ပင်လယ်ဟု သုံးနှုန်းခဲ့ကြသည်။ ဤသည်မှာကား လူနာရိုဗာကို အသုံးပြုနိုင်ခြင်း၏ အကျိုးကျေးဇူးများပင် ဖြစ်ကြပေသည်။

လူ့သမိုင်းတစ်လျှောက်တွင် ကြီးမားသော မှတ်တိုင်ကြီး တစ်ခုအဖြစ် စိုက်ထူနိုင်ခဲ့သော လမျက်နှာပြင်ပေါ်သို့ ကမ္ဘာ့လူသားများ ဆင်းသက်အခြေချနိုင်မှုနှင့် လ၏အကြောင်းကို စူးစမ်းလေ့လာကာ နောက်ကြောင်းပြန်ဖော်ထုတ်နိုင်ခဲ့မှုတို့တွင် အဓိကကျသည့် အခန်းကဏ္ဍကပါဝင်ခဲ့သည့် ကမ္ဘာ့ပထမဦးဆုံးသော ဘက်ထရီကား Luna Rover သည် မျက်မှောက်ခေတ်ကာလ ဘက်ထရီကားများ၏ ရှေးဦးအစ၊ ရှေ့ဆောင်လမ်းပြ ဖြစ်ခဲ့ရုံမျှမက ခေတ်သစ်နည်းပညာများဖြင့် ထုတ်လုပ်ပေးထားသည့် မျက်မှောက်ခေတ် ဘက်ထရီကားများက မလုပ်ဆောင်နိုင်သော ထူးဆန်းအံ့သြဖွယ် လုပ်ဆောင်ချက်များကိုပင် စွမ်းရည်ပြလုပ်ဆောင်ပေးနိုင်ခဲ့သည် မဟုတ်ပါလော...

## စစ်တွေမြို့၌ NeID အထောက်အကူပြု စာရင်းကောက်ယူခြင်း စမ်းသပ်ဆောင်ရွက်

**စစ်တွေ ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ National Electronic ID (NeID) အထောက်အကူပြု စာရင်းကောက်ယူခြင်းလုပ်ငန်း ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ဦးဥတ္တမခန်းမ၌ ကျင်းပရာပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းပါအမည်နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းကိုဓာတ်ပုံရိုက်ခြင်း၊ ကိုယ်ရေးအချက်အလက်များ ရေးသွင်းခြင်းတို့ကို ခေတ်မီအိုင်တီနည်းပညာများဖြင့် အသုံးပြု၍လုပ်ဆောင်ပေးကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြပြီး လုပ်ငန်းဆောင်ရွက်ပေးမှု အခြေအနေများကို မေးမြန်းဆွေးနွေးကာ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ အပေါ်လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန် /ဆက်)

## မျှော်စင်များပေါ်တွင် ဈေးရောင်းချမှုအဆင်ပြေ

**ညောင်ဦး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့ချင်းဆက်လမ်းဘေးတွင် ဒေသထွက်ကုန်ကြမ်းဖြစ်သော ထန်းသားခွဲခြမ်းများနှင့် ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင် အားကောင်းလျက်ရှိသည့် လင့်စင်(ခေါ်)မျှော်စင်များ တည်ဆောက်ထားလျက်ရှိသည်။

အဆိုပါ မျှော်စင်များကို မိမိဒေသထွက်ထန်းသားများနှင့် ပင်တည်ဆောက်ထားကြောင်း မျှော်စင်ပိုင်ရှင်ဒေသခံတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မျှော်စင်ပေါ်မည်သူမဆိုတက်ပြီး ပတ်ဝန်းကျင်ကို လေ့လာလို့ရပါတယ်။ အခမဲ့တက်ရတာပါ။ မျှော်စင်ပေါ်မှာ လက်ဆောင်ပစ္စည်းတွေ ရောင်းချပေးနေပါတယ်"ဟု ပြောသည်။ ကျောက်ပန်းတောင်းနှင့် ညောင်ဦးသည် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ပြည်ပဧည့်သည်တော်များ ပုပ္ပားသို့ လေ့လာရေးခရီးသွားလာရာ လမ်းလည်းဖြစ်သည့်အတွက် ပို၍အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုအခါ အဆိုပါ လင့်စင် (ခေါ်) မျှော်စင်လေးများပေါ်တွင် အညာလက်ဆောင်ဈေးရောင်းချသည့် ဈေးသည်များ၊ ခရီးသွားဈေးဝယ်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ဌေး**

# မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီး၍ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေ



**မိတ္ထီလာ ဇန်နဝါရီ ၁၁**

မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်မှုများ ပြီးစီးပြီဖြစ်၍ မြို့တွင်းလမ်းများတွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှု ယခင်ကထက် လျော့နည်းလာသကဲ့သို့ ကုန်တင်ယာဉ်ကြီးများ မောင်းနှင်သူများအနေဖြင့်လည်း မြို့ရှောင်လမ်းမှ မောင်းနှင်ရသဖြင့် အချိန်ကုန်သက်သာပြီး ပိုမို အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“မိတ္ထီလာမြို့တွင်းလမ်းက မောင်းနှင်ရတာထက် မြို့ရှောင်လမ်းက မောင်းနှင်ရတာ ကျွန်တော်တို့လို ကုန်တင်ယာဉ်ကြီးတွေ မောင်းနှင်သူတွေအတွက် ပိုပြီးအဆင်ပြေပါတယ်။ မြို့တွင်းလမ်းတွေကကျဉ်းပြီး မော်တော်ဆိုင်ကယ် မောင်းနှင်သူတွေလည်းများတော့ အရင်တုန်းက မြို့တွင်းလမ်းက မောင်းနှင်တဲ့အခါ အမြဲ သတိကြီးကြီးထားပြီး မောင်းနှင်ရတယ်။ အခုတော့ မြို့ရှောင်လမ်းက ဖြတ်သန်းမောင်းနှင်ရတာမို့ လမ်းပန်းဆက်သွယ်သွားလာရေး ပိုပြီးအဆင်ပြေတယ်လို့ ပြောနိုင်ပါတယ်”ဟု ရန်ကုန်-မန္တလေး ကုန်တင်ယာဉ်မောင်းနှင်သူကိုမျိုးနိုင်ထွန်းက ပြောသည်။

မြို့ရှောင်လမ်းမှ မောင်းနှင်ရသဖြင့် ကုန်တင်ယာဉ်ကြီးမောင်းနှင်သူများအတွက် ပိုမိုအဆင်ပြေသကဲ့သို့ ဒေသခံများအတွက်လည်း မြို့တွင်းလမ်းများတွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ မြို့တွင်းလမ်းများပျက်စီးမှု ယခင်ကထက် လျော့နည်းလာခြင်းစသည့် အကျိုးများရှိလာပြီး သွားလာရေးမှာလည်း ပိုမိုအဆင်ပြေလွယ်ကူလာကြောင်းသိရသည်။

“မြို့ရှောင်လမ်းမပြီးခင်က မြို့တွင်းလမ်းတွေမှာ ကုန်တင်ယာဉ်ကြီးတွေမောင်းနှင်ကြတော့ လမ်းတွေပျက်စီးသလို ယာဉ်အန္တရာယ်ဖြစ်ပွားမှုလည်း မကြာခဏ ကြုံရတယ်။ အခုတော့ အဲဒီတုန်းက ပျက်စီးထားတဲ့လမ်းတွေ မပြင်ရသေးပေမယ့် ကုန်တင်ယာဉ်ကြီးတွေက မြို့ရှောင်လမ်းကသွားကြတာမို့ ယခင်ကထက် မြို့တွင်းလမ်းပျက်စီးမှု လျော့နည်းလာပြီး ယာဉ်အန္တရာယ်ဖြစ်ပွားမှုလည်း ကြုံရခဲလာပြီဖြစ်ပါတယ်”ဟု ရန်မျိုးအောင်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

မိတ္ထီလာမြို့ရှောင်လမ်းသည် လမ်းအရှည် ၁၄ မိုင် ၄ ဖာလုံရှိပြီး သပြေဝတိုးဂိတ်အနီးမှ ပျဉ်သာကျေးရွာအနီး မိတ္ထီလာ-သာစည် လမ်းဆုံအထိ ၉ မိုင် ၂ ဖာလုံကို သော်တာဝင်းကုမ္ပဏီက ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ ထိုလမ်းဆုံမှ မြာရေဝေကျေးရွာ လမ်းဆုံအနီးအထိ ၅ မိုင် ၂ ဖာလုံကို ယုဇနကုမ္ပဏီက ကတ္တရာလမ်းအဖြစ်လည်းကောင်း ဖောက်လုပ်ခဲ့ရာ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက လမ်းပိုင်းအားလုံး လုပ်ငန်းများပြီးစီး၍ စတင်အသုံးပြုနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မိတ္ထီလာမြို့ရှောင်လမ်းရှိ မုန်ပင်ဆည်ကျေးရွာအနီးမှ ပျဉ်သာကျေးရွာအနီး လမ်းဆုံအထိ လမ်းပိုင်းအနည်းငယ် ပျက်စီးနေမှုကြောင့် ယုဇန ကုမ္ပဏီက ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

**ချမ်းသာ (မိတ္ထီလာ)**

## အိမ်မှဆင်းလာသောကလေးတစ်ဦးကို အုပ်ထိန်းသူထံအပ်နှံ

**မန္တလေး ဇန်နဝါရီ ၁၁**

မိခင်မှ ဆူပူလိုက်သဖြင့် အိမ်မှထွက်လာပြီး မန္တလေး မြို့ဟောင်းဘူတာသို့ ရောက်ရှိနေသော ဝန်းသိုမြို့နယ်နေ ကလေးငယ်တစ်ဦးအား ရထားရဲတပ်ဖွဲ့ဝင်များက တွေ့ရှိ၍ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

ရထားရဲတပ်ဖွဲ့ တပ်စု(၂) မြို့ဟောင်းမှ တပ်စုမှူး ဒုရဲအုပ်ဇော်ဟိန်းနှင့် ဘူတာတာဝန်ရှိသူများ ဇန်နဝါရီ ၈ ရက်က မြို့ဟောင်းဘူတာယာဒ်ဝင်းအတွင်း လုံခြုံရေးဆောင်ရွက်စဉ် မြို့ဟောင်းဘူတာစင်္ကြံ(၂)၌ လူငယ်တစ်ဦးအားတွေ့ရှိ၍ စစ်မေးရာ ဝန်းသိုမြို့နယ် နမ်းခမ်းကျေးရွာမှ မောင်ပြည့်ဖြိုးအောင်(၁၄ နှစ်)ဖြစ်ပြီး မိခင်က ဆူပူကြိမ်းမောင်းသဖြင့် မန္တလေးမြို့သို့ အလုပ်အကိုင်ရှာဖွေရန် မြစ်ကြီးနား- မန္တလေး ရထားဖြင့် လိုက်ပါလာခဲ့ရာမှ မြို့ဟောင်းဘူတာသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသဖြင့် မိဘအုပ်ထိန်းသူများထံ ဆက်သွယ်အကြောင်းကြားပေးပြီး အသိသက်သေများရှေ့တွင် မိဘအုပ်ထိန်းသူထံသို့ ပြန်လည်အပ်နှံပေးခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေနံစမ်းသပ်ရှာဖွေခြင်းအတွက် သီးနှံလျော်ကြေးပေးရန်ဆွေးနွေး

**နတ်တလင်း ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းနှင့် ONGC Videsh ကုမ္ပဏီတို့၏ ရေနံလုပ်ကွက်ဧရိယာအတွင်း ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်း လုပ်ဆောင်ခြင်းအတွက် ဒေသခံတောင်သူများအား စိုက်ပျိုးသီးနှံနစ်နာကြေး ပေးချေနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၉ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်က နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများ လုပ်ဆောင်လာသည့်အတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်လာနိုင်ကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့အုပ်စုကျေးရွာများအတွင်း ပျက်စီးဆုံးရှုံးသည့်မြေများအတွက် သီးနှံများလျော်ကြေး ရရှိအောင် စီမံခန့်ခွဲနိုင်ရေးအဖွဲ့များဖွဲ့စည်းထားကြရန် လိုအပ်ကြောင်း၊ ယခု ရှင်းလင်းဆွေးနွေးပွဲမှ ရှင်းလင်းချက်များကို ရပ်ကွက်နှင့်ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူများ သိရှိနားလည်သဘောပေါက်လာအောင် ပြန်လည်ပြောကြားထားသင့်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ONGC Videsh ကုမ္ပဏီလီမိတက်မှ မန်နေဂျာဦးကျော်ဇောဟန်က မိမိတို့ ကုမ္ပဏီအနေဖြင့် မြို့နယ်အတွင်း၌ ရေနံစမ်းသပ်ရှာဖွေမှာဖြစ်ပြီး ပိုက်လိုင်းတူးဖော်ခြင်းမဟုတ်ကြောင်း၊ ရေနံရှာဖွေခြင်းသည် ပိုက်လိုင်းတူးသကဲ့သို့ အချိန်ကာလမရှည်ဘဲ ရက်သတ္တနှစ်ပတ်ခန့်သာ ကြာမည်ဖြစ်ကြောင်း၊ ရေနံရှာဖွေသည့်အတွက် သက်ဆိုင်ရာတောင်သူများ၏ နစ်နာဆုံးရှုံးမှုများကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ပျက်စီးဆုံးရှုံးမှုတန်ဖိုး တောင်းခံသည့်အတိုင်း တစ်ရာသီစိုက်ပျိုးသီးနှံများအတွက် တစ်ဆ လျော်ကြေးပေးဆောင်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေးက မိမိတို့အစိုးရလက်ထက်တွင် ပွင့်လင်းမြင်သာမှုဖြင့် လုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေလိုကြောင်း၊ ကုမ္ပဏီများက လုပ်ငန်းလာရောက်ဆောင်ရွက်လာပြီဖြစ်သည့်အတွက် ပြည်သူများနစ်နာမှုမရှိစေရန် ထိုက်တန်သည့်လျော်ကြေးများရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**တင်မြင့် (နတ်တလင်း)**

## တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာများ ဆွေးနွေးဟောပြော



**သထုံ ဇန်နဝါရီ ၁၁**

မွန်ပြည်နယ် သထုံမြို့နယ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ သက်ဆိုင်ရာဘာသာရပ်များကို လွယ်ကူစွာဖြေဆိုနိုင်စေရန်အတွက် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၉ ရက်က သထုံမြို့ မြသပိတ်တောင်ခြေရှိ ပရိယတ္တိသာသနာ့ဟိတအသင်း ဓမ္မာရုံနှင့် သုဝဏ္ဏဝတီမြို့ အထက(ကျိုက္ကော်) ရွှေရတုခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲများကို ဇန်နဝါရီလဆန်းပိုင်းမှ စတင်ကာ လကုန်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်းမှ မြို့နယ် ၁၀ မြို့နယ်သို့ မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများ သွားရောက်ကာ အောင်ချက်မြင့်မားရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် စာမေးပွဲအထောက်အကူပြု ဖြေဆိုနည်းများကို ရှင်းလင်းဟောပြောခြင်းဖြစ်ကြောင်း မြန်မာစာဌာနမှ ကထိက ဆရာမဒေါ်နီနီစိုးက ပြောသည်။

“ဘာသာရပ်ဆိုင်ရာဟောပြောမှုတွေကို ကျောင်းပိတ်ရက်တွေမှာ ကိုယ်တာဝန်ကျရာ မြို့နယ်တွေအလိုက် လုပ်ကြပါတယ်။ ဟောပြောတဲ့အခါ ဆရာတွေစုံပေမယ့် ဘာသာရပ်တစ်ခုလုံးကို တစ်ရက်တည်းသင်ဖို့ မဖြစ်နိုင်ဘူး။ ဒါ့ကြောင့် စာမေးပွဲစည်းမျဉ်းစည်းကမ်းနဲ့ အညီ အမှတ်ရနိုင်မယ့်အချက်တွေ၊ ကျောင်းသားတွေ သတိထားဖြေရမယ့်ဟာတွေကို ဦးစားပေးဟောပြောပါတယ်”ဟု ၄င်းက ဆက်လက်ပြောကြားသည်။

မြသပိတ်တောင်ခြေရှိ ပရိယတ္တိသာသနာ့ဟိတအသင်း ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည့် ဟောပြောပွဲတွင် သထုံမြို့နယ်အတွင်းရှိ အထက နှင့် အထက(ခွဲ) ကျောင်းခြောက်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်အား ဟောပြောပေးနိုင်ခဲ့ကာ အထက(ကျိုက္ကော်) ရွှေရတုခန်းမ၌ ပြုလုပ်ခဲ့သည့် ဟောပြောပွဲတွင်လည်း အထကကျောင်း ခြောက်ကျောင်းမှ တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူ ၁၀၀၀ ကျော်အား ဟောပြောနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဟောပြောပွဲများတွင် မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမ ရှစ်ဦးတို့က သက်ဆိုင်ရာဘာသာရပ်အလိုက် လာရောက်ဟောပြောပေးခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## မိုင်းယုမြို့၌ ကွန်ကရစ် ဓာတ်တိုင်များစိုက်ထူပြီး ACSR ကြိုးများ သွယ်တန်း

**မိုင်းယု ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့၌ ဓာတ်အားစနစ်ပိုမိုကောင်းမွန်စေရေးနှင့် နိုင်ငံတော် ဓာတ်အားစနစ်ဝင်ရောက်လာပါက အဆင်သင့် ဖြစ်လာစေရေးအတွက် (၁၁)ကေဗွီဓာတ်အားလိုင်း နှစ်မိုင်တွင် ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူခြင်းနှင့် ACSR ကြိုးများ သွယ်တန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို ပြည်နယ်အစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၆ သန်းဖြင့် မိုင်းယုမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ကြီးကြပ်ပြီး ဦးကြည်သိန်းကုမ္ပဏီလီမိတက်က တာဝန်ယူ၍ ဒီဇင်ဘာ ၂၃ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ဇန်နဝါရီ ၉ ရက်တွင် လုပ်ငန်းဆောင်ရွက်မှုများမှာ ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်၍ မကြာမီ လုပ်ငန်းအားလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## အခမဲ့ဆေးပေးခန်းအတွက် မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်း

**ငါ့သရောက် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် တောပြားကျေးရွာရှိ အာယုပါလ အခမဲ့ဆေးပေးခန်း၏ ကျန်းမာရေးလုပ်ငန်းကိစ္စများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ALPHARD အမျိုးအစား မော်တော်ယာဉ်တစ်စီးကို ပုဂံမြို့သစ်နေ အလှူရှင် ဦးတင်ငွေ-ဒေါ်ခင်ကြိုင် မိသားစုမှ ဇန်နဝါရီ ၉ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကားလှူဒါန်းပွဲတွင် အလှူရှင် ဦးတင်ငွေ မိသားစုနှင့် ကျေးရွာနေပြည်သူများက ပင့်သံဃာ ၁၄ ပါးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီးနောက် အလှူရှင်မိသားစုက အခမဲ့ဆေးပေးခန်း (ကျန်းမာရေးစောင့်ရှောက်မှုအသင်း)ဥက္ကဋ္ဌ ဦးညွန့်ထွေးထံသို့ မော်တော်ယာဉ်ကို ပေးအပ်လှူဒါန်းကာ အာဟာရဒါနအဖြစ် ဧည့်ပရိသတ်များအား မုန့်ဟင်းခါးဖြင့် ကုသိုလ်ပြု ကျွေးမွေးဧည့်ခံခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# အထူးကြည်ညို ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း



**ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီး**

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ လွှတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၇ ဖြင့် နိုင်ငံတော် သမ္မတကြီးက **အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကြီးကို** သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိ **တွဲဘက် ရွှေကျင် သာသနာပိုင်ဆရာတော် ဘဒ္ဒန္တဒေါက်တာအရှင်ဉာဏိဿရ** ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုအတွက် အထူးပင် ကြည်ညိုဂုဏ်ယူ ဝမ်းမြောက်မိပါသည် အရှင်ဘုရား။

ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တို့အား အထူးပင် ကြည်ညိုလေးစား ဦးထိပ်ပန်ဆင်လျက် ဆရာတော်ကြီး သက်တော်ရာကျော်ရှည် ပါစေကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို အဓွန့်ရှည်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ် ပါသည် ဘုရား။

ဦးစိုးပိုင် + ဒေါ်ခင်မြတ်ဆွေ
သမီး မရွှေရည်ရွှန်းမြတ်၊ သား မောင်ခန့်ပိုင်စိုး
ပိုင်မိသားစု ကုမ္ပဏီ၊ ရန်ကုန်မြို့

---

## ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

**ခင်နန္ဒာ ဗုဒ္ဓဂယာအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှ ကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)**

| | သာဝတ္ထိ | ဂယာ | ကုသိနာရုံ |
|---|---|---|---|
| ၁။မြေ(၁)စတုရန်းပေ(ကျပ်) | | ၂၉,၀၀၀ | ၁၀,၀၀၀ |
| ၂။ကျောင်းဆောင်(၁)စတုရန်းပေ(ကျပ်) | ၂၀,၀၀၀ | ၂၇,၀၀၀ | ၂၀,၀၀၀ |

* ကျပ်(၅)သိန်းနှင့်အထက် ရန်ကုန်မြို့တွင်း အိမ်အရောက် ရှင်းပြ/ကောက်ခံပေးပါသည်။

ရုံးချုပ်- ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးစီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃
ရုံးခွဲ - အမှတ်(၄၈၁)၊ မြေညီထပ်၊ ကုန်သည်လမ်း နှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဘိုကလေးဈေးအနီး၊ ဗိုလ်တစ်ထောင်၊ ရန်ကုန်။ ☎ ၀၉-၅၃၂၁၀၁၂

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ နမစားရစ်ကျေးရွာနေ ဦးစိန်ညို(ခ)ဦးစိန်လင်း ၅/ရဘန(နိုင်)၀၆၀၂၉၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစိန်ညို(ခ)ဦးစိန်လင်း

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ပန်းတောင်းကျေးရွာနေ ဦးကျော်စိုး(ခ)ဦးစိုး ၅/ရဘန(နိုင်)၀၇၁၉၁၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်စိုး(ခ)ဦးစိုး

---

## ရွှေကြေးစည် မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

- ဒလောင်းတော်ကဿပ၊ မုံရွာအနီး စစ်ကိုင်း(သီးသန့်) ဆက်၍- မန္တလေး ပြင်ဦးလွင်အနီး
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကတ္တူ၊ ထမ့်စမ်းလိုဏ်ဂူ ဆက်၍-(လွိုင်ကော်၊ ထီးဆဲခါး)(မန္တလေး၊ ပြင်ဦးလွင်)(ပုဂံ၊ ပုပ္ပါး)
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သီဟိုဠ်ရှင်
- ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
- ကျိုက္ခမီ၊ မော်လမြိုင်၊ စက်စဲ၊ ဇွားလပို့တောင်-(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
- (မြဝတီ+မဲဆောက်၊ ဘားအံ)(ဘားအံဂူဘုရားများ၊ ဇင်းကျိုက်ရေတံခွန်)(ဇလွန်)

အပတ်စဉ် သော်ကြာ

01-240860/01-372290 ဒေါ် 09-49282825,09-43202968,09-262784651

---

## EXCELLENT
### VIDEO & PHOTO TRAINING CENTRE

# ဓါတ်ပုံသင်တန်း ဗွီဒီယိုသင်တန်း
# ရုပ်သံတည်းဖြတ်သင်တန်း

နယ်ကျောင်းသားများအတွက်အဆောင်ရှိပါသည်၊
097 888 455 07 ,095121467 ,0931452059
၆၀/အင်းစိန်လမ်းမ၊လှည်းတန်းစံရိပ်ငြိမ်၊ကမာရွတ်ရန်ကုန်

---

## လူပျောက်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရွာမနေ ကိုထွန်းလင်း(ခ)ဘိုဖြူ ၉/နထက(နိုင်)၁၆၈၂၁၉၏ဇနီး မသင်းသင်းမိုး ၉/နထက(နိုင်) ၁၉၅၀၁၅သည် ၃၀-၁၂-၂၀၁၆ရက် ညနေမှစ၍ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ လက်ခံထားရှိသူများအား အရေးယူမည်။

ဆက်သွယ်ရန်-ဖုန်း-၀၉-၇၉၇၄၀၃၈၇၅

---

## (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော် ကို

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၊ ပြည်ထောင်စုခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ မည်ဖြစ်ပါသည်။ ကယားပြည်နယ်သူ/သားများ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ဘူးသူများ အားလုံး တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ရက်နေ့ ➢ (၁၅ - ၁ - ၂၀၁၇)တနင်္ဂနွေနေ့
အချိန် ➢ (နံနက်- ၁၀ : ၀၀)နာရီ

ကယားရိုးရာ အစားအသောက်များဖြင့် တည်ခင်းဧည့်ခံပါမည်။

(၆၅)နှစ်မြောက် ကယားပြည်နယ်နေ့ ကျင်းပရေးကော်မတီ (ရန်ကုန်)

ဖုန်း ➢ ၀၉-၅၀၈၆၃၆၅၊ ၅၁၄၃၉၈၄၊ ၅၁၁၅၂၄၁၊ ၅၆၀၀၁၁၂၊ ၅၁၁၉၈၅၁၊ ၅၁၀၀၉၀၉

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀/၉၇၀၈၊ Shanstar L/T SSLT-001, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစန်းမိုးအောင် ၈/မဘန(နိုင်)၀၆၆၂၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာနေ မအေးမြသူဇာနွယ် ၅/ရဘန(နိုင်)၁၈၆၁၈၄၊ မချစ်ချစ်သူဇာကျော် ၅/ရဘန(နိုင်)၁၈၆၁၇၅ နှင့် မမြင့်မြတ်သူဇာကျော် ၅/ရဘန(နိုင်) ၂၁၉၈၉၂တို့၏ဖခင် ဦးကျော်အေးနှင့် ဦးမင်းမင်းမျိုး ၅/ရဘန(နိုင်) ၀၆၂၈၁၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်အေး(ခ)ဦးမင်းမင်းမျိုး

---

## အားကစားခန်းမ

MY GYM FITNESS




စိတ်သစ် ကိုယ်သစ် နှစ်သစ်လေးမှာ
ကိုယ့်ရဲ့ Body Structure အသစ်လေးကိုပါ ပြောင်းလဲလိုက်ဖို့ အခုပဲ My Gym Fitness မှာလာကစားလိုက်ပါ

## အားကစားပစ္စည်း အရောင်းဆိုင်



- ခန်းမသုံးအားကစားစက်ပစ္စည်းများ
- အိမ်သုံးအားကစားပစ္စည်းများ
- အားကစားဝတ်စုံများ

လိပ်စာ - အမှတ်(၄-ဘီ)၊ စွန်းလွန်းဂူကျောင်းလမ်း၊ ဘောက်ထော်၊ ရန်ကင်း၊ ရန်ကုန်။
ဖုန်း - 09456808880 / 09456808889 / 09456722228
Email - mygmyygn@gmail.com
Facebook - My Gym Fitness - Yangon

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

( ခ ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ၊ သတင်းအတတ်ပညာ)။

(၂) **ဝိဇ္ဇာဘွဲ့(နိုင်ငံခြားဘာသာ)များ** (တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်)။

(၃) **ဝိဇ္ဇာဘွဲ့(ယဉ်ကျေးမှု/အနုပညာ)များ** (ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်)။

(၄) **သိပ္ပံဘွဲ့များ** (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဇီဝဓာတုဗေဒ၊ ဇီဝနည်းပညာ၊ စာရင်းအင်း၊ ကုန်ထုတ်ဓာတုဗေဒ၊ အဏ္ဏဝါသိပ္ပံ)။

(၅) **စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့**

(၆) **ဥပဒေဘွဲ့**

(၇) **စီးပွားရေးဆိုင်ရာဘွဲ့များ** ဝိဇ္ဇာဘွဲ့(ဘောဂဗေဒ၊ ဝါဏိဇ္ဇ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စာရင်းကိုင်ပညာ)။ စီးပွားရေးသိပ္ပံဘွဲ့(စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ၊ အသုံးချစာရင်းအင်းပညာ၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ)။

(၈) **နည်းပညာဆိုင်ရာဘွဲ့များ** (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ၊ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ၊ ဗိသုကာ)

(၉) **တိရစ္ဆာန်ဆေးပညာဘွဲ့**

( င ) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

( စ ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဆ) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ်ထိ လည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိ လည်းကောင်း လျှောက်ထား နိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(စျ) တပ်မတော်မှလေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များအား တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

စမ်းချောင်းမြေ ( ၂ ) ကေဝန့်ပေါ်တွင် တည်ဆောက်ထားသော

# SGR ကွန်ဒို

## ViEW ကောင်းသော 33 ခန်းရောင်းမည်



DEVELOPED BY

SANCHAUNG GARDEN
DEVELOPMENT GROUP

ဦးဆုံး(10)ခန်းကို
ပါကေး & AIR-CON
လက်ဆောင်

AFTER KEY

## လစဉ် 10 သိန်း

## လ 100 ငွေချေစနစ်

14,15.JAN.2017(၂)ရက်ထဲ(104)၊စမ်းချောင်းလမ်း၊တွင်ရောင်းချမည်။

Sanchaung Garden Residence AUG-2018 အခန်းအပ်

ဟေမဝိဉာဏဓမ္မအသင်း(မန္တလေး)၊ ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း(မန္တလေး)၏ (တတိယ)အကြိမ်မြောက်
ပဓာန နာယကဆရာကြီး ဦးငွေအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဗီဒီယိုဖြင့် ဟောကြားသင်ကြားပို့ချသော

# ဗုဒ္ဓဒေသနာသင်တန်း

ညစဉ် ရက်(၂၀)သင်တန်း

| | | |
|---|---|---|
| နေ့ရက် | ။ ။ | ၁၄-၁-၂၀၁၇ (စနေနေ့)၊ ၂-၂-၂၀၁၇ (ကြာသပတေးနေ့) |
| အချိန် | ။ ။ | (ညစဉ်) ညနေ ၆း၀၀ နာရီမှ ည ၈း၀၀ နာရီထိ။ |
| ကျင်းပမည့်နေရာ | ။ ။ | ဓမ္မဗိမာန်တော်၊ လမ်း ၈၀၊ အနောက်ကျုံးလမ်း၊ ၂၃×၂၄ လမ်းကြား၊ မန္တလေးမြို့။ |
| ဆက်သွယ်ရန် | ။ ။ | အလုပ်အမှုဆောင်အဖွဲ့၊ အမှတ် ၃၇၆၊ ပဒ္မာရိပ်ငြိမ်၊ လမ်း ၈၀၊ ၂၂×၂၃ လမ်းကြား၊ မန္တလေး။ ဖုန်း-၀၉-၉၁၀၀၅၆၇၈၊ ၀၉-၇၉၇၇၆၇၇၉၅၊ ၀၉-၄၄၄၀၁၈၀၃၈ |

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးတင်မောင်မောင်မြတ် (ဥက္ကဋ္ဌ-မြန်မာပိတောက်ကုမ္ပဏီလီမိတက်)၏ ၁၂-၁-၂၀၁၇ တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် လိုအင်ဆန္ဒများ ပြည့်ဝပြီး ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အောင်မြင်သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Myanmar Padauk Co.,Ltd.**
**Director** များနှင့်ဝန်ထမ်းများ

## ဝမ်းမြောက်အနုမောဒနာသာဓုခေါ်ခြင်း

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း၊ (၇) ရက်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ တွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်(၅) ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက် ဓမ္မသုခကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရအား 'အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ' ဘွဲ့တံဆိပ်တော် ဆပ်ကပ်လှူဒါန်း ပူဇော်ခံရခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆရာတော် သာသနာ့အကျိုးကို ယခုထက်ပို၍ ဆောင်ရွက် နိုင်ပါစေကြောင်း ရှိသေလေးမြတ်စွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်ဘုရား . . . ။

| | |
|---|---|
| တပည့်ဒါယကာ၊ ဒါယိကာမများ | ဦးအောင်မြင့် + ဒေါ်ရီရီ |
| သိန်းကြည် | ကိုဇာနည် + မဥမ္မာစိုး ၊ |
| အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး | ကိုကြည်ထွန်း + မရတနာဝင်း |

## ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)
### နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို (၂၂-၁-၂၀၁၇) (တနင်္ဂနွေနေ့) နံနက် (၉း၀၀)နာရီအချိန်တွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီးမွောရုံ၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် ကြံခင်းမြို့နယ်သူ/မြို့နယ်သားများတက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်တာဝန်ထမ်းဆောင်လိုသော အသင်းဝင်များနှင့် အကြံပြုစာ ပေးပို့လိုသူများသည် အောက်ပါ အမှုဆောင်များထံ ဆက်သွယ်ပေးပို့နိုင်ပါသည်။

ဦးစိန်ငွေ (ဥက္ကဋ္ဌ) ၀၉ ၅၁၃၂၁၅၈ ဒေါ်တင်တင်ထွေး(ဒုဥက္ကဋ္ဌ) ၀၁ ၅၄၁၀၆၅
ဒေါက်တာကျော်စိုးလင်း(အတွင်းရေးမှူး)၀၉ ၈၆၃၀၃၄၁

**နေ့လည်စာ ကြံခင်းထမင်းထုပ်ဖြင့် ဧည့်ခံကျွေးမွေးပါမည်**

အမှုဆောင်အဖွဲ့.

## ရွှေတောင်မော် အထက
## ဆဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရွှေတောင်မော် အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဆဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို **၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်** တွင် ယင်းကျောင်းရှိ သုတရတနာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ဦးကျော်ဦး(ကျောင်းအုပ်ကြီး) ဖုန်း-၀၉-၇၈၆၇၉၇၅၉၇၊ ဦးစောထွန်း ဖုန်း-၀၉-၇၉၆၃၁၉၂၂၁၊ ဦးချစ်မိမ်း ဖုန်း-၀၉-၅၁၇၁၀၀၃၊ ဦးကြည်စိုး ဖုန်း-၀၉-၉၇၉၆၇၃၇၉၃၊ ဦးခင်ဇော် ဖုန်း-၀၉-၇၉၄၄၉၃၉၃၈၊ ဦးသန်းလွင် ဖုန်း-၀၉-၄၅၂၀၅၇၀၀၊ ဦးလှတင်(ရေချမ်း) ဖုန်း-၀၉-၄၄၀၀၄၃၃၁၉၊ ဦးထွန်းလင်း(သန်းအေး) ဖုန်း-၀၉-၅၁၇၇၀၉၆၊ ဦးမြင့်ဦး ဖုန်း-၀၉-၇၈၂၄၀၁၄၄၃၊ ဒေါ်ထိုက်ထိုက်အောင် ဖုန်း-၀၉-၇၉၄၄၈၂၇၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **(ရန်ကုန်မှ ကြို/ပို့ကားများ စီစဉ်ထားပါသည်။)**

## ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၆၉-၇၄) ပညာရေးဘွဲ့ရ
## ကျောင်းသား ကျောင်းသူဟောင်းများ (၁၂)ကြိမ်မြောက် တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန်ပညာရေးတက္ကသိုလ် ၁၉၆၉ ခုနှစ် တက်ရောက်သူများနှင့် ၁၉၇၄ ခုနှစ် ပညာရေးဘွဲ့ရသူများ (၁၂)ကြိမ်မြောက် တွေ့ဆုံပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်(စနေနေ့) နံနက် ၁၁း၀၀ နာရီမှ မွန်းလွဲ ၁း၀၀ နာရီထိ ရန်ကုန်ပညာရေးတက္ကသိုလ်ဝင်းရှိ IDEAL II (၁၀၂)အခန်းတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေး ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပါရန်နှင့် (၆)ကြိမ်မြောက် ခရီးထွက်ခြင်းအစီအစဉ်အရ ပြည်မြို့ရှိ တန်ခိုးကြီးဘုရားများနှင့် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ အကောက်တောင်ဘုရားများသို့ ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းမှ (၁)ညအိပ် (၂)ရက် ခရီးသွားမည်ဖြစ်ပါ၍ လိုက်ပါလိုသူများ ဦးကျော်သောင်း ဖုန်း-၀၉-၂၅၂၀၃၅၉၅၆၊ ဦးခင်ရင်မောင် ဖုန်း-၀၉-၇၃၁၃၆၂၆၃၊ ဒေါ်ရီရီဝင်း ဖုန်း-၀၉-၅၁၆၇၇၆၆၊ ဒေါ်အေးအေးလတ် ဖုန်း-၀၉-၇၉၉၆၅၄၁၅၁ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၊ နိုင်ငံတော် သမ္မတရုံး ၊ အမိန့်ကြော်ငြာစာအမှတ် ( ၁/၂၀၁၇ ) ဖြင့် **ဒေါ်ငွေငွေရီ ( Managing Director,Golden Hours Co., Ltd နှင့်ရွှေနရီဆောက်လုပ်ရေး)** အား နိုင်ငံတော်မှ ချီးမြှောက်သော **"သုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်တော်အား ထိုက်တန်စွာ ရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်းသက်ရှည်ကျန်းမာစွာဖြင့်နိုင်ငံနှင့်သာသနာတော်အကျိုးကိုဆထက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

| | | |
|---|---|---|
| ချစ်ဖေဖေ | - | သုဓမ္မဇောတိကဓဇ ဦးကြည်မောင်(ဥက္ကဋ္ဌ၊ကျိုက္ကစံစေတီတော်ဂေါပကအဖွဲ့) |
| အကိုကြီး | - | ဦးငွေဝင်း - ဒေါ်ယမင်းနွယ် ( မြင်းပျံအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ) |
| ညီမလတ် | - | ဒေါ်အေးအေးရီ (ထွန်းမိသားစုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) |
| မောင်ငယ် | - | ဦးထွန်းဝင်း(ထွန်း မိသားစု သစ်ရောင်းဝယ်ရေး) - ဒေါ်မြင့်မြင့်ထွေး |
| ညီမငယ် | - | Dr.ရဲထွန်း(စံပြဆေးရုံကြီးသယ်ယှဉ်းကျွန်း) – Dr.သန်းသန်းစု ( တွဲဖက်ပါမောက္ခ၊ အဏုဇီဝဗေဒဌာန ၊ ဆေးတက္ကသိုလ်(၁)၊ရန်ကုန်) |

# အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် **“ဘဒ္ဒန္တသောဘိတ”** သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ နေ့စွဲ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကြေညာချက်အရ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ရရှိတော်မူကြောင်း သိရှိရသဖြင့် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ အသင်းသား အသင်းသူများနှင့် အလုပ်အမှုဆောင်အဖွဲ့မှ အထူးဝမ်းမြောက်ဝမ်းသာစွာဖြင့် ဂုဏ်ပြုပူဇော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ခရမ်းမြို့နယ်အသင်း(ရန်ကုန်)**

## အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ကော့ကပ်ကြီးအလယ်တန်း၊ အထက်တန်းကျောင်း၏ လုပ်သက်ပြည့်/သက်ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀ နာရီတွင် အထက ကော့ကပ်ကြီးကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲသို့ အလှူငွေများပါဝင်လှူဒါန်းလိုပါက-

ဦးတိုးလုံ - ဖုန်း-၀၉-၂၆၃၈၇၃၉၆၉
ဦးဘိုနီ(ခ)ဦးနိုင်လင်း - ဖုန်း-၀၉-၄၉၇၆၆၂၄၇
ဦးမြင့်ကြွယ် - ဖုန်း-၀၉-၂၆၄၇၄၁၂၉၈
တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**မှတ်ချက်-** ရန်ကုန်မှ ဆရာကြီး ဆရာမကြီးများအား အကြို၊ အပို့ စီစဉ်ပေးပါမည်။

## (၄-၁-၂၀၁၇) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မုဒိတာများ

- ပြည့်စုံကောင်းမွန်အားရကျေနပ်မိပါတယ်။ ဦးကုမုဒ (အရှေ့ဒဂုံ ၀၉-၇၇၄၁၃၈၀၇၇)
- စိတ်ချမ်းမြေ့စွာဖြင့် ဘုရားဖူးရပါသည်။ ဥူးက္ကလာသရိယ (ဥဿာမြို့ ၀၉-၄၂၁၁၄၆၃၀၄)
- ဝန်ဆောင်မှုကောင်း၍ အထူးကျေးဇူးတင်ပါသည်။ ဒေါ်ခင်ပို (မုံရွာ ၀၉-၅၁၃၀၃၅၃)
- တစ်နှစ်တစ်ခေါက်ဘုရားဖူးရောက်ရန် ကြိုးစားပါအုံးမည်။ မနီလာဌေး (မုံရွာ ၀၉-၅၁၃၀၃၅၃)
- ခွန်ကျော်နိုင်အဖွဲ့ အားလုံးကောင်းပါသည်။ ဖြူဖြူသန်း (ပုဇွန်တောင် ၀၉-၄၃၀၅၀၉၂၂)
- လိုအပ်ချက်များအား ပြည့်စုံအောင်ဆောင်ရွက်နိုင်ပါသည်။ ဦးခင်မောင်လတ် (မရမ်းကုန်း ၀၉-၇၃၀၈၅၃၂၉)
- အလွန်စိတ်ချမ်းသာအဆင်ပြေပါသည်။ မခင်မိုးသူ (မရမ်းကုန်း ၀၉-၂၅၄၁၉၂၁၆၆)
- ဘာသာ သာသနာအတွက် ယခုလိုလူငယ်လေးများကို လစာကောင်းကောင်းပေး၍ မွေးထုတ်ပေးပါရန်။ ပပဝင်း (မုံရွာ ၀၉-၅၁၃၀၃၅၃)
- တော်တော်များများအဆင်ပြေပါသည်။ ဦးအေးဝင်း (တာမွေ ၀၉-၂၅၄၃၅၂၂၄၀)
- လူတိုင်းအဆင်ပြေစေရန် ကြိုးစားဆောင်ရွက်ပါကြောင်း။ ဦးမောင်မောင် (တောင်ဥက္ကလာပ ၀၉-၉၇၆၂၃၈၀၁၂)
- အထူးကောင်းမွန်စွာဆောင်ရွက်သဖြင့် ဂုဏ်ယူပါသည်။ ဦးဇနက (သာကေတ ၀၉-၂၅၂၃၉၂၈၆၂)
- (၃)ကြိမ်မြောက်ကြိုးစားပါဦးမည်။ ဒေါ်တင်တင်အေး (ဟသ်ာတ ၀၉-၅၂၀၈၃၂၈)
- နောက်ထပ် ထပ်မံသွားချင်သည်။ ဒေါ်စုစုထွေး (တောင်ဥက္ကလာပ ၀၉-၉၇၁၆၂၃၃၃၉)
- အားလုံးအဆင်ပြေပါသည်။ ဒေါက်တာဝင်းဌေး (တောင်/ဥက္ကလာ ၀၉-၅၄၀၀၇၃၉)
- အထူးကောင်းမွန်သော ခင်နန္ဒာအဖွဲ့။ ဒေါ်ရီရီစိုး (ဗိုလ်တထောင် ၀၉-၂၅၄၀၄၉၂၁၄)
- ကျန်းမာစွာဖြင့် စိတ်ချမ်းသာမှုရှိသည်။ မစန္ဒာဝင်း (လှည်းကူး ၀၉-၅၀၈၃၃၃၅)
- စိတ်ချမ်းသာပါတယ်။ ဒေါ်မြမြဝင်း (အလုံ ၀၉-၇၇၃၅၁၈၁၃၀)
- **Ko Phyo is very organized person.** ကိုနိုင်နိုင် (မြောက်ဒဂုံ ၀၉-၇၉၁၀၀၀၉၀၅)
- မိသားစုသဖွယ် ဂရုစိုက်သဖြင့် ကျေးဇူးတင်ပါသည်။ ဒေါ်ခင်ပြုံးမြင့်ဦး (မြောင်းမြ ၀၉-၈၅၇၅၄၇၁)
- အားလုံး (OK)။ ဒေါ်ဖြူဖြူလွင် (မန္တလေး ၀၉-၂၆၅၃၈၉၉၅၂)
- ချီးကျူးစရာကောင်းလှပါသည်။ ဦးသန်းမြင့် (စလင်း ၀၉-၇၉၀၆၀၀၄၁၁)

## လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး



(ကျောက်တော်ကြီးဘုရား)

၁၆-ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်

**ခြင်းအလှခတ် ပူဇော်ပွဲကြီး**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထား ကိုးကွယ်လျက်ရှိသော **လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး**(ကျောက်တော်ကြီးဘုရား)၏ ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပူဇော်ပွဲ ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ(၁၅) ရက်နေ့ ထိ လောကချမ်းသာ ခြင်းရုံ တွင် ကျင်းပပါမည်။

ခြင်းအလှခတ်ပူဇော်လိုသူ ခြင်းအဖွဲ့များအနေဖြင့် အောက်ပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်စာရင်းပေးနိုင်ပြီး၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်နေ့တွင် လောကချမ်းသာခြင်းရုံကြီး၌ ပွဲစဉ်များကို မဲနှိုက်ပါမည်။

၁။ ဦးစိန်လှိုင် ဥက္ကဋ္ဌ ဖုန်း - ၀၉-၄၂၁၀၁၉၅၁၀
၂။ ဦးခင်မောင်ဝင်း အတွင်းရေးမှူး ဖုန်း - ၀၉-၄၂၁၀၄၀၆၃၉

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော်ရရှိသည့် ဦးကြည်စိုး MD.AMP Co.,Ltd. (နာယက၊ ကယားပြည်နယ် အင်ဂျင်နီယာအသင်း) (နာယက၊ လောပိတဖောင်ဒေးရှင်း)၊ (ပြည်နယ်သာသနာ့ဗိမာန်တော်စောင့်ရှောက်ရေးအဖွဲ့ဝင်)အား ဂုဏ်ယူဝမ်းမြောက်ပါသည်။

**AMP Co.,Ltd. ဝန်ထမ်းမိသားစုများ**

## ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်) ဖိတ်ကြားလွှာ

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)မှ ပဋ္ဌမအကြိမ် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် တတိယအကြိမ် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကော့သောင်းသူ၊ ကော့သောင်းသားများနှင့် အသင်းသူ အသင်းသားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၂-၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
**အချိန်** - မွန်းလွဲ ၂ နာရီမှ ညနေ ၅:၀၀ နာရီအထိ
**နေရာ** - M-3 Food Center
ဗဟန်းအားကစားဝင်းအတွင်း
တော်လှန်ရေးပန်းခြံရှေ့၊ အနောက်ရွှေဂုံတိုင်၊
ရန်ကုန်

**အမှုဆောင်အဖွဲ့**
**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**

## (၃၇)ကြိမ်မြောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်ညီလာခံ

**(၃၇)ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်ညီလာခံ** ကို ၁၉-၁-၂၀၁၇ ရက်မှ ၂၀-၁-၂၀၁၇ ရက်အထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ MELIA HOTEL တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ညီလာခံနှင့်အတူ ၁၉-၁-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် **(၂၇)ကြိမ်မြောက် သက်ကြီး သွားနှင့်ခံတွင်းဆရာဝန်ကြီးများအား ပူဇော်ကန်တော့ပွဲကို** ကျင်းပပြုလုပ်မည်ဖြစ်ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် အသက်(၆၇)နှစ်ပြည့်ပြီးဖြစ်သော သက်ကြီး သွားနှင့်ခံတွင်း ဆရာဝန်ကြီးများသည် ၁၂-၁-၂၀၁၇ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကိုယ်တိုင်တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဒေါက်တာမြင့်စိန် - ဖုန်း-၀၉-၅၁၃၇၁၂၂
ဒေါက်တာခင်မောင်လေး - ဖုန်း-၀၉-၅၁၁၅၆၃၆

**ကျင်းပမည့်ရက်** - ၁၉-၁-၂၀၁၇ ရက် (ကြာသပတေးနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀ နာရီ
**ကျင်းပမည့်နေရာ** - MELIA HOTEL
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ (Temple City) နေ David Soonhwe Khwa - Linda Gyorkree Khwa တို့၏သားကြီး

**Jia Ruey Khwa**

**Master of Science (Electrical Engineering)**
**University of Southern California (USC)**
**Bachelor of Science (Electrical Engineering)**
**University of California, Los Angeles**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်းနေ ဦးထွန်းမြင့်-ဒေါ်အေးကြူတို့၏ ဒုတိယသမီး

**Dr.Nandar Mon**

**M.B.,B.S(Ygn), University of Medicine (1)**
**MRCP (UK)**

တို့သည် ၂-၁-၂၀၁၇ ရက်တွင် Sule Shangri-La Hotel (Bago Room)၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်း မိတ်ဆွေများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**

**Jia Ruey Khwa-Dr.Nandar Mon**

## ပဋ္ဌမအကြိမ် ထေရဝါဒ ဓမ္မစာမူပြိုင်ပွဲ ဆုရသူများစာရင်းထုတ်ပြန်ခြင်း

မြတ်စွာဘုရား၏ တရားဓမ္မများနှင့် ဆန့်ကျင်စွာ ရေးသား၊ ဟောပြော၊ ပို့ချနေကြသော အဓမ္မဝါဒများကို ဖော်ထုတ်တားဆီးဖယ်ရှားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသော ပဋ္ဌမအကြိမ် ထေရဝါဒ ဓမ္မစာမူပြိုင်ပွဲ ဆုရသူများစာရင်းကို ထုတ်ပြန်ကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | အရှင်အဂ္ဂသာရ (ဗုဒ္ဓသာသနာ့ဝန်ဆောင်) | - ပြိုင်တူတွန်းလှျင်ရွေ့နိုင်ပါသည် | - ပထမ |
| ၂။ | မောင်သက္က (ရွှေဘူးမြေ) | - တာဝန်ကိုယ်စီရှိကြသည် | - ပထမ |
| ၃။ | ဓမ္မိက (စကားဝါမြေ) | - နိဗ္ဗာန်နှင့် စူဠသောတာပန်ကိစ္စ | - ဒုတိယ |
| ၄။ | လက်ယာ (မေတ္တာတံခွန်) | - မဟာဒါန်ခရီးလမ်းလျှောက်လှမ်းရာဝယ် | - တတိယ |
| ၅။ | အောင်ထိုက် (ရွှေဘို) | - ယုံလွယ်သူများ မီးရှို့ထားခဲ့ | - သီးသန့်ဆု |
| ၆။ | ဦးမောင် | - တရားနာ အပါယ်မငုပ်ပါ | - သီးသန့်ဆု |
| ၇။ | ဓမ္မဃောသက | - လုံးချာလည် ဝါဒများပေလား | - သီးသန့်ဆု |
| ၈။ | မောင်သုဆွေ (သပြေရုံ) | - ထိုမြို့လေး | - သီးသန့်ဆု |
| ၉။ | မြမျိုးလုံ (ကလော) | - သာသနာတော် အဓွန့်ရှည်ရေး | - သီးသန့်ဆု |
| ၁၀။ | ချမ်းမြဆောင်း (ကလော) | - ဓမ္မရောင်ဝင်းနေလိုလင်းစေသော် | - သီးသန့်ဆု |

ဆုပေးမည့်ရက်ကို ထပ်မံအကြောင်းကြားပေးပါမည်။

**ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ အင်ဒိုင်းကြီးရွာ အထကမှ ရုံးအကူ ဦးသန်းကျော်၏ဖခင်အမည်မှန်မှာ ဦးဖိုးရင် ဖြစ်ပါကြောင်း။ **ဦးဖိုးရင်**

## အမည်မှန်

မော်လမြိုင်မြို့၊ အထက(ခွဲ) စမ်းကြီးကျောင်း၊ အဋ္ဌမတန်း(A)မှ (ဘ)ဦးတင်မောင်အေး၏သမီး မဝင်းဟန်နီကျော်အား ယနေ့မှစ၍ မဝင့်ဟန်နီကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဝင့်ဟန်နီကျော်**

## ဖခင်အမည်မှန်

ဖားဆောင်းမြို့၊ မြောက်ပိုင်းရပ်ကွက်မှ မသန္တာအိ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဟွမ်(ခ)ဦးစိုင်းမိုးဦး ၂/လကန(နိုင်)၀၅၀၄၂၅ ဖြစ်ပါကြောင်း။ **ဦးစိုင်းဟွမ်(ခ)ဦးစိုင်းမိုးဦး**

## အမည်ပြောင်း

လှိုင်ကော်မြို့၊ အထက(၁)၊ ပထမတန်း(B)မှ ဦးရွှေရီးနို၏သမီး မဆုပြည့်မွန်အား မယုရတီအေးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယုရတီအေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ် (ဗန်းမော်)၏
## (၁၂)ကြိမ်မြောက် BE/B.Tech ဘွဲ့အတွက်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(ဗန်းမော်)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(ဗန်းမော်)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း-** ၁၁-၂-၂၀၁၇ (စနေနေ့) နံနက်-၉း၀၀ နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း-** ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်-၉း၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်- အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(ဗန်းမော်)တွင် ၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော BE နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်။
(က) တက်ရောက်ဘွဲ့-BE/B.Tech ဘွဲ့အတွက် ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)
(ခ) အဝေးရောက်ဘွဲ့-BE/B.Tech ဘွဲ့အတွက် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ်ဓာတ်ပုံ(၅)ပုံ ဓာတ်ပုံအောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးထားခြင်းမပြုရန်နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို (၁၀-၁-၂၀၁၇)ရက်မှစ၍ နည်းပညာတက္ကသိုလ်(ဗန်းမော်)ရှိ ကျောင်းသားရေးရာဌာနမှ ထုတ်ယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး (၃၁-၁-၂၀၁၇)ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါ အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည့်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** ။ အသေးစိတ်အချက်အလက်များစုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(ဗန်းမော်)ရှိ ကျောင်းသားရေးရာဌာန ဖုန်း-၀၉-၂၅၆၄၂၈၉၄၇ တွင် စုံစမ်းနိုင်ပါသည်။

**ကျောင်းသားရေးရာဌာန**
**နည်းပညာတက္ကသိုလ် (ဗန်းမော်)**

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ဇရာရပ်ကွက်၊ နတလ လှူငယ်သင်တန်းကျောင်းနေ ဦးအောင်လိန်းမောင်း၏သမီး မလိန်းမောင်းယောင်နှင့် မမောင်းရောင် ၄/မတန(နိုင်)၀၂၀၃၃၀သည် တစ်ဦးတည်းဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မဒေါ်အေးမြင့် (ခ) ကြေးမုံ ၁/မကန(နိုင်)၀၁၅၃၆၀ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၄၀၁၅၈၈**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းအား တိုက်ခန်းနေရာချထားခြင်းလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် ၄င်းအမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်အေးမြိုင် ၁၂/ကမရ(နိုင်)၀၂၅၆၀၅(မှ) | အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် | တိုက်အမှတ် (၂၀)၊ အခန်း(၆)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဒင် (ထားဝယ်)
### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
### အသက် (၉၃)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဇနီးဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်/ခရီး) တို့၏ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၃ ခုနှစ် သစ်တောဘွဲ့ရများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဒင် (ထားဝယ်)
### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
### အသက် (၉၃)နှစ်

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းတို့၏ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ ရက် (စနေနေ့) နံနက် ၀၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**United Wood Industries Co.,Ltd.**
**United Hotel & Resorts Co.,Ltd**
**Mobydick Travel & Tours. Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဒင် (ထားဝယ်)
### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
### အသက် (၉၃)နှစ်

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းတို့၏ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ ရက် (စနေနေ့) နံနက် ၀၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Thein Than Htun Manufacturing Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်လှ
### လက်ထောက်ညွှန်ကြားရေးမှူး
### မန္တလေးတိုင်းဒေသကြီးရုံး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
### အသက် (၅၈)နှစ်

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ (၇၅×၇၆) လမ်းကြား၊ (၉)လမ်း၊ တိုက်(၁)၊ အခန်းအမှတ် (၁၆)နေ ဒေါ်သင်းသင်းတင် (အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲ)၏ခင်ပွန်း ဦးမောင်မောင်လှသည် ၇-၁-၂၀၁၇ ရက် ၀၉း၅၀ နာရီခန့်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**
**ဧရာဝတီတိုင်းဒေသကြီးရုံး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရွှေအင် (Chairman)
### Tiger Shark Co.,Ltd, TZK Co.,Ltd. & Victoria Cliff Hotel & Resort
### ဝင်းဝင်းပွဲရုံ
### အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၃၈)နှင့် စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ် (၉၊ ၁၅)နေ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ရှယ်ယာရှင် ဦးခင်မောင်ဝင်း (ခ) ဦးစိန်ကား-ဒေါ်ရှုပိုတို့၏မိခင် ဒေါ်ရွှေအင်သည် ၇-၁-၂၀၁၇ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့**
**မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်**

# ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ရွှေအင်
## Tiger Shark Co.,Ltd, TZK Co.,Ltd & Victoria Cliff Hotel & Resort
## ဝင်းဝင်းပွဲရုံ
## အသက် (၇၅)နှစ်

ရက္ခာပူရသာသနာလင်္ကာရအသင်း (ရန်ကုန်)၊ ဘဏ္ဍာရေးမှူး၊ မဟာဝိဟာရဓမ္မဝိနယ တက္ကသိုလ်ဖောင်ဒေးရှင်း၊ အတွင်းရေးမှူး ဦးဇော်ဝင်း၏ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရွှေအင်သည် ၇-၁-၂၀၁၇ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အမှတ် ၉/၁၅၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရက္ခာပူရသာသနာလင်္ကာရအသင်း (ရန်ကုန်)နှင့်**
**မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်ဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
## ဦးကျော်ဦး
### (မိုးထိမိုးမိရွှေတောင်ကြီးဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ)
### (BBK ရွှေတူးဖော်ထုတ်လုပ်မှုကုမ္ပဏီ)
### အသက် (၆၅)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဆိုင်အမှတ် (၁၃၀)နေ ဒေါ်သန်းသန်းငွေ၏ခင်ပွန်း၊ ဦးထွန်းထွန်းသန်း-ဒေါ်ဝင်းဝင်း၊ ဦးဘိုဘိုကျော်-ဒေါ်ဝိုင်းစန္ဒာထွန်း၊ ကိုကျော်ဝင်းလှိုင်၊ မသီတာဝင်းအေးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးကျော်ဦးသည် ၈-၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀ နာရီတွင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားကြီးပွားတိုးတက်ရေး**
**ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
## ဦးကျော်ဦး
### (မိုးထိမိုးမိရွှေတောင်ကြီးဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ)
### (BBK ရွှေတူးဖော်ထုတ်လုပ်မှုကုမ္ပဏီ)
### အသက် (၆၅)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဆိုင်အမှတ် (၁၃၀)နေ ဒေါ်သန်းသန်းငွေ၏ခင်ပွန်း၊ ဦးထွန်းထွန်းသန်း-ဒေါ်ဝင်းဝင်း၊ ဦးဘိုဘိုကျော်-ဒေါ်ဝိုင်းစန္ဒာထွန်း၊ ကိုကျော်ဝင်းလှိုင်၊ မသီတာဝင်းအေးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးကျော်ဦးသည် ၈-၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀ နာရီတွင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာများ**
**အမျိုးသားကြီးပွားတိုးတက်ရေး၊ ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်**






## ပျောက်ဆုံးကြောင်း

ကျွန်တော် ဝသုန် CDC 84442 ၏ TANKER လက်မှတ်အမှတ် T 00056414မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၁၁၅၈၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/8346 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/7001 Pyay Light Truck (PLT-02) P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ငြိမ်း ၇/ပမန(နိုင်)၀၀၇၇၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇C/၈၉၃၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/1852 Nissan Diesel, Tractor Head (6x4)L ယာဉ်လက်ဝယ်ရှိသူ ဦးဟန်စိုးကျော် ၉/မနမ(နိုင်)၁၀၆၉၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၈၃၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးအာဇင် (ခ) ထွန်းရီ ၉/မမန(နိုင်)၀၂၃၈၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့် (ပျဉ်းမနား)
### အသက် (၈၄)နှစ်

(၁၉၈၆-၉၄) မတ်လ၊ ဥပဒေမှသူငယ်ချင်း စန္ဒာမြင့်(ခ)ရှားမီး၏မိခင်ကြီး ဒေါ်မြင့်မြင့်သည် အမှတ် (၁၄/၄၁)၊ ၂လမ်း၊ ဗဟိုမစိုးရိမ်ရွှေပြည်ရပ်၊ ပျဉ်းမနားမြို့၌ ၈-၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၆-၉၄ (March)**
**ဥပဒေကျောင်းသူ ကျောင်းသားဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းစန်းအေး (မြင်းခြံမြို့)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန
### အသက် (၈၃)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်ဥမ္မာကိုတို့၏မိခင်သည် ၉-၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ (ပြည်ပရောင်း)နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဒင် (ထားဝယ်)
**အကောက်ခွန်ဦးစီးမှူး(ငြိမ်း)**
**အသက်(၉၃)နှစ်**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့်ဇနီး ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်/ခရီး)တို့၏ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းမိသားစု**
**မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဒင် (ထားဝယ်)
**အကောက်ခွန်ဦးစီးမှူး(ငြိမ်း)**
**အသက်(၉၃)နှစ်**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့်ဇနီး ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်/ခရီး)တို့၏ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့်**
**မြို့နယ်ဦးစီးအရာရှိများ**
**ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်ညို (ပန်းချီမင်းညို)
**စစ်တွေမြို့**
**အသက်(၈၅)နှစ်**

ဒေါ်မလှမြင့်(ခ)မလှ(ပန်းချီရှင်လှ)၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်ညို (ပန်းချီမင်းညို)သည် ၁၀-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အမျိုးသားရေးဆောင်ရွက်သူတစ်ဦးဆုံးရှုံးခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစံလှမောင်၊ ဒေါ်အောင်သိန်းဝေ**
**ရန်ကုန်မြို့**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြူကြူ (မော်လမြိုင်)
**အသက်(၈၄)နှစ်**

ILBC ကျောင်းကျန်းမာရေးဌာနမှူး ဒေါက်တာကျော်မင်း၏မိခင်ကြီး ဒေါ်ကြူကြူ ကွယ်လွန်သွားခြင်းအတွက် ဆရာ့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ မိခင်ကြီး ကောင်းရာဘုံဘဝမှာ အေးချမ်းစွာရောက်ရှိ ခံစားနိုင်ပါစေ။

**မြန်မာစာဌာနမှ ဆရာမများ**
**ILBC**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သင်းသင်းအောင် (ရန်ကုန်)
**အသက်(၅၃)နှစ်**

ILBC-Sec:5(UK)မှ မောင်ညီခန့်အောင်၏မိခင် ဒေါ်သင်းသင်းအောင် ကွယ်လွန်သွားခြင်းအတွက် ညီခန့်နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဒေါ်သင်းသင်းအောင် ကောင်းရာသုဂတိလားပါစေ။

**ဆရာမနှင့်သူငယ်ချင်းများ**
**Sec:5 (UK) ILBC**

# အနိစ္စ

### ရဟန်းဒါယကာကြီး
## ဦးငွေဝင်း
**(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ယသဿဝတီလမ်း၊ အမှတ် ၁၁၁၉၊ လေးလွှာ(B)နေ (ဦးဘပု-ဒေါ်အုန်းကြည်)တို့၏သား၊ (ဦးမဲ-ဒေါ်မယ်ဝင်)တို့၏သားသမက်၊ ဒေါ်သန်းအေး၏ခင်ပွန်း၊ (ဦးညွန့်ဝေ)-ဒေါ်စန်းစန်းမော်၊ ဦးလှမြင့်-ဒေါ်ခိုင်ခိုင်ဇင်၊ ကိုရဲဝင်းနိုင်-မအေးအေးခိုင်၊ ကိုသိန်းထွဋ်ဝင်း-မအိအိမွန်၊ ကိုရဲလင်းနိုင်-မယဉ်ယဉ်ကြည်၊ မောင်ခင်ဇော်(Chatrium Hotel)-မဟေမာဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၉-၁-၂၀၁၇ရက်(တနင်္လာနေ့)ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အမှားပြင်ဆင်ချက်

၁၁-၁-၂၀၁၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၀)ပါ ဦးငွေဝင်း(၇၂)နှစ် နာရေးကြော်ငြာတွင် (ဦးမျိုးဝင်း)-ဒေါ်ငွေငွေမြင့် အစား (ဦးမျိုးဝင်း)-ဒေါ်ချစ်ချစ်ဝင်း၊ ဦးဇော်ဝင်း-ဒေါ်ငွေငွေမြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်တင်မြ
**(ရာ-၉၇၁)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အရှိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၁၀နေ (ဦးချစ်အေး)၏ဇနီးသည် ၉-၁-၂၀၁၇ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးမြဖေ
**(လက်ပံစု-ကင်းမော်) သံတွဲမြို့**
**(အမက-အုပ်၊ ငြိမ်း)**
**အသက်(၉၀)**

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု အမှတ်(၁)နယ်မြေ၊ အလယ်ရွာကျေးရွာနေ (ဦးစုကာ-ဒေါ်အေးမြင့်)တို့၏သား၊ (ဦးလှဖေ)၏ညီ၊ (ဦးမောင်ပု)၏အစ်ကို၊(ဒေါ်စိန်ချစ်)၏ခင်ပွန်း၊(ကိုသန့်ဇင်)-ဒေါ်မြင့်မြင့်မိုး၊ ကိုသန်းတန်-မတင်လှ၊ ကိုသန်းနိုင်-မဝါဝါခိုင်၊မစန်းစန်းဝင်း၊မသီတာစန်း-ကိုအောင်မျိုးနိုင်၊ ကိုသန်းစိုး (အဲယားမန္တလေး)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ် သုံးယောက်တို့၏ အဘိုးသည် ၁၀-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂-၁-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၁-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းတင် (မြိတ်)
**မီးသတ်ဦးစီးဌာန(ငြိမ်း)**
**အသက်(၉၂)နှစ်**

မြိတ်မြို့၊ အလယ်ကျွန်းရပ်နေ(ဦးသာမျိုး-ဒေါ်သင်)တို့၏သား၊ (ဦးရော်-ဒေါ်အေးဆိုင်)တို့၏သားသမက်၊ (ဒေါ်စောရီ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှမြင့်-ဒေါ်စန်းစန်းသိန်း၊ ဒေါက်တာတင့်လွင်-ဒေါ်နီလာသိန်း၊ Capt ခင်ဇော်သိန်း-ဒေါ်မေဦးခင်၊ (ဦးခင်ဗိုလ်သိန်း)-ဒေါ်ခိုင်ဇာဖူး၊(ဦးသီဟသိန်း)တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၉-၁-၂၀၁၇ရက် ဒေသစံတော်ချိန် နံနက် ၈နာရီတွင် အမေရိကန်နိုင်ငံ Los Angeles မြို့ နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းသိမ်း(ခ)ဦးဖိုးရင် (ဝင်းစာပေ)
**သတင်းစာကိုယ်စားလှယ်(မြစ်ကြီးနား)**
**အသက်(၇၆)နှစ်**

ဇန်းမော်မြို့၊ စစ်ကဲကုန်းရပ်နေ(ဦးစံတင့်-ဒေါ်စောမေ)တို့၏သား၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်နေ (ဦးထွန်းလှိုင်)-ဒေါ်ခင်ရှမ်းတို့၏မောင်၊ ဦးငွေ-ဒေါ်ထွေးထွေး(ယမုံနာစာပေ)တို့၏အစ်ကို၊ ဒေါ်စုစုဝင်း၊ ဒေါ်ယုယုဝင်း (ပြည်နယ်အား/ကာ)၊ ဦးအောင်နိုင်ဝင်း-ဒေါ်ဝင်းသိမ့် သိမ့်ထွေး(အမက၊ ပလန-၃)တို့၏ဖခင်၊ မထက်ထက်အောင်၏အဘိုးသည် ၁၀-၁-၂၀၁၇ရက် ည ၇း၃၀နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၇ရက်(စနေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဌေး(ခ)ဦးမျိုးညွန့် (ပွဲန်တန်ဆာမြို့)
**စာရေးဆရာကောင်းညွန့်**
**အယ်ဒီတာ(မြဝတီသတင်းစာတိုက်)**
**မြန်မာ့အလင်းသတင်းစာတိုက်(ငြိမ်း)**
**အသက်(၇၁)နှစ်**

ပွဲန်တန်ဆာမြို့နေ (ဦးသာအောင်-ဒေါ်စိုးမြင့်)တို့၏သား၊ ဦးအောင်ခင်ဦး (ကာတွန်းအနောင်)-ဒေါ်မြတ်မြတ်ထင်(Diana)၊ (ဦးခင်မောင်ကြည်)-ဒေါ်ခင်ဝင်းမြင့်သိန်း၊ (ဦးသိန်း)-ဒေါ်ခင်သန်းမြင့်၊ ဦးခင်မောင်မြင့်(အောင်ပြည့်)-ဒေါ်နွယ်နွယ်ညွန့်၊ ဦးအထွတ်ပန်-ဒေါ်ခင်အေးမြင့်တို့၏မောင်/ညီ၊ (ဒါရိုက်တာမောင်ဝဏ္ဏ-ဒေါ်ချိုချိုရီ)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် ၁၁၊ တက်တိုးနယ်ဥက္ကန်ဒို၊ အခန်း 2B နေ ဒေါ်ငွေရည်(အထက-၁၊ ဒဂုံငြိမ်း)၏ခင်ပွန်း၊ ဒေါ်နှင်းငုံ-ဦးလင်းထွဋ်ခေါင်၊ ဦးအောင်သိုက်-ဒေါ်သူသူဆွေ(Myanmar Kowa Co.,Ltd)တို့၏ဖခင်၊ မောင်ဟိန်းထွဋ်း၊ မောင်သွေးသန့်၊ မောင်သွေးသစ်တို့၏အဘိုးသည် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်အေး အသက်(၆၀)
**B.Sc (Geology)**
**MD, Grand Nectar Palace Co.,Ltd.**
**Hello Baby Snaks**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၁၀၉နေ(ဦးခေါပင်ရား-ဒေါ်ရှုချန်)တို့၏သား၊ဦးဟုတ်လှိုင်-ဒေါ်ရှုရီ(ကမ္ဘာကြီးပွဲရုံ)တို့၏သားသမက်၊ ဒေါက်တာခင်ဝင်းကြည်(MD,Ocean Glory Ltd.)၏ချစ်လှစွာသောခင်ပွန်း၊ မထက်ဥဝတ်ရည်(Final Part II,UM-I)၊မထက်ဥရွှေရည်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်သန်းဦး၊ ဦးသက်မင်း-ဒေါ်ခင်ဖုန်းတင့်၊ (ဒေါ်ခင်ခင်ထွေး)တို့၏ညီ/မောင်၊ ဒေါ်ဆွေဆွေ၊ ဦးဖုမိန်-ဒေါ်အေးအေးနု၊ ဦးကိုကိုလေး၊ ဒေါ်ခင်သန်းမြင့်တို့၏အစ်ကိုသည် ၉-၁-၂၀၁၇ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၇ရက် (သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်အေး အသက်(၆၀)
**B.Sc (Geology)**
**MD, Grand Nectar Palace Co.,Ltd**
**Hello Baby Snaks**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊လှည်းတန်းလမ်း၊ အမှတ် ၁၀၉နေ(ဦးခေါကင်ရား-ဒေါ်ရှုချန်)တို့၏သား၊ ဦးဟုတ်လှိုင်-ဒေါ်ရှုရီ(ကမ္ဘာကြီးပွဲရုံ)တို့၏သားသမက်၊ ဒေါက်တာခင်ဝင်းကြည် (MD, Ocean Glory Ltd)၏ ချစ်လှစွာသောခင်ပွန်း၊ မထက်ဥဝတ်ရည် Final Part II, UM (I)၊ မထက်ဥရွှေရည်တို့၏ ချစ်လှစွာသောဖခင်၊ ဦးခင်စိုး-ဒေါ်စိုးစိုးနွယ်တို့၏ညီ/မောင်၊ ဒေါက်တာကိုကိုထွေး-ဒေါ်ဝင်းဝင်းမြင့်၊ ဦးချိုမောင်-ဒေါက်တာကြည်ကြည်ဝေ၊ ဦးမြင့်စိုး-ဒေါက်တာအေးအေးမော်တို့၏အစ်ကိုသည် ၉-၁-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ဖြိုးခန့်ကျော်
**B.E (Mech ;) 2016-17 Batch**
**အသက်(၂၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ပါရမီ၊မြစ်ပါယ်လမ်း၊အမှတ် ၄၀/၁၀ (ခ)နေ ဦးဇော်ထွေး (Chief Officer) - ဒေါ်ငွေငွေဦးတို့၏သား၊ မပွင့်ဝတ်ရည်ထွေး(System Engineer, Virginia, USA)၊ ဒေါက်တာချိုချို [M.B.,B.S Im (1)]တို့၏မောင်၊ ရန်ကုန်မြို့နေ [ဦးတင်ထွေး (ဟသ်ာဝတီခရိုင်ဝန်၊ အငြိမ်းစား)-ဒေါ်တင်တင်]၊ မန္တလေးမြို့နေ (ဦးတင်မောင်)-ဒေါ်ခင်သိန်းတို့၏မြေးသည် ၁၀-၁-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၆း၁၅နာရီတွင် ရန်ကုန်ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၁၆-၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ကြည်
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇) ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် ၁၉ နေ (ဦးတင်ထွန်း)-ဒေါ်ခင်သန်းတို့၏သမီး၊ (ဒုတိယရဲမှူး ဦးကျော်လှ၊ မရမ်းကုန်းမြို့နယ်မှူး)၏ချစ်လှစွာသောဇနီး၊ (ဦးမျိုးသန်း)-ဒေါ်သန်းမြင့်၊ (ဦးမျိုးထွန်း)-ဒေါ်နီလာတို့၏ညီမ၊ ဦးမျိုးလှ-ဒေါ်ခင်ခင်အေး၊ ဒေါ်နှင်းယုဝေ-ဦးတင်အောင်၊ ဒေါ်ခင်သက်ဆွေ-ဦးသောင်းစိန်၊ ဦးထင်ကျော်-ဒေါ်ချိုမာအေးတို့၏အစ်မ၊ ဦးအောင်ကျော်မြင့်(2nd Mate FG)-ဒေါ်ကေဇာထွန်း၊ဗိုလ်ကြီးရာပြည့်မောင်မောင်-ဒေါက်တာသဇင်(သရုပ်ပြ၊ ဆေး-၁)တို့၏ချစ်လှစွာသောမိခင်၊မြေးနှစ်ယောက်တို့၏အဘွားသည် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ
### နိုင်ငံတော်သြဝါဒါစရိယ
## ဘဒ္ဒန္တအာဒိစ္စ မဟာထေရ်
**သက်တော်(၉၉)နှစ်၊ သိက္ခာတော်(၈၀)**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကတိုးစံပြကျေးရွာ၊ မဟာရင်ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်း၏ဂဏာဓိပတိ၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စ မဟာထေရ်သည် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၁၄ရက်) ၁၁-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) ၂၂-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ကတိုးစံပြကျေးရွာသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပရေးကော်မတီ

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝိဇယ
**သက်တော်(၈၀)၊ သိက္ခာတော်(၆၀)**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစု(ဝါးပြား)ရပ်ကွက်၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ ရှမ်းပိဋကတ်ဘာသာပြန် သံဃနာယကအဖွဲ့ချုပ် အနုနာယက၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ကျမ်းပြုဂန္ထကာရက၊ ဝိနယဂရုက၊ ကမ္ဘာ့ဗုဒ္ဓဘာသနာပြု အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာဓမ္မသာမိ၏ မူလဆရာဖြစ်တော်မူသော တောင်ကြီးမြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီး ဘဒ္ဒန္တဝိဇယ မဟာထေရ်သည် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၈ရက်) ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၄း၅၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ကြောင်း ဆရာတော်ကြီး၏ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်များနှင့် တပည့်ဒါယက၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ကျင်းပမည့်ရက်နှင့် အသေးစိတ်အစီအစဉ်ကို ထပ်မံကြေညာပါမည်။)

ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့်
ဒါယကာ၊ ဒါယိကာမများ

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်အမာလွင်(ခ)
## ဒေါ်အမာ (မိတ္ထီလာ)
**အသက်(၉၁)နှစ်**

မိတ္ထီလာမြို့နေ (ဦးဘိုးညွန့်-ဒေါ်ပု)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်၊ ဂျပန်ကွက်သစ်၊ ရွှေတစ်ချောင်းလမ်း၊ အမှတ် ၂၀(က)နေ ဦးခင်မောင်ကြီး (မန်နေဂျာ၊ ကုန်စည်၊ ငြိမ်း၊ မြန်မာ့မီးရထား)၏ဇနီး၊ ဆလိုင်းဦးစိုးလွင်ဦး(TTE-မမ ငြိမ်း)-ဒေါ်စန်း၊ဦးမျိုးဝင်း(လ/ထအင်ယာ၊ MRTV-ငြိမ်း)-မိုင်ခင်မူလွင်၊ ဆလိုင်းချိုချိုလွင်(ရပက-ကျောက်မဲ၊ မမ)-ဒေါ်သီတာ၊ ဦးသက်အောင်(ဒကကမ၊ ငြိမ်း) - မိုင်စီစီလွင်၊ (ဆလိုင်းအေးလွင်)၊ ဆလိုင်းညီညီလွင် (ASTRO FACIFLC Co.,Ltd.)-ဒေါ်မွှေးမွှေးဝင်း၊ ဦးစိုးပိုင်(ရဲအုပ်၊ မြို့နယ်မှူးရုံး၊ လားရှိုး)-မိုင်သူဇာလွင်(ဆေးရုံကြီး၊ ပြည်မြို့)၊ ဆလိုင်းမျိုးမြင့်လွင်တို့၏မိခင်၊ မြေး ၁၁ယောက်၊မြစ်ငါးယောက်တို့၏အဘွားသည် ၁၀-၁-၂၀၁၇ရက် ညနေ ၅း၃၀နာရီတွင် ပြည်မြို့ အောင်ဇော်ဦးဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဉာဏသီ
**သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၃၈)ဝါ**

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့၊ယုဇနရပ်ကွက်၊ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာကြီး ဒေါ်ဉာဏသီသည် ၄-၁-၂၀၁၇ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးမဟာသရေစည်သူကျော်ဝင်း(ငြိမ်း)-**
**(ဒေါ်စန်းစန်းရီ) မိသားစု**

## ဦးစံရွှေဘော်(မင်းပြား) အသက်(၇၅)နှစ်
**ဦးစီးအရာရှိ(ငြိမ်း)၊ သစ်တောဦးစီးဌာန**

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ လက်မယာကျေးရွာနေ (ဦးသာကျော်-ဒေါ်မြဒါဖြူ)တို့၏သား၊ (ဦးမောင်ဘညွန့်-ဒေါ်မစိန်ညွန့်)တို့၏သားသမက်၊ ဒေါ်သာဦးဖြူ၏မောင်၊ ဦးမောင်စံကျော်၏ညီ၊ ဒေါ်မသောင်းညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဦးထွန်းမောင်(သစ်တောဦးစီးဌာန)-ဒေါ်ဝေလှဖြူ(ကျန်းမာရေးဦးစီးဌာန)၊ဒေါ်မမြသန်း(သစ်တောဦးစီးဌာန)-ဦးကျော်ဝင်းမင်း(သစ်တောဦးစီးဌာန)၊ ဒေါ်အေးမြခင်၊ ဒေါ်ငွေငွေ(ကထိက၊ ဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်)၊ တပ်ကြပ်ကြီးစာရေး မျိုးမျိုး-ဒေါ်ကြည်ကြည်၊ ဒေါ်မိုးမိုး(အလပြ)-ဦးမောင်လှဆန်း(သစ်တောဦးစီးဌာန)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးရှင်သည် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၅နာရီတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်အသည်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ် ၃၄၇၊ ဇောတိက ၂လမ်း၊ကျောက်ရေတွင်းရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်ရှိ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးမိုးအောင်
**DIGITAL CLASSIC**
**PHOTO LAB&STUDIO**
**B.E (E.P) 1996**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊မဟာဗောဂလမ်း၊ အမှတ် ၁၀နေ ဦးအေးဝင်း-ဒေါ်ခင်သန်းဝင်းတို့၏သား၊ ဦးကြီးစိန်-ဒေါ်လှကြည်တို့၏သားသမက်၊ဒေါ်ခင်ဝင်းဝင်းရွှေ၏ခင်ပွန်း၊ မောင်အောင်ဇေဖြိုး(2nd M.B ဆေးတက္ကသိုလ်-၁)၊ မအေးမွန်စံ (ဒုတိယတန်း၊ အမက-၁၀၊ ဒဂုံ)တို့၏ဖခင်သည် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## Ismil Faisal (ခ)
## ဦးအောင်မိုး အသက်(၄၈)နှစ်
**Akhai Co.,Ltd-KARACHI**
**PAKISTAN**
**အထက(၁)ဒဂုံကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ အမှတ် ၂၆၊ ၁၀၁လမ်းနေ (ဦးမောင်မောင်)-ဟာဂျီမဒေါ်ခင်ခင်ရွှေ(ခ) ဖာတမာဘီဘီပတေးလ်တို့၏သား၊ ပါကစ္စတန်နိုင်ငံ၊ ကရာချီမြို့နေ Ammna ၏ခင်ပွန်း၊ HAWA.I.F ၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်စပ္ပာယ်မောင်မောင်၊ဒေါ်ခင်နှင်းဆီမောင်မောင်-(ဦးလင်းဖေခင်)၊ဒေါ်ခင်မဉ္ဇူမောင်မောင်-ဟာဂျီ ဦးရဲထွဋ်တို့၏မောင်၊ (ဟာဂျီ ဦးထိန်ဝင်း) - ဒေါ်သန္တာကျော့တို့၏မောင်၊ ပြည့်ဖေခင်၊ ခင်မြတ်နိုးထွဋ်၊ ယမင်းထိန်ဝင်း၊ ဇော်ဖေခင်၊ ခိုင်မိုးဇော်တို့၏ဦးလေးသည် ၉-၁-၂၀၁၇ရက် (တနင်္လာနေ့) ည ၇း၁၅နာရီတွင် ပါကစ္စတန်အချိန်၊ ကရာချီနေအိမ်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၁၀-၁-၂၀၁၇ရက်တွင် ကရာချီမြို့ ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ရင်ရင်ငွေ
**(Helen Saw Nann)**
**(တောင်ကြီး)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၃လမ်း၊ အမှတ် ၁၀၇ (ဒုတိယထပ်)နေ (ဒေါက်တာစောနန်း-ဒေါ်သန်းတင်)တို့၏သမီး၊ [ဦးမောင်မောင်အေး (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရေနံ/ဓာတု၊ စီမံရေးရာဌာန၊ ယခင် P.I.C)]၏ချစ်လှစွာသောဇနီး၊ ဒေါက်တာဦးခင်မြင့်အောင်-ဒေါက်တာဒေါ်ခင်အေးစီ(Los Angeles မြို့၊ U.S.A)၊ဦးမင်းစီ-ဒေါ်သီတာထွန်း (Los Angeles မြို့၊ U.S.A)၊ (ဦးဉာဏ်မျိုးစီ)၊ Mr. Abraham-ဒေါ်သင်းသင်းစီ(United Nations, New York)၊ ဒေါ်ခင်မျိုးစီတို့၏မိခင်၊ မောင်ထူးမြတ်@Nick ၊ မောင်ထွန်းမင်းစီ(ခ)ထွန်းမင်းမြတ်၊ မမေစီထွန်း၊ မအေးစီထွန်းတို့၏ ဘွားဘွားသည် ၁၀-၁-၂၀၁၇ရက် (အင်္ဂါနေ့)တွင် အမေရိကန်ပြည်ထောင်စု Los Angeles မြို့ရှိ နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပုဂံဒေသရှိ အာနန္ဒာဘုရားပွဲတော်သို့ ဒေသခံကျေးရွာများမှ ရိုးရာပေါင်းမိုးလှည်းများဖြင့်လာရောက်



**ရဲသူရအောင်(ညောင်ဦး)**

**ညောင်ဦး ဇန်နဝါရီ ၁၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၌ လမြတ်ပြာသိုအချိန်အခါတွင် နှစ်စဉ်ကျင်းပ ပြုလုပ်မြဲဖြစ်သည့် အာနန္ဒာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခင်နှစ်များ နည်းတူ ပွဲဈေးတန်းခင်းကျင်း၍ ပျော်ပွဲရွှင်ပွဲများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပုဂံဒေသအတွင်းရှိ ကျေးရွာများမှ ပြည်သူများသည် ဘုရားပွဲတော်သို့ ရိုးရာမပျက် ပေါင်းမိုးလှည်းများဖြင့် လာရောက်ကြပြီး အာနန္ဒာဘုရားကြီး၏ အရပ်လေးမျက်နှာရှိ ဘုန်းတော်ကြီးကျောင်းများ၊ ကွင်းပြင်မြေလွတ်များ၌ ယာယီတဲများထိုး၍ ချက်ပြုတ်စားသောက်ကာ နေထိုင်လျက်ရှိသည်။ အဆိုပါ ပေါင်းမိုးလှည်းများအဖွဲ့သည် လဆန်း ၇ ရက်၊ ၈ ရက်ကတည်းက ဘုရားပွဲတော်သို့ ရောက်ရှိနေကြပြီး ပြာသိုလပြည့်နေ့ ဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းပွဲတွင် ၎င်းတို့၏ လယ်ယာစိုက်ခင်းများမှ ထွက်ရှိသည့် သီးနှံအမျိုးမျိုးကို ဘုရားကြီးအား ကပ်လှူပူဇော်ပြီးမှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များနှင့် ဓာတ်ပုံပညာရှင်များကလည်း အဆိုပါ ပေါင်းမိုးလှည်းအဖွဲ့များ၏ အသွားအပြန်ခရီးနှင့် ရိုးရာဓလေ့စရိုက်များကို စိတ်ဝင်တစား လာရောက်လေ့လာ မှတ်တမ်းတင်လျက်ရှိကြရာ ပုဂံဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်လျက်ရှိကြောင်း သိရသည်။

(ယနေ့) မာတိကာ


**မြန်မာနိုင်ငံအခြေပြု နိုင်ငံတကာသံတမန်များအဖွဲ့ မောင်တောဒေသအတွင်း ကွင်းဆင်းလေ့လာ** ......... စာ - ၉

**အမေရိကန်နှင့် မက္ကဆီကိုကြား တည်ဆောက်မည့် တံတိုင်းကြီး၏ သက်ရောက်မှုများ** ......... စာ - ၁၁

**၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဇန်နဝါရီ ၁၄ ရက်စတင်မည်** စာ - ၁၄


# မိုးသည်းထန်ပြီး ရေနစ်မြုပ်မှုကြောင့် နေအိမ်အချို့ ပြောင်းရွှေ့နေရ

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

**တနင်္သာရီ ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် ဇန်နဝါရီ ၇ ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဇန်နဝါရီ ၁၀ ရက် ညနေပိုင်းမှစတင်ကာ ရေနစ်မြုပ်ခဲ့သဖြင့် ချောင်းလမုရွာမှ အိမ်ထောင်စု ၅၇ စုမှ လူဦးရေ စုစုပေါင်း ၂၉၈ ဦးတို့ကို ချောင်းလမုကျေးရွာ ဓမ္မရက္ခိတဘုန်းတော်ကြီး ကျောင်းသို့ သိန်ခွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြတ်ဇော်နှင့် ရာအိမ်မှူးများ၊ တပ်မတော်သားများနှင့် အခြားလူမှုရေး အဖွဲ့များပူးပေါင်းလျက် ပြောင်းရွှေ့နေရာချထားပေးခဲ့ရသည်။

အလားတူ သိန်ခွန်းကျေးရွာအုပ်စု-တာပလပ်ကျေးရွာမှ လူနေအိမ် ခုနစ်လုံး၌လည်း ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ရေကြီးမှုဖြစ်ပွားသောနေရာကို ယနေ့ နံနက် ၇ နာရီက တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလွှမ်းမိုးအောင်၊ မြို့မရဲစခန်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြပြီး လူနှင့် အိမ်မွေးတိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှု မရှိကြောင်း သိရသည်။









# ရန်ကုန်မြို့ ဘတ်စ်ကားလိုင်းများ စနစ်သစ်ဖြင့် စတင်ပြေးဆွဲမည့် ရက်သတ္တပတ်အတွင်း ပါဝင်ကူညီပေးမည့် စေတနာ့ဝန်ထမ်းများ ဖိတ်ခေါ်

■ **ဆုနှင်းလဲ့**

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်မြို့၌ ယခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ မြို့ပြဘတ်စ်ကားလိုင်းများ စနစ်သစ်ဖြင့် စတင်ပြောင်းလဲပြေးဆွဲမည်ဖြစ်ရာ အများပြည်သူ၏ အခက်အခဲများကို ပါဝင်ကူညီဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှုမှ ဇန်နဝါရီ ၁၆ ရက် ယာဉ်လိုင်းများ

စာမျက်နှာ ၅ ကော်လံ ၅ ✻

